# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၄၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၃ ရက်၊ အင်္ဂါနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

# အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များပါဝင်ဆွေးနွေးဆုံးဖြတ်ခြင်းဖြင့် ပို၍မှန်ကန်သည့်ဆုံးဖြတ်ချက် ရနိုင်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၂**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ ရက်နံနက် ၉ နာရီက နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ် Grand Ballroom ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် အဓိက ခေါင်းစဉ်ကြီး (၅)ခုပါဝင်ပြီး ပထမအချက်မှာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်နှင့် ပတ်သက်သည့် မူဝါဒများကို ပြန်လည်သုံးသပ်ကာ ခေတ်နှင့်အညီ လိုအပ်သလိုပြင်ဆင်ရေးဆွဲသွားရန် ဖြစ်ပါကြောင်း၊ ထိုအချက်နှင့်ပတ်သက်၍ လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များထဲတွင်သူနာပြုဌာန၊ သူ့အဆင့်နှင့်လျော်ညီသည့် ဆရာဝန်များ၊ ဆရာမများ၊ ကျွမ်းကျင်သူများလိုအပ်ပါကြောင်း၊ ကျေးလက်အခြေခံကျန်းမာရေးလုပ်သားများလိုအပ်ပါကြောင်း၊ *စာမျက်နှာ ၈ ကော်လံ ၁* ❁

## အငြိမ်းစားဝန်ထမ်း၊ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ၏ အချိန်ပိုင်းဝန်ဆောင်မှုနှင့် မလုံလောက်ပါက ငှားရမ်းဆောင်ရွက်နိုင်မည့် နည်းလမ်းဖြစ်သည့်နိုင်ငံခြားရောက်မြန်မာနိုင်ငံသားများ သို့တည်းမဟုတ် နိုင်ငံခြားသားများကို ခေါ်ယူဆောင်ရွက်ပါက ဖြစ်နိုင်ခြေရှိမရှိ ဆွေးနွေးသုံးသပ်ဆုံးဖြတ်ပေးကြရန်လို


အိန္ဒိယနိုင်ငံ၏ ၂၉ ခုမြောက်ပြည်နယ်အဖြစ် အန်ဒရာပရာဒက်ရှ်ပြည်နယ်မှ ပြည်နယ်သစ်ခွဲထွက် စာ » ၄

မွန်ပြည်နယ်တွင် မေ ၂၇ ရက်မှစ၍ လျှပ်စစ်ဓာတ်အားများ ၂၄ နာရီ စတင်ပေးဝေနိုင်ပြီ စာ » ၈

နမ့်ခမ်း၌ တိုင်းရင်းသားများအား ကျန်းမာရေးအခမဲ့ကုသပေး စာ » ၁၁

ဖြူးမြို့နယ်တွင် တစ်ရက်တည်း မိုးကြိုးနှစ်ကြိမ်ပစ်၊ နှစ်ဦးသေဆုံး စာ » ၁၃


ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

# မီးရထားလမ်းတစ်လျှောက်နှင့် ဘူတာရုံဝန်းကျင်မြေများကို ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာများလုပ်ဆောင်ရန် ငှားရမ်းမည်

သတင်းနှင့်ဓာတ်ပုံ
စိုးဝင်း(SP)

**ရန်ကုန် ဇွန် ၂**

မြန်မာ့မီးရထားက ရထားစီးခရီးသည်များ အဆင်ပြေစေရေးနှင့် မြန်မာ့မီးရထား ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိနေရာ ရထားသွားလာရေးနှင့် စီးပွားရေးလုပ်ငန်းများမှ ရရှိလာသောဝင်ငွေများအပြင် ရထားလုပ်ငန်းနှင့် တိုက်ရိုက် မသက်ဆိုင်သောလုပ်ငန်းများမှလည်း ဝင်ငွေတိုးတက်လာစေရန်အတွက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆောင်ရွက်ချက်များအရ ရန်ကုန်ဘူတာကြီးအဆင့်မြင့်တိုးတက်ရေးစီမံကိန်းနှင့် ရန်ကုန်-မန္တလေးတစ်လျှောက်ရှိ Optical ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းများအတွက် *စာမျက်နှာ ၅ ကော်လံ ၄* ✻



နိုင်ငံတကာဘူတာရုံများပတ်ဝန်းကျင်ရှိ မြေများကိုဆက်သွယ်ရေးမိုဘိုင်းတာဝါများအပါအဝင် မိုက္ကရိုဝေ့ဖ်တိုင်များနှင့် အခြားဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။


BBB

ဘီသုံးလုံး ကားအရောင်းစင်တာ

Specializes in Wagons(4WD)

38+40 ၊ကမ္ဘာ့အေးဘုရားလမ်း(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။

Phone: 09-7320-7777

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရှေ့သို့သာ တက်လှမ်းမည်

လက်ရှိနိုင်ငံတော်အစိုးရတာဝန်ယူပြီး တစ်နှစ်ခန့်အကြာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပါသည်။ ထိုစဉ်က သူပြောကြားသွားခဲ့သောစကားတစ်ခွန်းမှာ လက်ရှိမြန်မာအစိုးရအနေဖြင့် အရှိန်အဟုန်ရနေသော ခြေလှမ်းများမှ သွေဖည်မသွားဘဲ နောက်ကြောင်းပြန်မလှည့်သွားရန်လိုကြောင်းပြောကြားခဲ့သည်ကို သတိပြုမိပါသည်။

ဒီမိုကရေစီစနစ်ကို အုတ်မြစ်ချဖော်ဆောင်နေသည့်လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်ကိုထမ်းဆောင်ခဲ့သည်မှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ ဒီမိုကရေစီလမ်းကြောင်းဖြတ်သန်းရာတစ်လျှောက်တွင် ပြည်သူဗဟိုပြုစနစ် ပြုပြင်ပြောင်းလဲမှုနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး အစရှိသဖြင့် ဘက်ပေါင်းစုံမှတိုးတက်ပြောင်းလဲလာသည်ကိုတွေ့ရပေသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြီးခဲ့သည့် မေလကုန် ရေဒီယိုမိန့်ခွန်းတွင် ဤသို့ပြောကြားခဲ့ပါသည်။ “ခေတ်စနစ်မျိုးစုံက ရွေးချယ်ပုံဖော်ခဲ့တဲ့ နိုင်ငံရေးပုံစံများနဲ့ ပြဋ္ဌာန်းသတ်မှတ်ချက်များကြောင့် မိမိတို့အချင်းချင်းအကြား သံသယကြီးမားမှုကို အမြစ်တွယ်စေခဲ့တာဖြစ်ပါတယ်။ အကောင်းမြင်လွန်းခြင်း(သို့မဟုတ်) အဆိုးမြင်လွန်းခြင်းဟာ လက်ရှိနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို လက်တွေ့ အရှိတရားနဲ့ကင်းကွာစေတဲ့ ရှုမြင်မှုအမျိုးမျိုးကို ပေါ်ပေါက်စေပါတယ်။ အခုလို သံသယကြီးမားမှုများ ကာလကြာရှည်စွာအမြစ်တွယ်ခဲ့တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်အနေနဲ့ ဘက်စုံပြုပြင်ပြောင်းလဲရေးပြုလုပ်တဲ့အခါမှာ အခက်အခဲများစွာရှိနိုင်ခြင်းကို မိမိတို့အနေနဲ့ လက်ခံနိုင်ရမှာဖြစ်သော်လည်း ပြုပြင်ပြောင်းလဲရေး အရှိန်အဟုန်ကို ထိန်းသိမ်းထားနိုင်ခြင်းနဲ့ ရရှိပြီးဖြစ်တဲ့ အဆင့်ဆင့်တက်လှမ်းနိုင်မှုမှ နောက်ကြောင်းပြန်လှည့်ခြင်းကို ရှောင်ရှားနိုင်ခြင်းဆိုတဲ့ နိုင်ငံရေးအခြေအနေတစ်ခုကို ဖန်တီးနိုင်ခဲ့တယ်ဆိုတဲ့ အချက်ကတော့ ငြင်းဆိုလို့ မရတဲ့အရှိတရားပဲဖြစ်ပါတယ်” ဟူ၍ ပြောကြားခဲ့ပါသည်။

ဤသို့ အဆင့်ဆင့်တက်လှမ်းနိုင်ခြင်းမှာလည်း ကျွန်ုပ်တို့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏သဘောထားကြီးမားမှု၊ စိတ်ရှည်သည်းခံမှုနှင့်ဖွဲ့လုံ့လဝီရိယစိုက်ထုတ်ကြိုးစားမှုများကြောင့်ပင် ဖြစ်ပါသည်။ ဤသို့ လုပ်ဆောင်နိုင်မှု၏ အဓိကအချက်မှာ မတူကွဲပြားမှုများကို ဖယ်ရှားပြီး တူညီသောအချက်များကို ပေါင်းစုကာ အချင်းချင်းအပြန်အလှန်ညှိနှိုင်းဆွေးနွေးခြင်းတည်းဟူသော နိုင်ငံရေးယဉ်ကျေးမှုသစ်ကို လက်ခံကျင့်သုံးလာခြင်း၏ရလဒ်ကောင်းများပင်ဖြစ်ပါသည်။

ဤသို့ နိုင်ငံရေးယဉ်ကျေးမှုသစ်ကို လက်ခံကျင့်သုံးပြီး ရလဒ်ကောင်းများ ရှာဖွေလာနိုင်သည်နှင့်အမျှ တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် တက်လှမ်းနိုင်မည်ဖြစ်ပါသည်။ ပေါ်ပေါက်လာသော အခက်အခဲအကျပ်အတည်းများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးညှိနှိုင်းပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ခြင်းဖြင့် အခက်အခဲများကျော်လွှားနိုင်သည့် အလေ့အကျင့်ကောင်းများသည် ရှေ့သို့တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနိုင်မည်ဖြစ်ပါသည်။ ဤနည်းလမ်းကောင်းသည် နိုင်ငံရေးတည်ငြိမ်အောင် ဆောင်ရွက်နိုင်ခြင်း၏ နည်းလမ်းကောင်းလည်းဖြစ်ပါသည်။ ဤနည်းလမ်းကောင်းကို လက်ကိုင်ပြုထားသရွေ့ မည်သည့်အခါမျှ နောက်ကြောင်းပြန်ရောက်နိုင်မည်မဟုတ်ပါ။ နိုင်ငံရေးတည်ငြိမ်လာသည်နှင့်အမျှ အခြားသော လူမှုရေး၊ စီးပွားရေးတို့သည်လည်း အဘက်ဘက်မှ တိုးတက်ကာ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းသွားနိုင်မည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# Road to Safety Seminar ကျင်းပ

**ရန်ကုန် ဇွန် ၂**

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကျင့်ထုံးကောင်းများကို အားပေးမြှင့်တင်ရန်နှင့်ဘေးကင်း၍ ကျန်းမာရေးနှင့်ညီညွတ်သည့်လုပ်ငန်းခွင်ဖြစ်ပေါ်လာစေရန်ရည်ရွယ်လျက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် Global Enchanting Education Centre တို့ပူးပေါင်း၍ Road to Safety Seminar ကို ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI အစည်းအဝေးခန်းမ၌ မေ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုသည် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်းရှိနေရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၇ ဒသမ ၇၅ ရာခိုင်နှုန်းလောက်အထိ တိုးလာနိုင်သည်ဟု IMF က ခန့်မှန်းထားပါကြောင်း၊ ဘဏ္ဍာရေးကဏ္ဍမှာ ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျဆောင်ရွက်နိုင်လျှင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုများ လမ်းပွင့်လာနိုင်သလို ၂၀၁၅ ခုနှစ်အရောက်တွင် မြန်မာနိုင်ငံအပါအဝင်ဖြစ်သည့် အာဆီယံဒေသ၏ စီးပွားရေးဝန်းကျင်တည်ဆောက်မှုက အကျိုးအမြတ်များ ပိုမိုခံစားရနိုင်သည်ဟု IMF က ခန့်မှန်းထားပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကလည်း မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို နှစ်စဉ် ၆ ရာခိုင်နှုန်းကျော် ထိန်းထားနိုင်မည်ဆိုလျှင် ၂၀၃၀ ပြည့်နှစ်မတိုင်ခင် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံတစ်ခုဖြစ်လာနိုင်သည်ဟု ပြောထားပါကြောင်း။

နိုင်ငံတကာနှင့် ဒေသတွင်းက ဘဏ္ဍာရေးအဖွဲ့အစည်းတွေ ကိုယ်တိုင် မြန်မာနိုင်ငံ၏စီးပွားရေးအလားအလာကောင်းများအပေါ် အကောင်းမြင် ဟောကိန်းထုတ်နေကြသည့်အတွက် မြန်မာနိုင်ငံကို ပြည်ပမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) များ ပိုမိုဝင်ရောက်လာနိုင်မည့် အလားအလာများ ရှိနေပါကြောင်း၊ ILO မှ ထုတ်ပြန်ထားသော စာရင်းဇယားများအရ တစ်ကမ္ဘာလုံးမှာ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုကြောင့် တစ်နှစ်တွင်အလုပ်သမားနှစ်သန်းကျော်ခန့် သေဆုံးလျက်ရှိနေပြီး မတော်တဆထိခိုက်မှုကြောင့် ဆုံးရှုံးမှုမှာ သက်ဆိုင်ရာနိုင်ငံများ၏ အမျိုးသားအသားတင်ထုတ်ကုန်တန်ဖိုး GDP ၏ ၄ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းထိရှိသည်ကို လေ့လာသိရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အမှုကြီး ၁၀ မျိုးအပါအဝင် တစ်နိုင်ငံလုံးတွင်ဖြစ်ပွားခဲ့သောမှုခင်းအားလုံးအနက် လုပ်ငန်းခွင်မတော်တဆမှု၊ ပေါ့လျော့မှုနှင့်ဂရုမစိုက်မှုတို့ကြောင့် ဖြစ်ခဲ့သော သေဆုံးဒဏ်ရာရမှုမှာ နှစ်စဉ် ၂၅ ရာခိုင်နှုန်းခန့်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ စက်မှုကဏ္ဍ၏ သက်ရောက်မှုဖြစ်သော Industrial Impact များကို လျစ်လျူရှုပြီးဆောင်ရွက်၍ မဖြစ်နိုင်ပါကြောင်း၊ အလုပ်သမားများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကိစ္စများကို ချန်ထားဆောင်ရွက်၍မရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကိုအဓိကမောင်းနှင်အားပေးမည့်လုပ်သားအင်အားထုသည် စွမ်းဆောင်ရည်ပြည့်ဝနေရန်နှင့် ကျန်းမာကြံ့ခိုင်နေရန်လိုအပ်ပါကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်ရာတွင် အမြတ်အစွန်း တစ်ခုတည်းကိုသာ မကြည့်ဘဲ လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးကို တာဝန်ယူဆောင်ရွက်သည့်စနစ်ဖြစ်သော Corporate Social Responsible (CSR) ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုပါကြောင်း၊ အလုပ်သမားများ၏ လူမှုဘဝနှင့် ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းခွင်မှာ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်နိုင်ခြင်းသည်လူ့အဖွဲ့အစည်းတစ်ရပ်အတွက်သာမက သက်ဆိုင်ရာလုပ်ငန်းများ၊ ကုမ္ပဏီများနှင့် အလုပ်ဌာနများအတွက် ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းကိုပါ တိုးတက်စေသလို ဂုဏ်သိက္ခာမြင့်မားမှုကိုပေးစွမ်းနိုင်ကြောင်း အသိအမှတ်ပြုရမှာဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပြခန်းများ ကိုလှည့်လည်ကြည့်ရှုကာ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်တို့နှင့် သီးခြားတွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး Global Enchanting Education Centre၊ Managing Director ဒေါ်ခင်ဆွေဝင်းကိုက Road to Safety Seminar ပြုလုပ်ရခြင်းအကြောင်းအရင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဥက္ကာသိန်းက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်မှ ချီးမြှင့်မည့် ASEAN OSHNET Excellence Awards နှင့် Best Practices Awards များအကြောင်းကိုလည်းကောင်း၊ Global Enchanting Education Centre၊ Senior Trainer ဦးအောင်ကိုး၊ စင်ကာပူနိုင်ငံ Safety @ Work Consultancy Pte Ltd ဒါရိုက်တာ Mr.Raj Singh တို့မှလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများမှ သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ထင်သာမြင်သာပြုပြင်စရာ



# ကျောင်းအဝင်တံတားပျက်စီးမှု အချိန်မီပြုပြင်ရန်လိုအပ်

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအဝင် ကွန်ကရစ်တံတားငယ်သည် လူသွားလမ်းအဝင်တည့်တည့်တွင် မြင်မကောင်းအောင်ပေါက်ပြဲပျက်စီးလျက်ရှိပြီး ကျောင်းဖွင့်ရာသီရောက်ရှိနေပြီ ဖြစ်သဖြင့် မကြာမီ အဆိုပါကျောင်းတွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအတွက် ထိခိုက်အန္တရာယ် ဖြစ်စေနိုင်ပြီး ပျက်စီးပေါက်ပြဲနေသော တံတား၏ အောက်တွင်လည်း ချောင်းငယ်နှင့် ရေကန်တစ်ဆက်တည်းဖြစ်နေသောကြောင့် မိုးရာသီတွင် ကျောင်းသားကျောင်းသူများ အဆိုပါ ပျက်စီးပေါက်ပြဲနေသော တံတားမှ ဖြတ်သန်းသွားလာရာတွင် မတော်တဆကျွံကျကာ ထိခိုက်အန္တရာယ်ဖြစ်နိုင်သောကြောင့် အချိန်မီပြုပြင်ပေးရန်လိုအပ်ကြောင်း တွေ့ရသည်။

**ထွန်းတောက်**




## All Regional ဆရာပူဇော်ပွဲ နှင့် မိတ်ဆုံညစာစားပွဲ ဖြစ်မြောက်ရေး စုံညီ အစည်းအဝေး ဖိတ်ကြားခြင်း

ဒေသကောလိပ် မန္တလေး

မန္တလေးတိုင်းဒေသကောလိပ် (မန္တလေး)မှာ ၁၉၇၆-၇၇ ကနေ ၁၉၈၁-၈၂ အထိ လုပ်ငန်းအတတ်ပညာတွေ အပါအဝင် သင်ကြားရေးတာဝန်တွေ ကိုယ်စီယူခဲ့ကြတဲ့ ဆရာ၊ ဆရာမတွေ အားလုံး ပထမဆုံးအကြိမ် ပြန်လည်ဆုံစည်းစေချင်တဲ့ ဆရာ၊ ဆရာမတွေရဲ့ဆန္ဒ ကို ဖြည့်ဆည်းဖို့ ၂၀၁၅ - ဇန်နဝါရီ မှာ ကျင်းပမယ့် All Regional ဆရာပူဇော်ပွဲ နဲ့ မိတ်ဆုံညစာစားပွဲ ဖြစ်မြောက်ရေးအတွက် ပထမအကြိမ် စုံညီ အစည်းအဝေး ကို မန္တလေး ကုန်သည်ကြီးများ နှင့် စက်မှုလုပ်ငန်းရှင်များ အသင်း အစည်းအဝေးခန်းမ မှာ ၂၀၁၄ - ဇွန်လ(၅)ရက် နေ့လည် ၂ နာရီ ကနေ ၄ နာရီ အထိကျင်းပမှာမို့ မန္တလေး ဒေသကောလိပ် ကျောင်းသားဟောင်းများ အားလုံး တက်ရောက်နိုင်ဖို့ ... ဖိတ်ကြားအပ်ပါတယ်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ကျော်ကျော် (ဝင်းဦး) | 09 43110077 | ကျော်စော | 09 2044069 | ကျော်ဦး | 09 2044077 | ကျော်စိန် | 09 5006935 |
| ညွန့်တင် | 09 33034397 | ကျော်နိုင် | 09 5502306 | စောဝင်းနိုင် | 09 43012863 | ကျော်ဝင်း(လေငွန်) | 09 2045651 |
| ညိုဝင်း | 09 2004535 | တင်ထွန်း | 09 2005859 | ဇော်မျိုးဦး(ဖိုးဇော်) | 09 5114994 | နွယ်နီဖုန်း | 09 2006774 |
| ဇော်နိုင် | 09 2013493 | မျိုးသန့် | 09 2007508 | စိန်မင်း(အရှတ်) | 09 2000426 | သီတာငွေ | 09 2002767 |
| ရဲထွဋ် | 09 2003819 | တင့်လွင် | 09 43060713 | ညွန့်ဇော် | 09 2001279 | ရွှေလှ | 09 2001744 |
| ကျော်စိုးဦး | 09 6803159 | ခင်မောင်ဇော် | 09 2005925 | မောင်မောင်တိုး | 09 2051874 | မေမိုးသူ | 09 5049572 |
| တင်အောင်ကျော် | 09 2001351 | သိန်းအောင် | 09 2016167 | ကိုကိုကြီး | 09 6500625 | ခင်မေဝင်း | 09 403708282 |
| တင်မောင်အုန်း | 09 400541302 | သက်နိုင်ထွန်း | 09 2001311 | ခင်မောင်ထွေး | 09 2000124 | နန်းသန်းစိန် | 09 2002818 |
| မင်းသိန်းတင် | 09 5147236 | တင်လတ် | 09 2044382 | စိုးသန်း | 09 402630236 | စိုးဝင်းမာ | 09 2030307 |
| ခင်မောင်ချို | 09 2007654 | နေဝင်းဦး | 09 400536566 | မျိုးအောင် | 09 2003808 | ဇင်မာလာ | 09 2030513 |
| ကျော်မင်း | 02 34217 | ခင်ဇော် (ဟာရီ) | 09 47129240 | အောင်ဇော်(ကြေးရုပ်) | 09 5003599 | ခင်ပြုံးတင့် | 09 2005305 |

ပြည်တွင်းသတင်း

# အသေးစားချေးငွေလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးနှင့် ချေးငွေအာမခံကော်ပိုရေးရှင်း ထူထောင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံ တိုကျို-မစ်ဆူဘီရှီဘဏ် ယူအက်ဖ်ဂျေလီမိတက်ဥက္ကဋ္ဌ Mr. Nobuyuki Hirano ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာမောင်မောင်သိမ်း၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ဘဏ်နှင့်ငွေရေးကြေးရေး ဝန်ဆောင်မှုကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်အရည်အသွေးမြှင့်တင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်မည့် အသေးစားချေးငွေလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ဘဏ္ဍာငွေဖြည့်ဆည်းပေးနိုင်ရေးအတွက် ချေးငွေအာမခံကော်ပိုရေးရှင်းထူထောင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညဏ်ထွန်း ဂျပန်နိုင်ငံ တိုကျို-မစ်ဆူဘီရှီဘဏ် ယူအက်ဖ်ဂျေလီမိတက်ဥက္ကဋ္ဌ Mr. Nobuyuki Hirano အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီး လာရောက်တွေ့ဆုံ

**ရန်ကုန် ဇွန် ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီး မစ္စတာဆီဟာစပ်ဖောင်ဖက်ချိုသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်ရုံးသို့ လာရောက်တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုင်းခေတ္တနိုင်ငံခြားရေးဝန်ကြီးသည် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအား လာရောက်တွေ့ဆုံခြင်းဖြစ်ပြီး ယင်းတွေ့ဆုံပွဲ၌ ထိုင်းနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို ရှင်းလင်းပြောကြားကာ ထိုင်းနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏ ရည်မှန်းချက်များကို ကျန်အဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ကို ထပ်လောင်းကတိပြု ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ၎င်း၏ ခရီးစဉ်နှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ဆက်လက်အသိပေး အကြောင်းကြားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ပွဲနှင့် (၁၅)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၁၄-၂၀၁၆ ဆဋ္ဌမသက်တမ်းအတွက် ဗဟိုအလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပမည်ဖြစ်သည်။ ဗဟိုအလုပ်အမှုဆောင်အဖြစ် ပါဝင်အရွေးခံရန်အတွက် လုပ်ငန်းဆိုင်ရာအသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အရွေးချယ်ခံ အလုပ်အမှုဆောင်များအနေဖြင့် တက်ရောက်မဲပေး ရွေးချယ်နိုင်ကြကြောင်း သိရသည်။

**အကြံပြုချက်များ ပေးပို့နိုင်**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အသင်းဝင်အားလုံး တက်ရောက်ကြပါရန်နှင့် မေးမြန်းချက်၊ အကြံပြုချက်များရှိပါက ဇွန် ၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ ဆက်သွယ်မေးမြန်း အကြံပြုချက်များ ပေးပို့နိုင်ကြကြောင်း သိရသည်။

ယခုဖွဲ့စည်းမည့် ဗဟိုအလုပ်အမှုဆောင်သက်တမ်းမှစတင်၍ အင်အားတိုးချဲ့ဖွဲ့စည်းကာ နိုင်ငံတော်၏ ငါးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငါးရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့မှုတိုးမြှင့်ရေးကို ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာများ မြန်မာ့အလင်းသတင်းစာ တစ်နှစ်စာဖတ်ရှုရန်အတွက် ငွေလှူ

**မန္တလေး ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ မန်ကျည်းပင်ရွာ၊ တမန်ချောင်းရွာ၊ တံခွန်တိုင်ရွာ၊ သုံးခွရွာ၊ အုန်းပင်စုရွာ၊ ဟန်းစု/ ကျူတောရွာ၊ ကောက်ကွေ့ကျေးရွာများမှ ဒေသခံများ နေ့စဉ်ထုတ် မြန်မာ့အလင်း သတင်းစာကို တစ်နှစ်ပတ်လည် ဖတ်ရှုနိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာအလှူရှင် မန်းမြေ ရာဇာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ သုခမ္မာဒေါက်တာ ဦးကျော်ဝင်းက ဒေသခံပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရန် အလို့ငှာ နေ့စဉ်သတင်းစာများ ဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ချက်ဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ၁၈ သိန်း ပေးအပ်လှူဒါန်းရာ **(အပေါ်ယာပုံ)** မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းဦးက လက်ခံ၍ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဂုဏ်ပြုစကား ပြောကြားသည်။




အဆိုပါ လှူဒါန်းရရှိငွေကျပ် ၁၈ သိန်းဖြင့် အလှူရှင်၏ ဇာတိမွေးရပ်မြေဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ မန်ကျည်းပင်ရွာ၊ တမန်ချောင်းရွာ၊ တံခွန်တိုင်ရွာ၊ သုံးခွရွာ၊ အုန်းပင်စုရွာ၊ ဟုန်းစု/ ကျူတောရွာ၊ ကောက်ကွေ့ကျေးရွာများသို့ မြန်မာ့အလင်းသတင်းစာ စောင်ရေ ၁၀၀ ကို ဇွန် ၁ ရက်မှစ၍ နေ့စဉ် တစ်နှစ်တိတိ ပေးလှူသွားမည်ဖြစ်ပြီး လှူဒါန်းရရှိသော နေ့စဉ်သတင်းစာများကို ကျေးရွာစာကြည့်တိုက်များ၊ အခြေခံပညာကျောင်းများ၊ ဆရာ ဆရာမများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများသို့ ပေးပို့လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့**တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နိုင်ငံတကာသတင်း

# ထိုင်းစီးပွားရေးအကျပ်အတည်းဖြေရှင်းနိုင်ရန် အစီအမံများ ဆက်တိုက်ချမှတ်ဆောင်ရွက်သွားမည်



**ဗန်ကောက် ဇွန် ၂**

ထိုင်းနိုင်ငံတွင် ထိုင်းတပ်မတော်က အာဏာသိမ်းပြီး နှစ်ပတ်အကြာ စီးပွားရေးအကျပ်အတည်းများကို ပြုပြင်ပြောင်းလဲရန် ရည်ရွယ်လျက် အစီအမံများဆက်တိုက် ချမှတ်လုပ်ကိုင်သွားရန် ကြေညာလိုက်သည်။ ဦးစားပေးကဏ္ဍများအဖြစ် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုရှိလာစေရန်နှင့် ဘဏ္ဍာရေးစည်းမျဉ်း ဆက်လက်ထိန်းသိမ်းနိုင်ရန်တို့ကို အစီအမံများ ချမှတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လေတပ်ဦးစီးချုပ် ပရာဂျင်ဂျွန်တောင်းက ပြောကြားလိုက်သည်။

**ပြန်လည်ဖွင့်လှစ်**

တပ်ဖွဲ့ဝင်များ ထူထပ်စွာ ဖြန့်ကြက်ချထားသော်လည်း သီတင်းပတ်ကုန်ပိုင်းက ဗန်ကောက်မြို့လမ်းများပေါ်တွင် ဆန္ဒပြမှုအချို့ ရှိနေဆဲဖြစ်သည်။ ထိုင်းနိုင်ငံကို ပြန်လည်တည်ငြိမ်မှုရရှိအောင် ကြိုးစားနေကြောင်း မေ ၂၂ ရက်က အာဏာသိမ်းလိုက်သော စစ်တပ်ခေါင်းဆောင်များက ပြောသည်။ တပ်မတော်က ထိပ်တန်းနိုင်ငံရေးသမားများကို ဖမ်းဆီးထိန်းသိမ်းလိုက်ပြီး လူငါးဦးနှင့်အထက် စုဝေးသွားလာခြင်းကို ပိတ်ပင်လိုက်သည်။ သို့သော်လည်း အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြမှုများ ဗန်ကောက်၌ နေ့စဉ်နီးပါး ရှိနေဆဲဖြစ်သည်။ ဗန်ကောက်မြို့အဓိကလမ်းများနှင့် မီးရထားဘူတာများ တနင်္လာနေ့မှစတင်ကာ ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီ ဖြစ်သည်။

ဗိုလ်မှူးကြီး ပရာဂျင်က တနင်္ဂနွေနေ့နှောင်းပိုင်းတွင် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးနေရာများကို ချပြသည်။ ယင်းတို့တွင် ကာလတိုနှင့် ကာလရှည်ဆောင်ရွက်မည့် စီးပွားရေးကဏ္ဍများ ပါဝင်သည်။ ကာလတိုအဖြစ် ရက် ၃၀ အတွင်း စက်သုံးဆီဈေးနှုန်းများ တည်ငြိမ်အောင်ဆောင်ရွက်မည်ဟု ဆိုသည်။ **ဘီဘီစီ**

# အိန္ဒိယနိုင်ငံ၏ ၂၉ ခုမြောက် ပြည်နယ်အဖြစ် အန်ဒရာပရာဒက်ရှ် ပြည်နယ်မှ ပြည်နယ်သစ်ခွဲထွက်




**နယူးဒေလီ ဇွန် ၂**

အိန္ဒိယနိုင်ငံတောင်ပိုင်းပြည်နယ်ဖြစ်သော အန်ဒရာပရာဒက်ရှ် ပြည်နယ်မှ မြောက်ပိုင်းဧရိယာကို တေလန်ဂါနာ ခေါ် ပြည်နယ်သစ်တစ်ခု ခွဲထွက်လိုက်ကြောင်း သိရသည်။

ယခုကဲ့သို့ ပြည်နယ်ခွဲထွက်မှုသည် နှစ်များစွာကြာ လျစ်လျူရှုခံထားရသော ဒေသဟုခံစားနေကြရသော တေလန်ဂါနာဒေသခံများက တောင်းဆိုရာမှ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

တေလန်ဂါနာပြည်နယ်သစ်သည် အိန္ဒိယနိုင်ငံ၏ ၂၉ခုမြောက် ပြည်နယ်ဖြစ်လာပြီး ၎င်းပြည်နယ်သည် ဒေသစံတော်ချိန်ညသန်းခေါင်အချိန်မှစကာ တရားဝင်ပြည်နယ် ဖြစ်လာခဲ့သည်။

ယခုအသစ် ခွဲထွက်ထားသော တေလန်ဂါနာ ပြည်နယ်၌ လူဦးရေ ၃၅ သန်းရှိပြီး ယခင် အန်ဒရာပရာဒက်ရှ် ပြည်နယ်တွင်ပါဝင်ခဲ့သည့် ခရိုင်၁၀ ခုနှင့် ဖွဲ့စည်းထားကာ ပြည်နယ်မြို့တော်ကို ဟိုက်ဒရာဘတ်မြို့အား သတ်မှတ်ခဲ့ကြသည်။

ပြည်နယ်ခွဲထွက်ရေးအတွက်၁၄ နှစ်ကြာမျှ ဦးဆောင်လှုပ်ရှားခဲ့သူတေလန်ဂါနာရက်ထရာ ဆမစ်သီပါတီ (TRS) ပါတီခေါင်းဆောင်ကေချန်ဒရာ ဆီခါရာအိုသည် တေလန်ဂါနာ၏ ပြည်နယ်အကြီးအကဲ ဝန်ကြီးအဖြစ် ကျမ်းသစ္စာကျန်ဆိုခဲ့ပြီး ဖြစ်သည်။

နောင် ၁၀ နှစ်ကြာသည်အထိ ပင် ပြည်နယ်နှစ်ခုအတွက် ပေါင်းကူးမြို့တော်အဖြစ် ရပ်တည်နေမည့် ဟိုက်ဒရာဘတ်မြို့၌ တေလန်ဂါနာ ပြည်နယ်အမှတ်အသားအဖြစ် ပန်းရောင်ပူဖောင်းများ၊ နဖူးစည်းများ၊ အလံများဖြင့် ပြည့်နှက်နေလျက်ရှိသည်။ ၁၀ နှစ်ကြာပြီးနောက်တွင် အန်ဒရာပရာဒက်ရှ်ပြည်နယ်အနေဖြင့် မြို့တော်သစ်တစ်ခုတည်နိုင်ရေး မျှော်လင့်ထားသည်။

အန်ဒရာပရာဒက်ရှ် ပြည်နယ်သည် စီးပွားရေးဆိုင်ရာများတွင် ကြီးကြီးမားမားခွဲခြားမှုများရှိကြပြီး ဖွံ့ဖြိုးမှုနည်းသည့် တေလန်ဂါနာ ဒေသခံ ပြည်သူများက အကြီးအကျယ် ဥပေက္ခာပြုခံနေရသည်ဟု ခံစားနေကြရခြင်း ဖြစ်သည်။

**ဘီဘီစီ**

# ဖာတာနှင့်ဟားမတ်စ်တို့၏ ကြားဖြတ်အစိုးရ အသိအမှတ်ပြုမည်မဟုတ်ဟု အစ္စရေးသတိပေး

**တဲအဗစ် ဇွန် ၂**

ဖာတာနှင့် အစ္စလာမ့်စ်အုပ်စု ဟားမတ်စ်တို့ပါဝင်သော အသွင်ကူးပြောင်းရေးအစိုးရသစ်ကို အသိအမှတ်မပြုနိုင်ကြောင်းအစ္စရေးက ကမ္ဘာ့ခေါင်းဆောင်များအား တိုက်တွန်းလိုက်သည်။

တနင်္လာနေ့တွင် ဖွဲ့စည်းဖွယ်ရှိသော စုစည်းသော အဆိုပါအစိုးရအဖွဲ့သည် အကြမ်းဖက်သူများ တိုးပွားလာအောင် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကပြောကြားလိုက်သည်။

ပါလက်စတိုင်း ခေါင်းဆောင်များက အစ္စရေးတို့၏ စိုးရိမ်ပူပန်နေမှုများကို ပယ်ချလိုက်ပြီး နိုင်ငံရေးသမားများ မပါဘဲ အစိုးရကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဟားမတ်စ်နှင့် ဖာတာတို့သည် ၂၀၀၇ ခုနှစ်က အကြမ်းဖက်မှုများဖြင့် သဘောထားကွဲလွဲခဲ့သော်လည်း ဧပြီလက အပစ်အခတ်စာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

ဖာတာက အနောက်ဘက်ကမ်း အစ္စရေးတို့ သိမ်းပိုက်ထားသော အစိတ်အပိုင်းများနှင့်ပတ်သက်၍ စိုးရိမ်လျက်ရှိသည်။ ထိုအတောအတွင်း ဟားမတ်စ်ကလည်း အစ္စရေးကို အသိအမှတ်ပြုရန် ငြင်းဆိုထားသည်။ အစ္စရေးကို ဂါဇာကမ်းမြောင်ဒေသမှ ပျောက်ကွယ်သွားအောင် ပြုလုပ်မည်ဟု ဆိုသည်။

အဆိုပါ အစ္စလာမ့်စ်လှုပ်ရှားမှုအဖွဲ့ကို အစ္စရေး၊ အမေရိကန်၊ အီးယူ၊ ကနေဒါနှင့် ဂျပန်တို့က အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည်။ ပါလက်စတိုင်းတို့က စည်းလုံးညီညွတ်သောအစိုးရအဖြစ် ဖွဲ့စည်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ လာမည့်နှစ်ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ခြင်းဖြစ်သည်ဟု ဆိုသည်။ ဧပြီ ၂၃ ရက်က စုစည်းညီညွတ်သောအစိုးရဖွဲ့ရန် သဘောတူလိုက်ပြီးနောက် အစ္စရေးက အမေရိကန်၏ ကြားဝင်စေ့စပ်ပေးသည့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲဖျက်သိမ်းခဲ့သည်။

ပါလက်စတိုင်းတို့က ယင်းကဲ့သို့ အစိုးရဖွဲ့ရန် သဘောတူလိုက်ခြင်းအပေါ် လက်ခံမည်မဟုတ်ကြောင်း အစ္စရေးက မိမိကို သတိပေးခဲ့သည်ဟု မာမွတ်အဘတ်စ်က စောစောပိုင်းတွင် ပြောကြားခဲ့သည်။ အစ္စရေးအနေဖြင့် ဟားမတ်စ်နှင့်ပူးပေါင်းခြင်းကို လက်မခံနိုင်ဟု ၎င်းက ဆိုသည်။

ကြားဖြတ်အစိုးရအဖွဲ့သစ် အနေဖြင့် အစ္စရေးကိုအသိအမှတ် ပြုသင့်ပြီး အကြမ်းဖက်မှုကို ကန့်ကွက်သင့်ကြောင်း မစ္စတာ အဘတ်စ်က ပြောကြားသည်။ **ဘီဘီစီ**



# ပျောက်ဆုံးနေသော ထိုင်းရေနံတင်သင်္ဘော ပြန်လွတ်လာ

**ကွာလာလမ်ပူ ဇွန် ၂**

အင်ဒိုနီးရှားသို့ ဦးတည်မောင်းနှင်သွားစဉ် ပျောက်ဆုံးသွားသော ထိုင်းရေနံတင်သင်္ဘောကို ပင်လယ်ဓားပြများက သင်္ဘောပေါ်ပါ ဒီဇယ်များကို ယူထားပြီးပြန်လွှတ်ပေးခဲ့ကြောင်း နိုင်ငံတကာရေကြောင်း ဗျူရို (အိုင်အမ်ဘီ)က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

သင်္ဘောသား ၁၄ ဦးပါ အမ်တီအော်ရာပင်း(၄)သည် ထိုင်းနိုင်ငံ ဆရီရာချာ ဆိပ်ကမ်းသို့ တနင်္ဂနွေနေ့က ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ပင်လယ်ဓားပြများသည် သင်္ဘောကို ပြန်ပေးဆွဲခဲ့ပြီး ဆက်သွယ်ရေးလိုင်းများကို ဖြတ်တောက်ကာ ဒီဇယ်များကို ယူထားခဲ့ကြောင်း၊ သင်္ဘောသားများ ဘေးအန္တရာယ်ကင်းရှင်းခဲ့ကြောင်း ကွာလာလမ်ပူအခြေစိုက် ပင်လယ်ဓားပြသတင်းထုတ်ပြန်ရေး စင်တာအိုင်အမ်ဘီက ပြောသည်။ ၎င်းသင်္ဘောသည် အင်္ဂါနေ့က စင်ကာပူမှ ထွက်ခွာလာရာ အင်ဒိုနီးရှား ပွန်တီယာနက်ခ်သို့ သွားရာလမ်းတွင် ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတကာရေကြောင်းအေဂျင်စီမှတ်တမ်းများအရ အင်ဒိုနီးရှားကမ်းလွန်၌ ဇန်နဝါရီလမှ မတ်လအတွင်း တိုက်ခိုက်မှုပေါင်း ၂၃ ခုရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဘောလုံးပွဲကြည့်နေသူများ ဗုံးခွဲတိုက်ခိုက်ခံရပြီးသေဆုံး

နိုင်ဂျီးရီးယား ဇွန် ၂

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ရုပ်မြင်သံကြားမှတစ်ဆင့် ဘောလုံးပွဲကြည့်နေသူများ၏ ဘားဆိုင်တစ်ခုကို ဗုံးခွဲတိုက်ခိုက်စဉ် အနည်းဆုံးလူ ၁၄ ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် ကင်မရွန်းနယ်စပ်အနီး အဒမ်မာဝါပြည်နယ် မူဘီမြို့၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ အဒမ်မာဝါသည် ဘိုကိုဟာရမ်စစ်သွေးကြွများကြောင့် အရေးပေါ်အုပ်ချုပ်ရေးထားရှိသော ပြည်နယ်သုံးခုအနက်မှ တစ်ခုဖြစ်သည်။

"ဒီတိုက်ခိုက်မှုကြောင့် ယခုအထိတော့ ၁၄ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရတယ်၊ အချို့စိုးရိမ်ရတဲ့အနေအထားရှိတယ်"ဟု အဒမ်မာဝါပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အဘူဘာကာက ပြောသည်။

နိုင်ဂျီးရီးယားအလယ်ပိုင်းနှင့် မြောက်ပိုင်းတို့၌ ဘိုကိုဟာရမ်တို့၏ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ပြီးခဲ့သည့်လအတွင်း အနည်းဆုံးလူ ၂၀၀ ကျော် သေဆုံးခဲ့ရသည်။ ယင်းအဖွဲ့သည် နိုင်ဂျီးရီးယားမြောက်ပိုင်းရှိ ကျောင်းများမှ ကျောင်းသူ ၂၀၀ ကျော်အား ပြန်ပေးဆွဲသွားပြီးနောက် နိုင်ငံတကာမှ အရေးယူဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိသည်။ မိန်းကလေးများရှိသောနေရာကို သိနေသော်လည်း ယခုအထိကယ်တင်နိုင်ခြင်းမရှိသေးပေ။ **ဘီဘီစီ**

# အာဖဂန်အရှေ့ပိုင်း အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

**ကဘူးလ် ဇွန် ၂**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် နိုင်ငံခြားသား အင်ဂျင်နီယာသုံးဦး သေဆုံးသွားခဲ့ကြောင်း တရားဝင်သတင်းအရင်းအမြစ်များတွင် ဖော်ပြခဲ့သည်။

နန်ဂါဟာပြည်နယ် ဘီဆော့ဒ်ခရိုင်တွင် ဇွန် ၂ ရက် နံနက်ပိုင်းဒေသစံတော်ချိန် ၇ နာရီ ၁၅ မိနစ်က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အခြားနိုင်ငံခြားသားအင်ဂျင်နီယာတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အာမက်ဇီယာ အဗ္ဗဒူလ်ဇိုင်းက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ကဘူးလ်မြို့အရှေ့ဘက် ကီလိုမီတာ ၁၂၀ အကွာ အဆိုပါပြည်နယ်၌ တူရကီလူမျိုးများလုပ်ကိုင်နေသော ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အစိုးရဌာနမဟုတ်သော သတင်းဌာနက ပြောကြားခဲ့သည်။

၎င်းအခင်းဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီး ခိုင်လုံသော သတင်းအချက်အလက်များကို နေ့ချင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်ဟု ၎င်းအရာရှိက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

■ ကျောဖုံးမှ

တာဝန်ရှိသူများ၊ အမှတ်(၁)အခြေခံပညာဦးစီးဌာနမှ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးနှင့်အဖွဲ့တို့က ယနေ့တွင်သွားရောက်တွေ့ဆုံ၍ လိုအပ်သည့်လူမှုရေးကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်ပြုပြင်ရန်အတွက် အရေးပေါ်နှင့် ကျပ်သိန်း ၅၀ အောက် အသေးစားပြုပြင်မှုများကို အမှတ်(၁) အခြေခံပညာဦးစီးဌာန (ရုံးချုပ်)သို့ ခွင့်ပြုချက်တောင်းခံရန်မလိုဘဲ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးညွှန်ကြားရေးရုံးများ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၁၀၀၀ ကို ကျောင်းသားဦးရေအချိုးအရ ပညာရေးဝန်ကြီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးညွှန်ကြားရေးရုံးများသို့ ခွဲဝေပေးထားပြီးဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**


ပုတီးကုန်း အထက ကျောင်းဝရန်တာရက်မ ကျိုးနေမှုကို တွေ့ရစဉ်။

# ကျောင်းသုံးစာအုပ်များ တင်ဆောင်လာသည့်ကား တိမ်းမှောက်မှုဖြစ်ပွား

**သပိတ်ကျင်း ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့အဝင် မိုင်တိုင်အမှတ်(၁/၄)နှင့်(၁/၅)အကြားတွင် ဇွန် ၁ရက် ညနေ ၃နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့သို့ ထွက်ခွာလာသော ပညာရေးဌာနသို့ပို့ဆောင်မည့် စာအုပ်ထုပ်များ တင်ဆောင်လာသည့် ယာဉ်မောင်း ဦးခင်မောင်ရီ မောင်းနှင်လာသော တီအီးအစိမ်းရောင်ယာဉ်သည်သပိတ်ကျင်းမြို့အဝင်တွင် စက်ချွတ်ယွင်းတိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်ပါလာသည့် ပညာရေးဝန်ထမ်းများနှင့် ကူညီစောင့်ရှောက်ရန်လိုက်ပါလာသူ အကူယာဉ်မောင်းအပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာအနည်းငယ်စီ (မစိုးရိမ်ရ) ရရှိကာ သပိတ်ကျင်းမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှု ခံယူခဲ့ရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ကားပေါ်တွင်တင်ဆောင်လာသည့် စာအုပ်ထုပ်များမပျောက်ပျက်စေရေးအတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ မြို့ပေါ်ရှိလူမှုရေးအသင်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်သိပြည်သူများက မြို့ပေါ်ပြေးဆွဲနေသော လိုင်းကားများ၏ အကူအညီရယူကာ မြို့နယ်ပညာရေးမှူးရုံးသို့ ဝိုင်းဝန်းပို့ဆောင်ပေးခဲ့သဖြင့် စာအုပ်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**



◆ ကျောဖုံးမှ

အသစ် စတင်ပျံသန်းပြေးဆွဲခွင့်ရခဲ့သည့် လေကြောင်းလိုင်းသစ်ဖြစ်ပြီး ယခုလက်ရှိတွင် ရန်ကုန်-မန္တလေး ခရီးစဉ်ကို နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်-မန္တလေး-စင်ကာပူခရီးစဉ်ကို နေ့စဉ်ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ သို့သော် မကြာသေးမီက အသစ်တိုးချဲ့ပျံသန်းပြေးဆွဲပေးခဲ့သည့် ရန်ကုန်-ဗန်ကောက်ခရီးစဉ်ကို အကြောင်းအမျိုးမျိုးနှင့် ခရီးသည်သွားလာမှုအခြေအနေအရ မေ ၁ ရက်မှစပြီး ပျံသန်းပြေးဆွဲမှုကို ခေတ္တရပ်ဆိုင်းထားရသည်။

ယခု ပျံသန်းပြေးဆွဲပေးမည့် မန္တလေးအခြေစိုက် ATR 72 600 လေယာဉ်သည် နေ့စဉ်မန္တလေးမြို့မှ နံနက် ၇ နာရီခွဲတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး နားရက်မရှိဘဲ နေ့စဉ်ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်သည်။ ရွှေမြန်မာလေကြောင်းလိုင်း၏နောက်ခရီးစဉ်သစ်အဖြစ် ရန်ကုန်-မန္တလေး-နေပြည်တော်-မြိတ်-ထားဝယ်-ကော့သောင်းမြို့များသို့ တိုးချဲ့ပျံသန်းပြေးဆွဲပေးရန် ATR 72 600 လေယာဉ်အမျိုးအစားသစ်တစ်စင်းကို မှာယူထားပြီးဖြစ်၍ ယခုလာမည့် ဇွန်ဒုတိယအပတ်အတွင်း မြန်မာနိုင်ငံသို့ အဆိုပါလေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိမည်ဖြစ်သည်။ ထို့အပြင် ရွှေမြန်မာလေကြောင်းလိုင်းအနေဖြင့် နောက်အသစ်ထပ်မံ၍ မန္တလေး-အင်ဖာ- မန္တလေး- မုံရွာ- ချင်းမိုင်-ကူမဲမြို့များသို့လည်း ခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းပြေးဆွဲပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ "ကျွန်တော်နဲ့ ....." ဆောင်းပါးများစုစည်းမှုစာအုပ်ထွက်ရှိ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင်ဖော်ပြခဲ့သော ကျွန်တော်နှင့်. . . . ဆောင်းပါးများကို စုစည်းထားသည့် ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။




အဆိုပါစာအုပ်တွင် ကျွန်တော်နှင့် ပါရဂူဘွဲ့၊ ပဋ္ဌိပက္ခဖြေရှင်းမှု၊ အဂတိလိုက်စားမှု၊ ကိုယ်ကျိုးစီးပွားပဋ္ဌိပက္ခ၊ ရန်ကုန်မြို့ယာဉ်ကြောပိတ်ဆို့မှု၊ တပည့်များ၊ စာမေးပွဲစနစ်၊ နိုင်ငံခြားရင်နှီးမြှုပ်နှံမှု၊ အချိန်စီမံခန့်ခွဲခြင်း၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှု၊ နယူးယောက်မြို့စာသင်ခြင်း၊ တက္ကသိုလ်အဆောင်များ၊ ၂၀၁၄ အာဆီယံအနိမ့်ဆုံးလစာစသည့် ဆောင်းပါး ၃၆ ပုဒ်ပါရှိသည်။

စာအုပ်များကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အရောင်းဆိုင်အပါအဝင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ စာအုပ်ဆိုင်များတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ကြောင်းနှင့် စာအုပ်တန်ဖိုးမှာငွေကျပ် ၂၅၀၀ ဖြစ်ကြောင်း၊ ကိုယ်စားလှယ်အဖြစ်ဖြန့်ချိလိုပါက ကိုထိန်လင်း ဖုန်း ၀၁-၂၄၈၁၀၂ နှင့် ၀၉-၇၃၁၀၀၂၇၄ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

✻ ရှေ့ဖုံးမှ

တင်ဒါခေါ်ယူဆောင်ရွက်ပြီးဖြစ်သည်။

ထို့ကြောင့် ယခုအခါစိစစ်ရေးကော်မတီများက အဖွဲ့လိုက်စိစစ်၍ အမြန်ဆုံးရွေးချယ်သွားမည်ဖြစ်သည်။ အဆိုပါ အော်ပတီကယ်ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း ဆက်သွယ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ မြန်မာ့မီးရထားလမ်းတစ်လျှောက်နှင့် ဘူတာရုံများပတ်ဝန်းကျင်ရှိ မြေများတွင် ဆက်သွယ်ရေးမိုဘိုင်း တာဝါများအပါအဝင်မိုက်ခရိုဝေ့ဖ်တိုင်များနှင့် အခြားဆက်သွယ်ရေးလုပ်ငန်း ဆိုင်ရာများ လုပ်ဆောင်နိုင်ရန်အတွက် မြန်မာမီးရထားက ငှားရမ်းသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် ယင်းကိစ္စရပ်များဆောင်ရွက်ရန်အတွက် လုပ်ငန်းများလုပ်ဆောင်ရာတွင် ဝင်ငွေတိုးတက်မှုရရှိရေးနှင့် Transparency management တို့အရ ဇွန် ၆ ရက် မှစတင်ကာ စနစ်တကျ တင်ဒါခေါ်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့ရထား၊ Optical Fiber Cable လိုင်းများသွယ်တန်းခြင်း စီမံကိန်းဒါရိုက်တာ ဦးဘမြင့်က "အခုလုပ်ငန်းလုပ်သွားမှာက အဆင့်သုံးဆင့် ဆောင်ရွက်သွားဖို့ရှိပါတယ်။ ရန်ကုန်-မန္တလေးအကြား လက်ရှိတည်ဆောက်ပြီးသား အော်ပတီကယ်ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းကို ငှားရမ်းခြင်းလုပ်ငန်းကို အမြန်ဆုံးစိစစ်ပြီး ငှားရမ်းဖို့ဆောင်ရွက်နေပါတယ်။ အခုတစ်ခါ ဇွန် ၆ ရက်မှာ မြေငှားတဲ့လုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပြီး ဇွန်တတိယအပတ်မှာ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ရထားလမ်းပိုင်း ၂၄ ခုစလုံးအတွက် တင်ဒါကို EOI ခေါ်ယူပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေအတွက် စနစ်တကျဆောင်ရွက်သွားဖို့ Commercial and Legal Consultant များနှင့်အမြန်ငှားရမ်းပြီး လုပ်ငန်းပိုမိုထိရောက်ရန် စနစ်တကျဆောင်ရွက်သွားမှာပါ" ဟုရှင်းပြခဲ့သည်။

မြန်မာ့မီးရထားပိုင်မြေနေရာများသည် မြန်မာနိုင်ငံအနှံ့အရေးကြီးသောမြို့ကြီး၊ မြို့ငယ်များကို ဖြတ်သန်းဖောက်လုပ်ထားသောကြောင့် တာဝါတိုင်ထောင်ကြမည့်ကုမ္ပဏီများအနေဖြင့် လွန်စွာစိတ်ဝင်စားလျက်ရှိနေကြသဖြင့် မြန်မာ့မီးရထားက ယခုကဲ့သို့ တင်ဒါခေါ်ယူလိုက်ခြင်းလည်းဖြစ်ပေသည်။ ထို့အပြင် ဆောင်ရွက်သွားမည့် အဆိုပါမြေနေရာများအား ငှားရမ်းသွားမည်နှင့်စပ်လျဉ်း၍လည်း လုပ်ငန်းများ လုပ်ဆောင်ရာတွင်ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အမြန်ဆုံးငှားရမ်းနိုင်ရေးအတွက် မြန်မာ့မီးရထားက အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်းဖြင့် သိရသည်။

လက်ရှိမြန်မာ့မီးရထားလုပ်ငန်းမှ ဖော်ဆောင်လျက်ရှိနေသော အဆိုပါအစီအစဉ်များမှ နိုင်ငံတော်က စိုက်ထုတ်ကုန်ကျငွေ (Supsidise) လျှော့ကျစေရေး၊ ရထားစီးခရီးသွားအများပြည်သူများ၊ ရထားတွဲဆိုင်းများနှင့် ရထားလမ်းများအတွက် အဆင်ပြေချောမွေ့ လွယ်ကူစေရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် မြန်မာ့မီးရထားလုပ်ငန်းမှ စုံစမ်းသိရသည်။

**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ**




**အမည်ပြောင်း**

ဦးခွန်ဇာလွင် ၁၂/သလန(နိုင်) ၁၀၄၂၅၈၏သား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက-၅၊ တတိယတန်းမှ မောင်မင်းသုတလွင်အား မောင်မင်းခွန်တိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းခွန်တိုင်**

**အမည်ပြောင်း**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ချောင်းတက်ကျေးရွာနေ ဦးအောင်ဆန်းဝင်း ၈/ခမန(နိုင်) ၁၀၈၄၁၈- ဒေါ်သီတာစိုး ၈/ခမန(နိုင်) ၁၁၈၈၉၉တို့၏သား အဌမတန်းမှ မောင်သက်ဖုန်းနိုင်အား မောင်သက်ဘုန်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးသန်းဦး ၈/မဘန(နိုင်)၀၆၉၃၅၈၏သား ခန့်မင်းထက်(ခ)ဟိန်းထက်ဇော် ၈/အလန(နိုင်)၁၆၂၄၁၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# မူကြိုပညာရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး

**သီတာ(ပညာရေး)**

မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(CRC) ကို ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၅ ရက်တွင်လည်းကောင်း "လူတိုင်းအတွက်ပညာရေး"ဆိုင်ရာ ဒါကာအညွှန်းဘောင်ကို ၂၀၀၀ ခုနှစ်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုအညွှန်းဘောင်တွင် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် မိဘအသိပညာပေးရေးလုပ်ငန်းကို အထူးအလေးပေးဖော်ပြထားပါသည်။ ထို့အပြင် "မြန်မာနိုင်ငံ လူတိုင်းအတွက်ပညာရေး အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် ၂၀၀၃-၂၀၁၅ "ကို ၂၀၀၃ ခုနှစ်တွင် ချမှတ်ခဲ့ပါသည်။ ထိုလုပ်ငန်းအစီအစဉ်တွင် Early Childhood Care and Development နှင့်ပတ်သက်၍ "ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုပြုစုပျိုးထောင်ရေး၊ ၎င်းနှင့်ဆိုင်သော ပညာပေးရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့လုပ်ဆောင်ရေးနှင့် ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရေး" ဟူသော မျှော်မှန်းချက်ထားရှိခဲ့သည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်တွင် ပြည်သူ့လွှတ်တော်သည် "ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ"ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

အထက်ဖော်ပြပါ သဘောတူညီချက်များ၊ ပြဋ္ဌာန်းချက်များ၊ လမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များအောင်မြင်ပေါက်မြောက်စေရန်အတွက် ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများသည် တိုင်းဒေသကြီး/ ပြည်နယ်များ၊ မြို့နယ်များ၊ အပူပိုင်းဇုန်၊ ရှမ်းကုန်းပြင်မြင့်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ မြစ်ဝှမ်းဒေသများတွင် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို မူလတန်းကြိုကျောင်း၊ မိခင်ဝိုင်း၊ မိဘပညာပေးလုပ်ငန်း (Parenting Education)၊ အခြားမိဘပညာပေးလုပ်ငန်း (Alternative Parenting Education) နှင့် ကစားခြင်းဖြင့် ပညာပေးခြင်း (Play Group) စသည့် ချဉ်းကပ်နည်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြောင်း Comprehensive Education Sector Review အဆင့် (၂) ကွင်းဆင်းလေ့လာမှုများအရ လေ့လာသိရှိရပါသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် သူငယ်တန်းကလေးဦးရေ ၁၆၇၇၁၇ ဦးအနက် မူကြိုအတွေ့အကြုံရှိသည့် ကလေးဦးရေ ၃၃၇၀၅ ဦး ၂၀. ၁% ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းကို နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသော်လည်း မူကြိုကျောင်းတက်နှုန်း ၂၂. ၉% (Multiple Indicator Cluster Survey, 2009-2010) သာရှိသဖြင့် အာဆီယံနိုင်ငံများအပြင် အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ် 'လူတိုင်းအတွက်ပညာရေး' ဆိုင်ရာဒါကာအညွှန်းဘောင်အရ လုပ်ငန်းစီမံချက်တွင် ချမှတ်ထားသည့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေးသင်ယူမှုအခွင့်အလမ်းရရှိရမည့် ရာခိုင်နှုန်းသည် ၂၅% ဖြစ်သောကြောင့် မူကြိုအရွယ်ကလေးအားလုံး ကလေးပြုစုရေးဌာနများသို့ စေလွှတ်ပေးရေးအတွက် စည်းရုံးလှုံ့ဆော်ရမည်ဖြစ်ပါသည်။

သို့ပါ၍ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အချင်းချင်းညှိနှိုင်းကာ မိဘပြည်သူများကို ကလေးဘဝ၏ အစောပိုင်းကာလဖွံ့ဖြိုးမှုအရေးကြီးကြောင်း မိဘပညာပေးလုပ်ငန်းများ (Parenting Education)၊ မီဒီယာများမှတစ်ဆင့် အသိပညာပေးခြင်းနှင့် ဆွေးနွေးပွဲများပြုလုပ်ဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်၍ သက်ဆိုင်ရာဒေသရှိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် ဆီလျော်သည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အရည်အသွေးပြည့်ဝသော မူကြိုပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မူကြိုအတွေ့အကြုံရှိခြင်းသည် ကလေးများ၏အတန်းအသီးသီးတွင် ကျောင်းနေမြဲခြင်း၊ အတန်းတက်ခြင်း၊ တတ်မြောက်မှု၊ လူမှုဆက်ဆံရေးကောင်းခြင်း၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်တတ်ခြင်း၊ အသက်အရွယ်အလိုက် သင့်လျော်သော စိတ်ပိုင်းနှင့် ရုပ်ပိုင်းဖွံ့ဖြိုးမှု စသည့် အကြောင်းအရာများနှင့် ဆက်စပ်လျက်ရှိပါသည်။ ထိုဆက်စပ်မှုများအနက် မူကြိုအတွေ့အကြုံရှိခြင်းနှင့် မူလတန်းကျောင်းနေမြဲခြင်း၊ အတန်းတက်ခြင်းတို့၏ ဆက်စပ်မှုကို ကွင်းဆင်းလေ့လာတွေ့ရှိချက်အရ မူကြိုအတွေ့အကြုံရှိသည့်ကလေးများ၏ မူလတန်းအဆင့် ကျောင်းနေမြဲနှုန်းသည် မူကြိုအတွေ့အကြုံမရရှိသည့် ကလေးများထက် မြင့်မားကြောင်းသိရှိရပါသည်။

အခြေခံပညာမူလတန်းကျောင်း ၅၁ ကျောင်းတွင် ကွင်းဆင်းလေ့လာဆန်းစစ်ချက်အရ မူကြိုအတွေ့အကြုံရှိသော ကလေးများ၏ မူလတန်းအဆင့် ကျောင်းနေမြဲမှုနှုန်းသည် မူကြိုအတွေ့အကြုံမရှိသော ကလေးများ၏ မူလတန်းအဆင့် ကျောင်းနေမြဲမှုနှုန်းထက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် (၄. ၁၄%)၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် (၉. ၇၄%)၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် (၇. ၃၇%)၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် (၄. ၈၇%) နှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် (၅. ၂၉%) ပိုမိုကျောင်းနေမြဲကြောင်း လေ့လာတွေ့ရှိရပါသည်။ မူကြိုအတွေ့အကြုံရှိသော ကလေးများ၏ မူလတန်းအဆင့် ကျောင်းနေမြဲမှုနှုန်းသည် မူကြိုအတွေ့အကြုံမရှိသော ကလေးများ၏ မူလတန်းအဆင့် ကျောင်းနေမြဲမှုနှုန်းထက် တစ်နှစ်လျှင်ပျမ်းမျှ (၆. ၂၈%) ခန့်ပိုမို၍ ကျောင်းနေမြဲကြောင်း လေ့လာတွေ့ရှိရပါသည်။

> **မူကြိုကာလများတွင် ကလေးများ၏ ဦးနှောက်စွမ်းရည်များ အလွန်လျင်မြန်စွာ တိုးတက်နေသောကာလဖြစ်ပြီး သူငယ်တန်းနှစ်များတွင် အရှိန်အဟုန်ဖြင့် ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် အခြေခံပညာမူလတန်းအဆင့်တွင် ယင်းတိုးတက်မှုများကို ဆက်လက်ရရှိရန် ပေါင်းကူးဆက်စပ်လုပ်ဆောင်ပေးရန်လို . . .**

၂၀၀၉-၂၀၁၀ ခုနှစ် Multiple Indicator Cluster Survey အရ မူကြိုကျောင်းဝင်နှုန်းမှာ မြန်မာတစ်နိုင်ငံလုံး ၂၂. ၉ % ဖြစ်ပြီး မြို့ပြတွင် ၁၉. ၁% နှင့် ကျေးလက်တွင် ၁၅. ၉ % ရှိသည့်အတွက် ပုံစံအမျိုးမျိုးသော မူကြိုများမှ ၅ နှစ်ပြည့် ကလေးများနှင့် မူကြိုအတွေ့အကြုံမရှိဘဲ အိမ်မှ မူလတန်းသို့ဝင်ရောက်မည့်ကလေးများ၏ဖွံ့ဖြိုးမှု အပြည့်အဝရရှိစေရန် အခြေခံအုတ်မြစ်ကောင်းများ တည်ဆောက်ပေးရန်၊ ပညာရေးအဟောသိကံဖြစ်မှု လျှော့နည်းစေရန်၊ အကူးအပြောင်းကာလ ချောမွေ့စေရန်နှင့် ကျောင်းတွင် အောင်မြင်စွာ သင်ယူနိုင်ရန်တို့အတွက် သူငယ်တန်း (Kindergarten) တွင် သင်ယူမှုအခွင့်အလမ်းများ တစ်ပြေးညီရရှိအောင်တန်းညှိပြုလုပ်ပေးမည်ဖြစ်၍ သူငယ်တန်းစာသင်နှစ် ထည့်သွင်းရခြင်းဖြစ်ပါသည်။

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအစီအစဉ်သည် မွေးစမှ ရှစ်နှစ်အရွယ်ကလေးများအတွက် ဖြစ်ပါသည်။ သူငယ်တန်း (Kindergarten)သည် ကလေးများ၏ အစောပိုင်းနှစ်များနှင့် ကျောင်းဝင်စနှစ်တို့ကို ပေါင်းစည်းဆက်စပ်ပေးသောနှစ်လည်း ဖြစ်ပါသည်။ မူကြိုကာလများတွင် ကလေးများ၏ ဦးနှောက်စွမ်းရည်များ အလွန်လျင်မြန်စွာ တိုးတက်နေသောကာလဖြစ်ပြီး သူငယ်တန်းနှစ်များတွင် အရှိန်အဟုန်ဖြင့် ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် အခြေခံပညာမူလတန်းအဆင့်တွင် ယင်းတိုးတက်မှုများကို ဆက်လက်ရရှိရန် ပေါင်းကူးဆက်စပ်လုပ်ဆောင်ပေးရန် လိုပါသည်။

ထို့ကြောင့် ကလေးများ၏ အစောပိုင်းကာလဖွံ့ဖြိုးမှုရရှိအောင် စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျောင်းအခြေပြုမူကြိုကျောင်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့နိုင်ရန် အသက်ငါးနှစ်အောက်ကလေးများ၏ လိုအပ်ချက်၊ Early Childhood Care and Development ဝန်ဆောင်မှုလိုအပ်နေသော ကလေးအရေအတွက်၊ ရပ်ရွာ၏ Early Childhood Care and Development ဆိုင်ရာအသိပညာရှိမှု၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းအုပ်များ၊ ဆရာများနှင့် မိဘရပ်ရွာတို့မှ မူကြိုကျောင်းဖွင့်လှစ်ရန် စိတ်ဝင်စားမှု၊ ကလေးများ သင်ယူမှုအခွင့်အလမ်းရရှိမှုနှင့် ဘေးကင်းလုံခြုံမှုရရှိနိုင်သော အရင်းအမြစ်များနှင့် လိုအပ်ချက်များ စသည်တို့ကို ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။



## ကျောင်းစုဝေးသဘင်အခမ်းအနား သီပေါ အမှတ်(၁) အထက်တန်းကျောင်း၌ ကျင်းပ

**သီပေါ ဇွန် ၂**

ဇွန် ၂ ရက်တွင် အခြေခံပညာကျောင်းများအားလုံး စတင်ဖွင့်လှစ်သဖြင့် သီပေါမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ အင်္ကျီဖြူကျောင်းစိမ်းများ ဝတ်ဆင်လျက် မိမိတို့နှင့်သက်ဆိုင်ရာ ကျောင်းများအလိုက် ကျောင်းသွားတက်သော မြင်ကွင်းမှာ တစ်မြို့နယ်လုံးစိမ်းလန်းသွားပြီး ဆရာ ဆရာမများကလည်း သင်ကြားမှု၊ သင်ယူမှုလုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီ ဖြစ်သည်။ (ဓါတ်ပုံ)

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌လည်း အဆိုပါနေ့ နံနက် ၈ နာရီခွဲက ကျောင်းစုဝေးသဘင်ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ကျောင်းအုပ်ဆရာကြီး ဦးကြည်မင်းက ဆုံးမစကားပြောကြားကာ တစ်နှစ်တာ စာသင်နှစ်မှ အစပြု၍ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းသော ကျောင်းသား ကျောင်းသူများအဖြစ် ကြိုးစားကြရန် ပြောကြားသွားသည်။

အဆိုပါ ကျောင်းစုဝေးသဘင်အခမ်းအနားသို့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းများမှ အတန်းပိုင်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀၀ ကျော် တက်ရောက်ကြသည်။

**စိုင်း(သီပေါ)**

## မြန်မာ့ဂီတ အခြေခံ အဆို၊ အတီး၊ အက အခမဲ့ သင်တန်း ဆင်းပွဲ ကျင်းပ

**ပျဉ်းမနား ဇွန် ၂**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဂီတအစည်းအရုံးက ကြီးမှူးကျင်းပသော ဧပြီ ၁ ရက်မှ မေ ၃၀ ရက်ထိ နွေရာသီကျောင်းပိတ်ရက်တွင် ဖွင့်လှစ်သင်ကြားခဲ့သည့် မြန်မာ့ဂီတ အဆို၊ အတီး၊ အက အခမဲ့ သင်တန်းဆင်းပွဲကို မေ ၃၁ ရက်က ပျဉ်းမနားမြို့နယ် မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးတာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်းက အမှာစကားပြောကြားခဲ့ပြီး အစီအစဉ်အရ ဂီတမှူးစန္ဒရားငြိမ်းထက် ရေးစပ်သီကုံးသော လက်ဆင့်ကမ်းအမွေတေးသီချင်းကို သင်တန်းသား သင်တန်းသူများက သီဆိုခဲ့ကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက အကအနုပညာအခြေခံကဗျာလွတ်အက၊ မြန်မာ့ဂီတအခြေခံ ကလပ်ကြီးကြိုး(သီတာမြသား) သီချင်းကို စန္ဒရား(အော်ဂင်)၊ တယောတို့ဖြင့် လက်တွေ့သီဆိုတီးခတ်သရုပ်ပြခြင်း၊ ဗွေးတုတ်သီချင်းဖြင့် သရုပ်ဖော်ကပြခြင်း၊ မြူမှောင်ဝေကင်း သီချင်းအား လက်တွေ့တီးခတ် သရုပ်ပြကြပြီး သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## လူငယ်သင်တန်းသားများ လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

**မြိတ် ဇွန် ၂**

နိုင်ငံတော်အတွက် အားထားရမည့်လူငယ်မောင်မယ်များကို ရေကြောင်းနှင့် လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများတွင် တက်ရောက်လျက်ရှိသည့် သင်တန်းသားများအား ဒေသန္တရဗဟုသုတရရှိစေရန် လေ့လာရေးခရီးစဉ်နှင့် ပြိုင်ပွဲများယှဉ်ပြိုင်ပြီး နေရပ်သို့ပြန်လာကြသော လူငယ်မောင်မယ်များသည် ဇွန် ၁ ရက် နံနက် ၉ နာရီ ၅ မိနစ်က မြိတ်လေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါ ရေကြောင်းလူငယ် အခြေခံသင်တန်း မြိတ်မြို့နှင့် ကျွန်းစုမြို့ သင်တန်းရှိ သင်တန်းသား ၆၀ နှင့် အုပ်ချုပ်နည်းပြများ၊ လေကြောင်းလူငယ် သင်တန်းမြိတ်မှ သင်တန်းသား ၂၅ ဦးနှင့် အုပ်ချုပ်နည်းပြများအား သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူငယ်မောင်မယ်များ၏ မိဘအုပ်ထိန်းသူများက လာရောက်ကြိုဆိုခဲ့ကြသည်။

ရေကြောင်းလူငယ်သင်တန်းသားများအနေဖြင့် နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် တက်ရောက်ခဲ့သည့် သင်တန်းသားများနှင့် ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြပြီး ရေကြောင်းနှင့် လေကြောင်းလူငယ် သင်တန်းသူ သင်တန်းသားများကို လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးခဲ့ရာ သင်တန်းသားတစ်ဦးက ဒေသန္တရဗဟုသုတများ၊ အတွေ့အကြုံအသစ်များ များစွာရရှိခဲ့ကြောင်း ခရီးစဉ်အတွင်း များစွာပျော်ရွှင်ခဲ့ရကြောင်း ပြောကြားခဲ့သည်။

**ခိုင်ထူး**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း လွှတ်တော်၏ဆုံးဖြတ်ချက်အတိုင်း ပြင်ဆင်၍ နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့ရန် သဘောတူ

**နေပြည်တော် ဇွန် ၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်တွင် အတည်ပြုပြီး လွှတ်တော်၏ဆုံးဖြတ်ချက်အတိုင်း ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့ရန် သဘောတူခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သည့် **စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့သည့် **တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်များက ဖတ်ကြားတင်သွင်းကြပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၈၃)၊ နည်းဥပဒေခွဲ(ဂ)နှင့်အညီ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများ တစ်ကြိမ်စီအလိုက် ဆောင်ရွက်ချက်အကျဉ်းချုပ်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းဖြင့် အသိပေးကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းစတင်သည့် ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၄ခုနှစ် မတ် ၃၁ ရက်ထိ ကာလအတွင်း ပုံမှန်အစည်းအဝေး(၉)ကြိမ်နှင့် အထူးအစည်းအဝေး တစ်ကြိမ် ကျင်းပ ပြုလုပ်နိုင်ခဲ့သည်။ လွှတ်တော်ကျင်းပခဲ့သည့် ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူများအတွက် အမျိုးဘာသာသာသနာကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းရေး၊ မြန်မာနိုင်ငံ၏ လက်ရှိနှင့် အနာဂတ် လျှပ်စစ်လိုအပ်ချက်အတွက် အဓိကထားရမည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ရေအားလျှပ်စစ်ကဏ္ဍကို ကာလတို၊ ကာလရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရေး စသည့် ဥပဒေပြုရေးလုပ်ငန်းဆိုင်ရာများကို တိုးတက် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်တစ်ဦးက **တည်ဆဲဥပဒေများတွင် ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲရန် ကိစ္စများနှင့် စပ်လျဉ်းသည့် ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားတင်သွင်းရာ လွှတ်တော်က ပထမအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရန် ကျန်ရှိသည့် ကာလအတွင်း တတ်နိုင်သမျှပြီးစီးအောင် ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အစီရင်ခံစာကို မှတ်တမ်းတင်ကြောင်း သိရသည်။

ဆောင်ရွက်ရန်ရှိသည့် ဥပဒေများမှာ ရုပ်သိမ်းရန် ဥပဒေကိုးခု၊ ပြင်ဆင်ရန် ဥပဒေ ၆၇ ခု၊ ရုပ်သိမ်း၍ အသစ်ရေးဆွဲရန်ဥပဒေ ၄၁ ခုနှင့် အသစ်ရေးဆွဲရန် ဥပဒေ ၁၉ ခု စုစုပေါင်းဆောင်ရွက်ရန် ဥပဒေ ၁၃၆ ခုကို လွှတ်တော်အစည်းအဝေးများ ကျင်းပရန် ကျန်ရှိသည့်ကာလအတွင်း တတ်နိုင်သမျှပြီးစီးအောင် ဦးစားပေးအလိုက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အတည်ပြုပြီးသည့် အမှန်စာရင်း(Actual)များ**နှင့် စပ်လျဉ်းသည့် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင်တစ်ဦးက ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။



**ဦးစိုင်းသီဟကျော် အစီရင်ခံစာ ဖတ်ကြားစဉ်။**
(သတင်းစဉ်)



**ဒုတိယဝန်ကြီး ဦးထင်အောင် ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်း စတင်သည့်ကာလမတိုင်မီ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများက စီမံခန့်ခွဲလျက်ရှိသည့် တည်ဆဲဥပဒေပေါင်း ၄၀၁ ခုရှိပြီး ဥပဒေပြုလွှတ်တော်များ၊ ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့တို့၏ သက်တမ်းသုံးနှစ်တာကာလအတွင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေပေါင်း ၉၈ ခု ထုတ်ပြန်ပြဋ္ဌာန်းခဲ့ရာ၌ အသစ်ပြဋ္ဌာန်းဥပဒေ ၁၈ ခု၊ ပြင်ဆင်သည့်ဥပဒေ ၃၅ ခု၊ ရုပ်သိမ်းသည့် ဥပဒေ ၁၁ ခု၊ အစားထိုးပြဋ္ဌာန်းသည့် ဥပဒေ ၂၄ ခုနှင့် စီမံကိန်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့် အခွန်ဆိုင်ရာဥပဒေ ၁၀ ခုတို့ ပါဝင်ကြောင်းတွေ့ရှိရ၍ ယနေ့အထိ စီမံခန့်ခွဲလျက်ရှိသည့် တည်ဆဲ ဥပဒေပေါင်း ၄၀၀ ရှိကြောင်း လေ့လာသိရှိရသည်။

ပြည်ထောင်စု လွှတ်တော်က အတည်ပြုပြီး ဥပဒေစာရင်းများ၊ လွှတ်တော်အသီးသီးက ဆောင်ရွက်ဆဲဥပဒေကြမ်းစာရင်းများနှင့် တိုက်ဆိုင် စိစစ်ခဲ့ရာ ဌာန/အဖွဲ့အစည်း (၂၇)ခုတွင် လက်ရှိ ဆက်လက်

အလုပ်သမားအလုပ်ရှင်အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မရှင်၏အစီရင်ခံစာ အပိုဒ်၂၄ မှ ၃၃ အထိပါဝင်သော သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့် အခြေအနေများကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီအဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်လင်းအစား ဗိုလ်မှူးချုပ်သန်းထွတ်သိန်းကို အစားထိုးဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။ **(သတင်းစဉ်)**



# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား)ဗိုလ်ချုပ်ကြီး ဆာဒေးဗစ်ရစ်ချတ်စ်အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဦးကြည်ထွန်းမြ ဝင်းနှင့် ဒေါ်အေးအေးမူတို့တက်ရောက်ကြပြီး အငြိမ်းစားဗိုလ်ချုပ်ကြီး ဆာဒေးဗစ်ရစ်ချတ်စ်နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr.Andrew Patrick နှင့် ဗြိတိန်စစ်သံမှူးတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# အခြေခံသံတမန် သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၂**

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၃၃/၂၀၁၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

ယင်းသင်တန်း၌ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ၊ အပြည်ပြည်ဆိုင်ရာညီလာခံများကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ နိုင်ငံတကာ ဥပဒေ၊ အပြည်ပြည်ဆိုင်ရာစီးပွားဆက်ဆံရေး၊ နိုင်ငံတကာလူမှုဆက်ဆံရေးနီတိ၊ သံတမန်စာနှင့် ရုံးစာများ ရေးသားခြင်း၊ ဆက်သွယ်ပြောဆိုမှုပညာ စသည်တို့ကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဇွန် ၂**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ ညနေ ၄ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးမိသားစု ဝန်ထမ်းသားသမီးများကို ၂၀၁၄- ၂၀၁၅ ပညာသင်နှစ်အတွက် ထောက်ပံ့ကြေးများ ပေးအပ်သည်။

ထောက်ပံ့ကြေးအဖြစ် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ ထောက်ပံ့ကြေးငွေကျပ်တစ်သောင်း၊ တက္ကသိုလ်ဝင် ကျောင်းသားသုံးဦး၊ အထက်တန်းအဆင့်ငါးဦး၊ အလယ်တန်းအဆင့်လေးဦး၊ မူလတန်း ၁၀ ဦး စုစုပေါင်း ၂၂ ဦးကို ပေးအပ်ခဲ့ပြီး ကုန်ကျငွေကျပ် ၄၀၅၀၀၀ ရှိကြောင်း သိရသည်။

အခမ်းအနားသို့ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး မိသားစုဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်၍ ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဝန်ထမ်း သားသမီးများကို ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် ဇေယျာသီရိမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်လှလှဝင်းတို့က ထောက်ပံ့ကြေးငွေနှင့် ကျောင်းသုံးဝတ်စုံ၊ စာအုပ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# စိတ်နှလုံးဖြူ မေတ္တာတူ လူကုန်ကူးခံရသူ လက်တွဲကူ



# မီးဘေးသင့်အိမ်ထောင်စုများမှ ကျောင်းသား ကျောင်းသူလေးများအတွက် ထောက်ပံ့မှုများပြုလုပ်၍ ကျောင်းစဖွင့်ရက်တွင် အများနည်းတူ ကျောင်းတက်နိုင်

**ချောင်ဦး ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်ဦးမြို့တွင် မေ ၃၁ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုမှ အိုးမဲ့၊ အိမ်မဲ့ဖြစ်ခဲ့သော မီးဘေးသင့်အိမ်ထောင်စုများတွင် အခြေခံပညာကျောင်းသား ကျောင်းသူ ၄၇ ဦး ပါရှိခဲ့သည်။

အဆိုပါကျောင်းသား ကျောင်းသူ ၄၇ ဦးအတွက် ဇွန် ၁ ရက်က ချောင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ထီး ၄၇ လက်၊ ဖိနပ် ၄၇ ရန်၊ ချောင်ဦးမြို့နယ်ပညာရေးမှူးရုံးက ကျောင်းဝတ်စုံ ၄၇ စုံ၊ ပုံနှိပ်စာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်ခိုင်ဖြိုးပါတီက လွယ်အိတ် ၄၇ လုံးနှင့် မုံရွာခရိုင် အုပ်ချုပ်ရေးမှူးမိသားစုက စာရေးကိရိယာမျိုးစုံ ၄၇ စုံ၊ ချောင်ဦးအထကကျောင်းက ကျောင်းဝတ်စုံ ၄၇ စုံတို့ကို လာရောက်လှူဒါန်းပေးခဲ့ကြသည်။ **(ဝဲပုံ)**

**ပြုလုပ်ပေး**

ထို့အပြင် ချောင်ဦးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများကလည်း မီးဘေးသင့် ကျောင်းသား ကျောင်းသူလေးများကို သက်ဆိုင်ရာကျောင်းများတွင် ကျောင်းတက်နိုင်ရေး စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ခြင်းကြောင့် အဆိုပါ မီးဘေးသင့် ကျောင်းသား ကျောင်းသူလေးများအနေဖြင့် ယနေ့ ကျောင်းစဖွင့်ရက်တွင် အများနည်းတူ သက်ဆိုင်ရာကျောင်းများသို့ ကျောင်းတက်ရောက်နေကြပြီ ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်တွင်းသတင်း

✽ ရှေ့ဖုံးမှ

လိုအပ်နေသည့် အချိန်မှာလည်း ယနေ့ပင် လိုအပ်နေခြင်းဖြစ်သည့်အတွက် အမြန်ဆုံးမွေးထုတ်ပေးနိုင်မည့် နည်းလမ်းများနှင့် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ဘွဲ့ကြိုဆရာဝန်များကို အရည်အသွေးပြည့် အမြန်မွေးထုတ်နိုင်စေရန် မသက်ဆိုင်သည့်ဘာသာရပ်များကိုချန်လှပ်ကာ သင်ကြားသွားရန် အကြံဉာဏ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ အင်္ဂလိပ်ဘာသာရပ်အားနည်းမှုများကိုလည်း ပြင်ဆင်သွားရန်ကိုလည်း အကြံပြုလိုပါကြောင်း၊ ဘွဲ့လွန်ဆရာဝန်များကိုလည်း လတ်တလောလိုအပ်ချက်အရ မဟာတန်းအစားဘာသာရပ်စုံ Diploma ဦးစားပေးသင်ကြားမွေးထုတ်သွားရန်၊ ကန့်သတ်ချက်များ ဖြေလျှော့ခေါ်ယူသွားရန်၊ သူနာပြုသားဖွားဆရာမများကိုလည်း အလားတူစနစ်များဖြင့် ခေါ်ယူလေ့ကျင့်ပေးသွားရန်ဖြစ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် လေ့ကျင့်သင်ကြားမွေးထုတ်ရာတွင် မရှိမဖြစ်လိုအပ်သည့် သတ်မှတ်ချက်အရည်အသွေးရှိစေရန်နှင့် တက္ကသိုလ်၏ တရားဝင်အသိအမှတ်ပြုမှုရရှိစေရန် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယခင်က ရန်ကုန်ဆေးတက္ကသိုလ်(၁)နှင့်(၂)၊ မန္တလေးဆေးတက္ကသိုလ်တို့ကိုသာ တက်လိုကြပြီး မကွေးဆေးတက္ကသိုလ်ကို သွားမတက်လိုကြသည့်အထဲတွင် ဤအချက်တစ်ခုလည်း ပါဝင်ပါကြောင်း၊ ယခုဆက်လက်ဖွင့်လှစ်မည့် တောင်ကြီးဆေးတက္ကသိုလ်ကိုလည်း အလားတူအခက်အခဲမျိုးမရှိစေရေး စီမံရန်လိုပါကြောင်း၊ ဝေးလံသည့် တက္ကသိုလ်များကို လိုအပ်ချက်များ ပိုပြီးဖြည့်ပေးရန် လိုအပ်ပါကြောင်း။

တတိယအချက်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို လုပ်ငန်းခွင်အတွင်းစွဲမြဲစွာထားရှိနိုင်ရေးစီမံခြင်းပင်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်အတွင်း အားလုံးကို ပျော်ရွှင်အောင်မထားနိုင်ပါသော်လည်း အခြားဆောင်ရွက်ပေးသင့်သည့်၊ ပေးနိုင်သည့်၊ ပေးရန်လိုအပ်သည့် လူမှုရေးကိစ္စရပ်များကို ကူညီပေးသည့် စီမံမှုမျိုးရှိစေသင့်ပါကြောင်း၊ ဥပမာ အိမ်ထောင်ကျဇနီးမောင်နှံကို တာဝန်ချထားပေးရာတွင် အဆင်ပြေအောင် စီမံပေးသင့်ကြောင်း၊ ဝေးလံခေါင်းပါးဒေသတွင် တာဝန်ကျသူများကို အခွင့်အရေးပိုပေးနိုင်စေရန်၊ လုံခြုံမှုရှိစေရန်၊ မမေ့မလျော့ အချိန်တန်လျှင် ပြန်ခေါ်နိုင်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းစီမံပေးရမည်ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်မှု၊ အသုံးချမှု၊ နေရာချထားမှု၊ စီမံခန့်ခွဲမှုများအတွက် စီမံကိန်းများရေးဆွဲခြင်းသည်လည်း ကျယ်ပြန့်သည့် ခေါင်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ မွေးထုတ်ပေးသည်မှာ ဆေးသိပ္ပံပညာဦးစီးဌာနဖြစ်ပြီး အသုံးချသည်မှာ၊ နေရာချသည်မှာ စီမံခန့်ခွဲမှုများကို ကျန်းမာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည့်အတွက် တာဝန်ကြီးသကဲ့သို့ ပြဿနာလည်း ကြီးမားသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲတွင် ဤခေါင်းစဉ်ကို ဘက်စုံထောင့်စုံ ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ၊ မွေးထုတ်ရာတွင် ပုဂ္ဂလိကကဏ္ဍကို ထည့်သွင်း လေ့ကျင့်သင်ကြားမွေးထုတ်ပေးရေးကိစ္စရပ်တွင် မြန်မာနိုင်ငံရှိ ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ လိုအပ်ချက်အရပ်ရပ်ကို နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်း၏အင်အားဖြင့်ဆောင်ရွက်၍ မပြီးမြောက်နိုင်သည်မှာ သိသာထင်ရှားနေပါကြောင်း၊ ထို့အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးစေရန် နိုင်ငံတော်က အဘက်ဘက်မှ တွန်းအားပေးနေသည့် အထဲတွင် ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဘွဲ့လွန်ဆေးပညာရပ်ကို အစိုးရဝန်ထမ်းများအတွက်သာမဟုတ်ဘဲ ပုဂ္ဂလိကဝန်ထမ်းများကိုပါ အခကြေးငွေတစ်ရပ်ဖြင့် သင်ကြားပေးနိုင်မည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်လျှင် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍလည်း ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း။

ယခု ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လက်တွေ့ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုတွင် လွတ်လပ်သည့် ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် ပေါ်ပေါက်လာပါက လွတ်လပ်စွာစီမံအုပ်ချုပ်သည့် ဆေးတက္ကသိုလ်များလည်း ပေါ်ပေါက်လာမည်ဖြစ်သည့်အတွက် အစိုးရနှင့် ပုဂ္ဂလိကနှစ်ခုစလုံးကို လွတ်လပ်စွာ ရပ်တည်ယှဉ်ပြိုင်မှု ရှိလာစေရန် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

အစိုးရဝန်ကြီးဌာန ပြင်ပရောက်နေကြသူများအားလုံးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ဆောင်မှု ဘောင်အတွင်း လက်တွဲခေါ်ဆောင်ခြင်း မလုပ်နိုင်ပါက ယင်းပုဂ္ဂိုလ်များ၏ တန်ဖိုးရှိသည့်လုပ်အားကို ဖြုန်းတီးရာရောက်စေမည်ဖြစ်သည့်အတွက် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုရှိသကဲ့သို့ ပြင်ပရောက်ဝန်ဆောင်မှုလုပ်သားများအတွက်လည်း နစ်နာဆုံးရှုံးမှုဖြစ်စေပါကြောင်း။

ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှု၊ ပုဂ္ဂလိကပညာရေးမြှင့်တင်မှုတို့သည် အမြတ်အစွန်းပေါ်ထွက်ရေးဦးတည်သွားရသကဲ့သို့ နိုင်ငံတော်အပေါ် ကျရောက်နေသည့် ဝန်ထုပ်ဝန်ပိုးကိုလည်း တစ်နည်းမဟုတ်တစ်နည်း တစ်ထောင့်တစ်နေရာမှ မျှဝေထမ်းဆောင်မှုပေးနေခြင်း ဖြစ်ပါကြောင်း။

ငွေကြေးတတ်နိုင်သူ လူတန်းစားအလွှာကို သင့်တင့်မျှတသည့် အခကြေးငွေတစ်ရပ်ယူကာ စောင့်ရှောက်မှုပေးသည်ကို မျှတသည့်အမြင်ဖြင့် မြင်ကြရန်လိုမှာဖြစ်ပါကြောင်း၊ အမြတ်အစွန်းတစ်ခုရှိမှုသာ ရေရှည်လုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ပြီး ဒီထက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး စက်ပစ္စည်းကိရိယာများကိုလည်း အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိလာမည်ဖြစ်ပါကြောင်း။

ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ဝန်ဆောင်မှုပေးနိုင်သည့် ပုဂ္ဂလိကပိုင်ပညာရှင်များလည်း ရှိပါမှသာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ ယခုအခြေအနေအရ အငြိမ်းစားယူသွားသော ပုဂ္ဂိုလ်များ၏ ပံ့ပိုးဝန်ဆောင်မှုဖြင့် အစိုးရဝန်ထမ်းပညာရှင်များ၏ အချိန်ပိုင်းပါဝင်သောဝန်ဆောင်မှုဖြင့်သာ ပေးနေရခြင်းဖြစ်သည့်အတွက် ယခုထက် ဖွံ့ဖြိုးစရာမရှိပါကြောင်း။

အငြိမ်းစားဝန်ထမ်း၊ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ၏ အချိန်ပိုင်းဝန်ဆောင်မှုနှင့် မလုံလောက်ပါက ငှားရမ်းဆောင်ရွက်နိုင်မည့် နည်းလမ်းဖြစ်သည့် နိုင်ငံခြားရောက်မြန်မာနိုင်ငံသားများ သို့တည်းမဟုတ် နိုင်ငံခြားသားများကို ခေါ်ယူဆောင်ရွက်ပါက ဖြစ်နိုင်ခြေ ရှိ မရှိ ဆွေးနွေးသုံးသပ်ဆုံးဖြတ်ပေးကြရန်လည်း လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် အရေးကြီးသည့် လမ်းဆုံလမ်းခွသို့ ရောက်နေပြီဖြစ်သည်ဟု ထင်မြင်ယူဆမိပါကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းသည် တစ်ဦးတစ်ယောက် နှစ်ယောက်ဖြင့် တိုင်ပင်ဆုံးဖြတ်ခြင်းထက်အများနှင့်ဆွေးနွေး၊ ပညာရှင်များပါ ပါဝင်ဆွေးနွေး ဆုံးဖြတ်ခြင်းသည် ပို၍မှန်ကန်သည့် ဆုံးဖြတ်ချက်ရနိုင်ပါကြောင်း၊ လက်ရှိ နိုင်ငံ့စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဝန်ထမ်းအရေအတွက် ပေးနိုင်မည့် ဝန်ဆောင်မှုအခြေအနေ အရပ်ရပ်နှင့်ကိုက်ညီသော ဆုံးဖြတ်ချက်ရရှိပြီး ရရှိလာသည့်ဆုံးဖြတ်ချက်အပေါ် အသင့်တော်ဆုံး အကောင်အထည်ဖော်နိုင်မှုရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၏ ဦးတည်ချက်နှစ်ရပ်မှာ လက်ရှိအခြေအနေအရ နိုင်ငံတော်က လိုအပ်နေသည့်လူ့စွမ်းအားအရင်းအမြစ်များကို အမြန်ဆုံးမွေးထုတ်ခန့်ထားနိုင်ရေးနှင့် ယင်းသို့ လေ့ကျင့်မွေးထုတ်ရာတွင် ပုဂ္ဂလိကကဏ္ဍကိုလည်း ထည့်သွင်းလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်တစ်ခုတည်းဖြင့် ထမ်းဆောင်နေသည့်ဝန်အားကို ပုဂ္ဂလိကကဏ္ဍကိုလည်း မျှဝေပေးကာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးလာစေရန်ဖြစ်ရာ ယခုဆွေးနွေးပွဲကို တက်ရောက်လာကြသူများအားလုံးက အကောင်းဆုံးဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဆိုင်ရာ အငြိမ်းစားပညာရှင်များနှင့် တာဝန်ရှိသူများ၊ ပါမောက္ခများ၊ ဆေးနှင့် ဆေးပညာနှီးနွှယ်ကောင်စီများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှာစကားပြောကြားကာ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲကို အဖွဲ့ငါးဖွဲ့ခွဲကာ Health Workforce Retention၊ Quantity & Quality in Medical Education၊ Administration & Management၊ Private Sector Involvement၊ HRH Policy စသည့် ခေါင်းစဉ်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲ ဒုတိယနေ့တွင် ဆွေးနွေးချက်များနှင့် ထောက်ခံအကြံပြုချက်များကို ခြုံငုံသုံးသပ်တင်ပြခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

# မွန်ပြည်နယ်တွင် မေ ၂၇ ရက်မှစ၍ လျှပ်စစ်ဓာတ်အားများ ၂၄ နာရီ စတင်ပေးဝေနိုင်ပြီ



**နေပြည်တော် ဇွန် ၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်၏ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက် ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခု ပထမအဆင့် တည်ဆောက်ပြီးစီးခဲ့သည့် မွန်ပြည်နယ် မော်လမြိုင်မြို့ 230 MW သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါစီမံကိန်းသည် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလုပ်ငန်းရှင် Myanmar Lighting (IPP) Co.,Ltd တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး မွန်ပြည်နယ်တစ်ခုလုံးနှင့် ကရင်ပြည်နယ်၊ တနင်္သာရီဒေသကြီးများတွင် ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဓာတ်အားပေးစက်ရုံမှ ပထမအဆင့်တွင်ရှိသည့် 43.5MW ကို မေ ၂၇ ရက်မှစ၍ မွန်ပြည်နယ်အတွင်း စတင်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီး ဖြစ်သည်။

မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားများကို ယခင်က ပဲခူးမှ တစ်ဆင့် မဟာဓာတ်အားလိုင်းဖြင့် ဖြန့်ဖြူး ပို့ဆောင်ပေးခြင်းဖြစ်ပြီး ပို့အားကျဆင်းမှုများ၊ ဓာတ်အားမလုံလောက်မှုများကြောင့် ပြည်နယ်အတွင်း စက်မှုလက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများတွင် တိုးတက်မှု နှေးကွေးခဲ့ရသည်။ သို့သော် ယခုအခါ မော်လမြိုင်မြို့အတွင်း 230 MW သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီး ပထမအဆင့်တွင် 43.5 MW ကို ၂၄ နာရီ စတင်ဓာတ်အားဖြန့်ဖြူးပေးနေကြောင်း၊ ဒီဇင်ဘာလတွင် နောက်ထပ် 54.5 MW ထပ်မံထုတ်လုပ်မည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် 230 MW အပြည့် ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ မွန်ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇွန် ၁ ရက်တွင် မော်လမြိုင် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး **(ဓာတ်ပုံ)** လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခု အကောင်အထည်ဖော်တည်ဆောက်နေသော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံသည် ပထမအဆင့် 43.5 MW၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် 54.5 MW နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ထွက်ရှိမည့် 132 MW စုစုပေါင်း 230 MW ကို ရေး၊ ချောင်းဆုံမြို့များအပါအဝင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးနှင့် ပိုလျှံသောဓာတ်အားများကို ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ကြရန်လည်း မှာကြားခဲ့သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် မော်လမြိုင်မှ ရေးမြို့သို့ 230 KV ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ မော်လမြိုင်မြို့မှ ချောင်းဆုံမြို့အထိ 66 KV ဓာတ်အားလိုင်းများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပိုလျှံသောလျှပ်စစ်ဓာတ်အားများကို ကရင်ပြည်နယ်သို့ ဓာတ်အားလိုင်းများမှတစ်ဆင့် ဖြန့်ဖြူးပေး၍ ကရင်ပြည်နယ်တစ်ခုလုံး ဓာတ်အားပြည့်ဝစွာရရှိရေး ကရင်ပြည်နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းနှင့် အလုပ်ရုံများတွင် ဓာတ်အားလုံလောက်စွာသုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ရေးမြို့မှတစ်ဆင့် ထားဝယ်အထိ ဓာတ်အားလိုင်းများတည်ဆောက်ပြီး တနင်္သာရီတိုင်းဒေသကြီးသို့ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ဓာတ်အားများ အပြည့်အဝ ဖြန့်ဖြူးရေးများဆောင်ရွက်လျက်ရှိသဖြင့် မွန်ပြည်နယ်အတွင်းသာမက ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မကြာမီကာလအတွင်း ဓာတ်အားများ ပြည့်ဝစွာရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပျဉ်းမနားမြို့၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**ပျဉ်းမနား ဇွန် ၂**

နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂ ရက် နံနက် ၉ နာရီက အခြေခံစက်ချုပ်သင်တန်း (၁/၂၀၁၄) ဖွင့်ပွဲကျင်းပရာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့် ပျဉ်းမနားမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးတို့က သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ မြို့ပေါ်ရပ်ကွက်/ ကျေးရွာအုပ်စုများမှ စုစုပေါင်း ၇၀ ခန့်တက်ရောက်ပြီး အခြေခံ စက်ချုပ်သင်တန်းသို့ သင်တန်းသူ ၂၆ ဦး သင်ကြားကြောင်း သိရသည်။ **(ယာပုံ)** **ဇော်မျိုးနိုင်**



# တည်ဆဲဥပဒေများအနက်မှ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့်အသစ်ရေးဆွဲရန် ဆောင်ရွက်သင့်သည့် ဥပဒေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ တည်ဆဲဥပဒေများအနက်မှ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့်အသစ်ရေးဆွဲရန် ဆောင်ရွက်သင့်သည့် ဥပဒေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ခေတ်အဆက်ဆက်က ပြဋ္ဌာန်းခဲ့သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ ပြောင်းလဲဖြစ်ပေါ်နေသောအခြေအနေများနှင့်လည်းကောင်း ညီညွတ်မှု ရှိ မရှိစိစစ်၍ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

**လုပ်ငန်းဆောင်ရွက်ချက်များ**

၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းစတင်သည့် ကာလ မတိုင်မီ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေပေါင်း ၄၀၁ ခုရှိကြောင်း သိရှိရပါသည်။ ဥပဒေပြုလွှတ်တော်များ၊ ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့တို့၏ သက်တမ်းသုံးနှစ်တာ ကာလအတွင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေပေါင်း ၉၈ ခုထုတ်ပြန်ပြဋ္ဌာန်းခဲ့ရာတွင် အသစ်ပြဋ္ဌာန်းဥပဒေ ၁၈ ခု၊ ပြင်ဆင်သည့် ဥပဒေ ၃၅ ခု၊ ရုပ်သိမ်းသည့်ဥပဒေ ၁၁ ခု၊ အစားထိုးပြဋ္ဌာန်းသည့် ဥပဒေ ၂၄ ခုနှင့် စီမံကိန်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့် အခွန်ဆိုင်ရာဥပဒေ ၁၀ ခုတို့ ပါဝင်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါအချက်အလက်များအရ ယနေ့အထိ စီမံခန့်ခွဲလျက်ရှိသည့် တည်ဆဲဥပဒေပေါင်း ၄၀၀ ခုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ နိုင်ငံတော်၏တည်ဆဲဥပဒေများသည် ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေနှင့် ကိုက်ညီမှု ရှိ မရှိနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကော်မတီ အသီးသီး၏ လေ့လာစိစစ်မှု စာရင်းများအရ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်း ဆောင်ရွက်သင့်သည့် ဥပဒေပေါင်း ၁၃၇ ခုရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းစာရင်းတွင် ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့နှင့်သက်ဆိုင်သည့် ဥပဒေ ၁၃၄ ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်သက်ဆိုင်သည့် ဥပဒေ ၂ ခု၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် သက်ဆိုင်သည့် ဥပဒေ ၁ ခု တို့ပါရှိသည့်အတွက် သက်ဆိုင်ရာစီမံခန့်ခွဲမှုဌာန/ အဖွဲ့အစည်းများကလည်း တိုက်ဆိုင်စိစစ်ပြီး ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ပေးပို့ခဲ့ပါသည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း ၁၁-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၁/၄၅၃ (၁၆-ပထစ)/အဖရ(၂၀၁၄)ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများသို့ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ အစားထိုးပြဋ္ဌာန်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း ဆောင်ရွက်သင့်သောဥပဒေများကို စာရင်းခွဲခြားပြုစု၍ ဦးစားပေးအလိုက် အကျိုးအကြောင်း ဖော်ပြချက်ဖြင့် ဆောလျင်စွာပေးပို့ပါရန်နှင့် ကျန်ဥပဒေများကို အမြန်ပြုစုပေးပို့ရန် ဆက်လက်အကြောင်းကြား ဆောင်ရွက်ခဲ့ပါသည်။

၅။ ဆက်လက်၍ ၂၀၁၄ ခုနှစ် မေ ၂၂ ရက်တွင် လွှတ်တော်ရုံးခွဲ (ရန်ကုန်)၌ လွှတ်တော်အသီးသီးတွင် ဆောင်ရွက်ဆဲဥပဒေများနှင့် ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲသင့်သော ဥပဒေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယကဦးစီး၍ လွှတ်တော်နှစ်ရပ်မှ ကော်မတီ၊ ကော်မရှင်များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းချက်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်၊ အသစ်ရေးဆွဲရန် လုပ်ငန်းများအတွက် ဥပဒေပြုလွှတ်တော်များ၊ ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့တို့ ပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို နိုင်ငံတော်သမ္မတက သတ်မှတ်ပေးသည့်ရက်တွင် ကျင်းပပြုလုပ်လိုပါသဖြင့် စီမံဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

၆။ အဆိုပါ အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်ဘက်မှ အဆင်ပြေညီညွတ်သည့်အချိန်တွင် ကျင်းပပြုလုပ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြန်ကြားချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်နာယက ဦးစီး၍ ၁၄-၅-၂၀၁၄ ရက် နံနက် ၈ နာရီတွင် ပြည်ထောင်စုလွှတ်တော် ဇမ္ဗူသီရိခန်းမတွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

၇။ ထိုအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးငါးဦး ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီး ၁၈ ဦး၊ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် လွှတ်တော် ကော်မတီ၊ ကော်မရှင်အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၁၂၂ ဦး တက်ရောက်ခဲ့ကြပြီး အောက်ပါရည်ရွယ်ချက်များကို အခြေခံ၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်-

(က) မိမိတို့နိုင်ငံက လက်ခံထားသည့် နိုင်ငံတကာ စာချုပ်များနှင့် သဘောတူညီချက်များနှင့်အညီ တည်ဆဲဥပဒေများကို ပြင်ဆင်ဆောင်ရွက်ရန်၊

(ခ) ပြည်ပရင်းနှီးမြှုပ်နှံသူများအပေါ် အကာအကွယ်ပေးသည့် ဥပဒေများ အမြန်ပြဋ္ဌာန်းပေးရန်၊

(ဂ) ပြောင်းလဲလာသည့် ခေတ်စနစ်အရဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်ရေးအတွက် လိုအပ်သည့် ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းဖြင့် ပြည့်စုံမှန်ကန်မှုရှိသော ဥပဒေများ ဖြစ်လာစေရန်။

၈။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဌာနအဖွဲ့အစည်းအသီးသီးက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးတို့က တင်ပြကြပြီး ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ လွှတ်တော် ကော်မတီ၊ ကော်မရှင်များမှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

၉။ အဆိုပါ ဆွေးနွေးညှိနှိုင်းချက်များအရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ ဌာနများအလိုက်တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်၊ အသစ်ရေးဆွဲရန် ဥပဒေများစာရင်းကို သက်ဆိုင်ရာဌာနအဖွဲ့ အစည်းအလိုက် ထပ်မံစိစစ်၍ ပြည်ထောင်စုလွှတ်တော်ရုံးသို့ပေးပို့ရန် ဆုံးဖြတ်ခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့်လည်း နိုင်ငံတော်သမ္မတထံသို့ ဥပဒေပြုရေးဆိုင်ရာအစည်းအဝေးကျင်းပမှုအခြေအနေကို လတ်တလောညှိနှိုင်းဆွေးနွေးမှုအရ ဆောင်ရွက်ရမည့်ဥပဒေ ၁၂၉ ခုစာရင်းနှင့်အတူ ပေးပို့ခဲ့ပါသည်။

၁၀။ အထက်ပါအတိုင်း အဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်မှုအရပြည်ထောင်စု အစိုးရအဖွဲ့ရုံး၏ ၂၀-၅-၂၀၁၄ရက်စွဲပါစာအမှတ်၊ ၁၁/၄၃၇(၁၆-ပထစ)/ အဖရ(၂၀၁၄)ဖြင့်ပေးပို့ခဲ့သည့်ဥပဒေစာရင်းများကို ပြည်ထောင်စုလွှတ်တော်ကအတည်ပြုပြီး ဥပဒေစာရင်းများ၊ လွှတ်တော်အသီးသီးတွင် ဆောင်ရွက်ဆဲဥပဒေကြမ်းစာရင်းများနှင့်တိုက်ဆိုင်စိစစ်ခဲ့ရာ ဌာန/အဖွဲ့အစည်း ၂၇ ခုတွင် လက်ရှိဆက်လက်ဆောင်ရွက်ရန်ရှိသည့် ဥပဒေများစာရင်းကို အောက်ပါအတိုင်းတွေ့ရှိရပါသည်။ (ဥပဒေစာရင်းချုပ်ပူးတွဲထားပါသည်။)-

| | | |
|---|---|---|
| (က) | ရုပ်သိမ်းရန်ဥပဒေ | ၉ ခု၊ |
| (ခ) | ပြင်ဆင်ရန်ဥပဒေ | ၆၇ ခု၊ |
| (ဂ) | ရုပ်သိမ်း၍အသစ်ရေးဆွဲရန်ဥပဒေ | ၄၁ ခု၊ |
| (ဃ) | အသစ်ရေးဆွဲရန်ဥပဒေ | ၁၉ ခု၊ |
| | **စုစုပေါင်းဆောင်ရွက်ရန်ဥပဒေ** | **၁၃၆ ခု** |

**ကော်မတီ၏အကြံပြုသုံးသပ်ချက်**

၁၁။ သို့ပါ၍ အထက်ပါဆောင်ရွက်ရန် ဥပဒေများကို စီမံခန့်ခွဲလျက်ရှိသော သက်ဆိုင်ရာဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများက ပြင်ဆင်သင့်သည့် ဥပဒေကြမ်း၊ ရုပ်သိမ်းသင့်သည့်ဥပဒေကြမ်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေကြမ်းများကို ဦးစားပေးအလိုက် ကာလသတ်မှတ်ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့တင်သွင်းကြစေရေးနှင့် ဥပဒေကြမ်းများကို ကျန်ရှိသည့် လွှတ်တော်သက်တမ်းကာလအတွင်း လွှတ်တော်အသီးသီးတွင် ဆွေးနွေးအတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် အစီရင်ခံစာတင်ပြချက်ကို လွှတ်တော်တွင် မှတ်တမ်းတင် ထားရှိသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ**

**ရက်စွဲ။ ၃၀-၅-၂၀၁၄**

## ဥပဒေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ

**ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများမှ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့်အသစ်ရေးဆွဲရန် ဥပဒေများစာရင်း**

၃၀-၅-၂၀၁၄

| စဉ် | ဝန်ကြီးဌာန | ရုပ်သိမ်းရန် | ပြင်ဆင်ရန် | ရုပ်သိမ်း၍အသစ်ရေးဆွဲရန် | အသစ်ရေးဆွဲရန် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁။ | ပြည်ထဲရေးဝန်ကြီးဌာန | ၂ | ၁၀ | ၁ | - | ၁၃ |
| ၂။ | ကာကွယ်ရေးဝန်ကြီးဌာန | - | ၁ | ၁ | - | ၂ |
| ၃။ | နယ်စပ်ရေးရာဝန်ကြီးဌာန | - | ၁ | - | - | ၁ |
| ၄။ | နိုင်ငံခြားရေးဝန်ကြီးဌာန | - | ၂ | - | ၁ | ၃ |
| ၅။ | ပြန်ကြားရေးဝန်ကြီးဌာန | - | - | ၁ | ၂ | ၃ |
| ၆။ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | - | ၇ | - | ၄ | ၁၁ |
| ၇။ | မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | - | ၁ | ၂ | - | ၃ |
| ၈။ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန | - | - | ၂ | - | ၂ |
| ၉။ | ပို့ဆောင်ရေးဝန်ကြီးဌာန | ၂ | ၉ | - | - | ၁၁ |
| ၁၀။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | - | ၂ | - | - | ၂ |
| ၁၁။ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | - | - | ၂ | - | ၂ |
| ၁၂။ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | - | - | ၂ | - | ၂ |
| ၁၃။ | စက်မှုဝန်ကြီးဌာန | - | ၂ | ၂ | - | ၄ |
| ၁၄။ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၁ | - | - | - | ၁ |
| ၁၅။ | အားကစားဝန်ကြီးဌာန | - | - | - | ၁ | ၁ |
| ၁၆။ | ပညာရေးဝန်ကြီးဌာန | - | ၂ | ၅ | - | ၇ |
| ၁၇။ | ကျန်းမာရေးဝန်ကြီးဌာန | - | ၁၂ | ၂ | ၁ | ၁၅ |
| ၁၈။ | ယဉ်ကျေးမှုဝန်ကြီးဌာန | - | ၂ | ၂ | ၂ | ၆ |
| ၁၉။ | ဘဏ္ဍာရေးဝန်ကြီးဌာန | ၄ | ၃ | - | - | ၇ |
| ၂၀။ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | - | ၅ | ၂ | - | ၇ |
| ၂၁။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | - | ၁ | ၁ | ၃ | ၅ |
| ၂၂။ | အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန | - | ၄ | ၆ | ၂ | ၁၂ |
| ၂၃။ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | - | ၂ | ၂ | - | ၄ |
| ၂၄။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | - | ၁ | ၁ | ၂ | ၄ |
| ၂၅။ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | - | - | ၆ | - | ၆ |
| ၂၆။ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | - | - | ၁ | - | ၁ |
| ၂၇။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | - | - | - | ၁ | ၁ |
| | **စုစုပေါင်း** | **၉** | **၆၇** | **၄၁** | **၁၉** | **၁၃၆** |

(ဆက်လက်ဖော်ပြပါမည်)

# ယခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ သုံးလအတွင်းအပြီးထုတ်ချေးပေးမည်

**တပ်ကုန်း ဇွန် ၂**

တောင်သူ လယ်သမားများ အတွက် ယခုနှစ်မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေများကို သက်ဆိုင်ရာ မြို့နယ်များရှိမြန်မာ့လယ်ယာ ဖွံ့ဖြိုး ရေးဘဏ်ခွဲများက တာဝန်ယူထုတ် ချေးပေးမည်ဖြစ်ရာ နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ က တောင်သူလယ်သမားများ၏ မိုး ရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ပေါင်း ၅၂၃၀၀ ထုတ်ချေးပေးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေ များကို တပ်ကုန်းမြို့နယ်မှ ကျေးရွာ အုပ်စု ၄၈ အုပ်စု၊ ဇေယျာသီရိမြို့နယ် မှ နှစ်အုပ်စု၊ ပုဗ္ဗသီရိမြို့နယ်မှ ခြောက် အုပ်စု၊ ဥတ္တရသီရိမြို့နယ်မှ သုံးအုပ်စု စုစုပေါင်းကျေးရွာ ၅၉ အုပ်စုမှ တောင်သူဦးရေ ၁၅၀၀၀ ခန့်ကို ယခုဇွန် ဒုတိယပတ်မှ စတင်ထုတ် ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်တာဝန်ရှိ သူတစ်ဦးက ပြောကြားသည်။

“ကျွန်တော်တို့မြို့နယ် လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲအနေနဲ့ ဒီနှစ်မှာ အုပ်စုပေါင်း ၅၉ အုပ်စုမှာရှိတဲ့ တောင်သူတွေအတွက် မိုးရာသီစိုက် ပျိုးစရိတ် ချေးငွေကျပ်သိန်းပေါင်း ၅၂၃၀၀ ထုတ်ချေးဖို့ လျာထားပါ တယ်။ အခု ဇွန်ဒုတိယပတ်ကနေ ဩဂုတ်လကုန်အထိ သုံးလအတွင်း အပြတ်ထုတ်ချေးပေးမှာဖြစ်ပါတယ်။ ဒီနှစ်ထူးခြားတာက အတိုးနှုန်းသက် သာစွာနဲ့ ထုတ်ချေးပေးမှာဖြစ်တဲ့ အတွက် တောင်သူတွေအတွက် ဝမ်းသာစရာပါ။

စိုက်ပျိုးစရိတ်ချေးငွေကို ယခင် က ငွေကျပ်၁၀၀လျှင် တစ်နှစ်အတွက် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း (တစ်လလျှင် ၇၁ပြားနှုန်း)နဲ့ ထုတ် ချေးပေးခဲ့ပါတယ်။ ဒီနှစ်ကစပြီး တော့ ငွေကျပ် ၁၀၀ ကို တစ်နှစ် အတွက်အတိုးနှုန်း ၅ ရာခိုင်နှုန်း (တစ်လလျှင် ၄၂ ပြားနှုန်း)နဲ့ ထုတ် ချေးပေးမှာဖြစ်ပါတယ်။ မိုးစပါး တစ် ဧကငွေကျပ် ၁၀၀၀၀၀ နှုန်းနဲ့ ဧက ပေါင်း ၅၁၇၀၀၊ ဝါတစ်ဧကကိုငွေ ကျပ် ၂၀၀၀၀ နှုန်းနဲ့ ဝါစိုက်ဧက ၃၀၀၀ ထုတ်ချေးပေးမှာဖြစ်ပါတယ်။ လာရောက်ထုတ်ယူတဲ့အခါမှာလည်း နေပြည်တော်ကောင်စီက ချမှတ်ထား တဲ့အတိုင်း ပုံစံ(၇)တင်ပြနိုင်တဲ့ သူ တွေကိုသာ ထုတ်ချေးပေးမှာဖြစ်ပါ တယ်” ဟုတပ်ကုန်းမြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ မန်နေဂျာ ဦးငွေ သန်းက ပြောကြားသည်။

တပ်ကုန်းမြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်က ပြီးခဲ့သည့် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မိုးစပါး စိုက်ပျိုးမှု ၁၄၇၆၈ ဧကနှင့် ဝါစိုက် ပျိုးမှု ၂၉၀၅ ဧကအတွက် စိုက်ပျိုး စရိတ်ချေးငွေ စုစုပေါင်း ၅၀၃၄၉ သိန်းထုတ်ချေးပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံတော်က တောင်သူလယ် သမားများ၏ ဘဝတိုးတက်မြင့်မား ရေးကို ရှေးရှု၍ တောင်သူလယ် သမားများအတွက် စိုက်ပျိုးစရိတ် ချေးငွေများ အချိန်မီစွာ ထုတ်ချေး ပေးနိုင်ရန် အလေးထားဆောင်ရွက် ပေးနေသကဲ့သို့ တောင်သူများဘက် ကလည်း ထုတ်ယူထားသည့် စိုက်ပျိုး စရိတ်ချေးငွေများကို သတ်မှတ် ကာလအတွင်း အပြည့်အဝ ပြန်လည် ဆပ်နိုင်ရန် လိုအပ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

**သတင်း-တင်မောင်လွင်**

ပြည်တွင်းသတင်း

# ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် သုံးထပ်ကျောင်းဆောင်သစ်လွှဲပြောင်း

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနောင်တိုကုမ္ပဏီလီမိတက်နှင့် ဧဒင်အုပ်စုကုမ္ပဏီလီမိတက်တို့ စုပေါင်းလှူဒါန်း တည်ဆောက်ပေးခဲ့သော သုံးထပ် ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ စီမံကိန်းများညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက သုံးထပ်ကျောင်းဆောင်သစ်ဆောက်လုပ် လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေက သုံးထပ်ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ညိုစောက ကမ္ပည်းမော်ကွန်းကျောက်စာကိုလည်းကောင်း စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပညာရေးဝန်ကြီးဌာနမှ အလုံမြို့နယ် အမှတ် (၃) အခြေခံပညာ အလယ်တန်းကျောင်းကို အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်၍ ဖွင့်လှစ်ပေးခဲ့ပြီး မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း နောင်တိုကုမ္ပဏီလီမိတက်နှင့် ဧဒင်အုပ်စု ကုမ္ပဏီလီမိတက်တို့က သုံးထပ်ကျောင်းဆောင်သစ်အား စုပေါင်းလှူဒါန်းပေးအပ်ခြင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၏ ပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်အတွက် ပြည်ထောင်စုအစိုးရကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားနှင့် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ညိုစောက အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းခြင်း အထိမ်းအမှတ်အလံငယ်များပေးအပ်ကာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေက အမှတ်(၃) အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ထံသို့ သုံးထပ်ကျောင်းဆောင်သစ် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နောင်တိုကုမ္ပဏီလီမိတက်အုပ်ချုပ်မှု ဒါရိုက်တာ ဦးစိုင်းတစ်အောင်က ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ဒေါ်မြတ်နီလာထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အရှက်ဦးကုမ္ပဏီလီမိတက်နှင့် Golden Flower ကုမ္ပဏီလီမိတက်တို့ကိုယ်စား ဧဒင်အုပ်စုကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးဝင်းမင်းခိုင်က သင်ကြားမှုအထောက်အကူပြု ပစ္စည်းများအား တာဝန်ခံဆရာမ ဒေါ်ကျင်စွမ်းထံ ပေးအပ်လှူဒါန်းသည်။

ယနေ့လွှဲပြောင်းလှူဒါန်းသည့် သုံးထပ် ကျောင်းဆောင်သစ်မှာ အလျား ၃၀၅ ဒသမ ၉ ပေ၊ အနံ ပေ ၁၇၀ရှိပြီး ရုံးခန်း၊ ဆရာ ဆရာမများနားနေခန်း၊ အိမ်တွင်းမှုခန်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ စုဝေးခန်းမ၊ ပန်းချီခန်း၊ သိပ္ပံလက်တွေ့ခန်း၊ Language Lab ခန်း၊ စာသင်ခန်း ၂၇ ခန်း အပါအဝင် စုစုပေါင်း ၄၁ ခန်းရှိကာ အထပ်တိုင်းတွင် သောက်ရေသန့်စနစ်၊ အဆင့်မြင့်မိလ္လာစနစ်တို့ပါဝင်သည်။

ထို့ပြင် ကားပါကင်၊ စက်ဘီး ရပ်နားရန်နေရာ၊ မုန့်ဆိုင်၊ကစားကွင်းနှင့် ကျောင်းအုပ်ကြီးနေအိမ်များ ပါဝင်ပြီး စုစုပေါင်းငွေကျပ်သန်း ၄ ဒသမ ၀၇၆ ဘီလီယံကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




**(သတင်းစဉ်)**

## တောင်သာမြို့စည်ပင်ဈေးကြီး အဘက်ဘက်မှ စည်းကမ်းရှိစေချင်

တောင်သာမြို့ မြို့မစည်ပင်သာယာဈေးကြီးသည် မိတ္ထီလာ-မြင်းခြံ ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး ၁၉၉၀ပြည့်နှစ်မှစ၍ ဆိုင်ခန်းများ တိုးချဲ့ပြင်ဆင်ဆောက်လုပ်ပေးခဲ့ရာ ဆိုင်ခန်းပေါင်း ၅၅၄ ခန်းရှိ၍ မြို့နယ်အတွင်း ကျေးရွာများ၏ မှီခိုအားထားရာအဓိကဈေးကြီးဖြစ်သည့်အတွက် ဥပုသ်နေ့တစ်ရက်သာ ပိတ်ထားပြီး နေ့စဉ်စည်ကားစွာ ကူးသန်းရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဈေးကြီးသည် လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းမျိုးစုံတို့ဖြင့် အရောင်းအဝယ်ကောင်းကြသော်လည်း ဆိုင်ခန်းများ၏ လုံခြုံမှုမရှိခြင်း၊ ပြုပြင်မွမ်းမံရန် လိုအပ်နေခြင်း၊ အများသုံးအိမ်သာများ မရှိခြင်း၊ ဈေးပတ်လမ်းနှင့်လမ်းမကြီးပေါ်တွင် ကျူးကျော်ဆိုင်များနှင့်ယာဉ်ကြီးယာဉ်ငယ်များ၏ စည်းကမ်းမလိုက်နာမှုကြောင့် ယာဉ်ကြော ပိတ်ဆို့နေခြင်းများကြုံတွေ့နေရကြောင်း သိရသည်။

ယခင်က တာဝန်သိပုဂ္ဂိုလ်များက အလှည့်ကျစောင့်ကြပ်ခဲ့ဖူးကြောင်း၊ ညစောင့်ဝန်ထမ်း အနည်းဆုံးသုံးဦးခန့်ထားပေးဖို့ လိုနေကြောင်း၊ ဆိုင်ခန်းတစ်ခန်းလျှင် ပျမ်းမျှ ငွေကျပ် ၁၂၀၀ လစဉ်ပေးဆောင်ရကြောင်း၊ အများသုံးအိမ်သာဆောက်လုပ်ရန် မြေနေရာများ သတ်မှတ်လျာထားခဲ့သော်လည်း ကန့်ကွက်မှုများရှိခဲ့သည့်အတွက် ယခုအချိန်အထိ စီစဉ်မပေးနိုင်ကြောင်း၊ နိုင်ငံခြားသားနှစ်ဦး တောင်သာဈေးသို့လာရောက်လည်ပတ်စဉ်က အိမ်သာမေး၍ ဈေးနှင့်ဝေးသောနေရာသို့ လမ်းညွှန်ပေးခဲ့ရကြောင်း၊ အချို့မှာ ရပ်ဝေးမှလာရပြီး မိမိ၏ကျန်းမာရေးကိုစွ မထိန်းနိုင်၍ ဈေးအတွင်း အရှက်တကွဲ ဖြစ်မှုများမကြာခဏကြုံတွေ့ရကြောင်း၊ အချို့ဈေးဆိုင်ခန်းများကို ပြင်ဆင်ရန်အတွက် ခွင့်ပြုမိန့်တင်ပြရာတွင် အဆင်မပြေမှုများရှိကြောင်း ဈေးကော်မတီဝင် ဦးညွှန့်ဝေထံမှ သိရသည်။

"လူတွေက စည်းကမ်းကို မလိုက်နာကြတော့ဘူး၊ ဥပုသ်နေ့ဈေးပိတ်ခိုင်းထားလည်း ရောင်းနေကြတာပဲ၊ စီးပွားရေးကိုပဲ ကြည့်တာ၊ လမ်းပေါ်မှာ ကုန်တင်ကုန်ချလုပ်တယ်၊ ခရီးသည်တွေကို စောင့်ခေါ်တယ်၊ ကားလမ်းအခြေအထိ ပစ္စည်းတွေကို တိုးချဲ့တယ်၊ အခုဆိုရင် ပလက်ဖောင်းပေါ်ကိုပါ အသုံးပြုနေကြပြီး ပြုပြင်မှုအားနည်းနေပါတယ်"ဟု မြို့ခံတစ်ဦးကပြောသည်။

မိတ္ထီလာ-မြင်းခြံလမ်းမကြီးနှင့် ဈေးကြီးအကြားရှိ အနိမ့်ပိုင်းတစ်လျှောက်ကို ယခင်ကမြင်းလှည်းဂိတ်အဖြစ် သတ်မှတ်အသုံးပြုခဲ့ပြီး သွားလာမှုလွယ်ကူသော မြေသားလမ်း အကျယ်ရှိခဲ့သော်လည်း ယခုအခါအိမ်ဆိုင်များ ဖွင့်လှစ်ရောင်းချလာရာ ဆိုင်ရှေ့ဥပစာများကို လမ်းနယ်နိမိတ်အထိ ကွန်ကရစ်များအပြည့်ခင်း၍ ဆိုင်ပိုင်မြေအဖြစ် အသုံးပြုခွင့်ပေးထားကြောင်း၊ အချို့နေရာများတွင် လမ်းမျက်နှာစာကို ဝင်းခြံခတ်၍ ယာယီကုန်လှောင်ရုံများ ပြုလုပ်လာကြောင်း သိရသည်။

တောင်သာမြို့မဈေးကြီးနှင့် ပတ်ဝန်းကျင်လမ်းမများတွင် ဖြစ်ပေါ်နေသော အမြင်မတော်မှုများကို အဆင်ပြေစေရေး အမြန်ဆုံးဆောင်ရွက်ပေးဖို့ လိုအပ်နေကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**



## ကိုယ့်အားကိုယ်ကိုး သောက်သုံးရေကန်တူးဖော်

**ရေနံချောင်း ဇွန် ၂**

မကွေးခရိုင် ရေနံချောင်းမြို့နယ် ကမ္မအုပ်စု သပွတ်စုကျေးရွာတွင် ဒေသခံပြည်သူများနှင့် ကျွဲနွားတိရစ္ဆာန်များ သောက်သုံးရေဖူလုံမှု ရရှိစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတို့ ကြီးကြပ်မှုဖြင့် ကျေးလက်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဖွံ့ဖြိုးရေး စီမံခန့်ခွဲရေးကော်မတီတို့ကြီးကြပ်ကာ သောက်သုံးရေ တူးဖော်ခြင်းလုပ်ငန်းကို ကျေးလက်နေပြည်သူများက ကိုယ့်အားကိုယ်ကိုးဖြင့် တပျော်တပါး တူးဖော်နေကြသည်။ **(အပေါ်ပုံ)**

အဆိုပါရေကန်မှာ အကျယ် တစ်ဧကခန့်ရှိပြီး အနက် ၂၀ လက်မ ရှိကြောင်း အခြားလျှိုမြောင်မှ စီးလာသော ရေမဟုတ်ဘဲ မိုးကောင်းကင်မှကျသောရေကိုသာ အသုံးပြုရသဖြင့် သန့်ရှင်းစွာသောက်သုံးနိုင်ပြီး နှစ်ပတ်လည်အသုံးပြု၍ရရှိရန် ယခုကဲ့သို့ အောက်သို့နှစ်ပြီး တူးဖော်ကြရကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပိုးလောက်လမ်းကင်းရှင်းရေးအဘိတ်ဆေးထည့်

**ဒလ ဇွန် ၂**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကျန်းမာရေးဦးစီးဌာနက ရပ်ကွက်ပြည်သူများ သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရန် ဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက်က မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမများသည် သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိခင်နှင့်ကလေး ကျန်းမာရေးဌာန တာဝန်ခံဆရာမ ဒေါ်နော်သွဲ့ထူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြို့မ(၂) ရပ်ကွက်ရှိ နေအိမ်များ၌ ပိုးလောက်လမ်းစစ်ဆေးခြင်း၊ရေစည်၊ ရေကန်များတွင် အဘိတ်ဆေးထည့်ခြင်းနှင့် ခြင်မပေါက်ပွားနိုင်အောင် ဆောင်ရွက်ရမည့် ကျန်းမာရေးအသိပညာပေးသိကောင်းစရာများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဋ္ဌေး(ဒလ)**

နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးကြီးတွင် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအဖြစ် ဈေးအတွင်းအပြင် သွယ်တန်း ဖောက်လုပ်ထားသော ရေမြောင်းများ ရှင်းလင်းဆောင်ရွက်ခြင်းနှင့် Forgging ခြင်ဆေးမှုတ်ခြင်းကို မေ ၂၈ ရက်က ဈေးတာဝန်ခံနှင့်ဝန်ထမ်းများက ဆောင်ရွက်စဉ်။ ကိုကိုရှုပ



ပြည်တွင်းသတင်း

# ပြည်ထောင်စုဝန်ကြီးအား ယူကေမှ အထူးကုဆရာဝန်ကြီး လာရောက်တွေ့

**နေပြည်တော် ဇွန် ၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ယူကေနိုင်ငံ တော်ဝင်ကလေးအထူးကုဆရာဝန်များ ကောလိပ်မှ ကလေးအထူးကုဆရာဝန်ကြီး Dr.Jean Bowyer ဦးဆောင်သောအဖွဲ့သည် မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်ညှော့ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိခင်၊ မွေးကင်းစကလေးနှင့် ကလေးများ၏ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ယူကေနိုင်ငံ၏ တော်ဝင်ကလေးအထူးကုဆရာဝန်ဘွဲ့ဆေးလက်တွေ့စာစစ်ဌာန ပေါ်ပေါက်ရေး၊ ယူကေနိုင်ငံတော်ဝင်ကလေးအထူးကုဆရာဝန်များ ကောလိပ်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ဆောင်ရွက်လိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုန်အတင်အချပြုလုပ်မှုကြောင့် လမ်းပိတ်ဆို့မှု မကြာခဏဖြစ်ပွား



**တောင်ငူ ဇွန် ၂**

တောင်ငူမြို့သည် ဒေသတွင်းမြို့များနှင့် ကျေးလက်ဒေသများမှ နေ့စဉ်နှင့်အမျှ ကုန်ရောင်း၊ ကုန်ဝယ် လုပ်ငန်းအမျိုးမျိုးဖြင့် သွားလာလျက်ရှိ၍ အလွန်ပင်စည်ကားဖွံ့ဖြိုးသော မြို့ကြီးတစ်မြို့ဖြစ်သည်။ မြို့တွင်းလမ်းများတွင် အနေးယာဉ်မျိုးစုံ၊ ဆိုင်ကယ်မျိုးစုံနှင့် ယာဉ်ကြီး၊ ယာဉ်ငယ်များ အလွန်ရှုပ်ထွေးလှပြီး ယာဉ်မတော်တဆမှုများလည်း မကြာခဏဆိုသလို ဖြစ်ပွားလျက်ရှိရာ မြို့တွင်းလမ်းများအတွင်း ကုန်တင်ယာဉ်ကြီးများ ဝင်ရောက်ခြင်းနှင့် ကုန်တင်၊ ကုန်ချပြုလုပ်ခြင်းကို တာဝန်ရှိသူများက ကန့်သတ်တားမြစ်ထားသော်လည်း လိုက်နာမှု အားနည်းကြောင်း တောင်ငူမြို့ခံများက ပြောသည်။ "ဈေးလမ်းမှာ လမ်းပိတ်တာကတော့ နေ့စဉ် ဖြစ်ရိုးဖြစ်စဉ်လိုဖြစ်နေပြီ။ ခရီးသည်တင်ယာဉ်ကြီးတွေကလည်း ခရီးသည်တွေရော၊ ကုန်တွေပါ ဝင်ချနေတော့ ပိုဆိုးတာပေါ့" ဟု အထက်ပါမြို့ခံကပင် ပြောပြသည်။ ကရင်ပြည်နယ် လိပ်သို၊ သံတောင်မြို့နယ်များနှင့် လည်းကောင်း၊ ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်ရှိ ဒေသများနှင့် လည်းကောင်း၊ ကုန်သွယ်မှု ရောင်းဝယ်မှုပြုလုပ်ရာတွင် အဓိက အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်ခြင်းကြောင့် ယာဉ်ရပ်နားကွင်းနှင့် ကုန်တင်ကုန်ချပြုလုပ်သည့်နေရာကို သတ်သတ်မှတ်မှတ်ထားရှိရန် လိုအပ်ကြောင်း ဝေဖန်သုံးသပ်မှုများလည်း ရှိသည်။

**ကိုလွင်(ဆွာ)**

# မီးဘေးသင့်အိမ်ထောင်စုများအတွက် အလှူငွေများ လှူဒါန်း

**ချောင်းဦး ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ ချောင်းဦးမြောက်ရပ်ကွက်အတွင်းရှိ ရွာမရပ်တွင် မေ ၃၁ ရက် မွန်းလွဲပိုင်းက ထမင်းချက်ပြုတ်ရာမှ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ထောင်စု ၅၃ စု အိုးမဲ့၊ အိမ်မဲ့ဖြစ်ခဲ့သည်။

မီးဘေးသင့် အိမ်ထောင်စုများကို ချောင်းဦးမြောက်ရပ်ကွက် မဟာအောင်မြေသာဇံ ဘုန်းကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး အလှူခံဌာန ဖွင့်လှစ်ပေးထားရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အနောက်မြောက်ပိုင်းစစ်ဌာနချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ လည်းကောင်း၊ ချောင်းဦးမြို့၊ မုံရွာမြို့နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ စေတနာရှင် မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက လည်းကောင်းအလှူငွေနှင့် ပစ္စည်းများ လာရောက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။



မီးဘေးသင့် အိမ်ထောင်စုဝင်တစ်ဦးက "မနေ့က မီးလောင်နေစဉ် ကျွန်မတို့က တောထဲမှာ တောင်သူအလုပ်လုပ်နေကြတာကြောင့် ဘာပစ္စည်းမှမရလိုက်ပါဘူး၊ သတင်းကြားလို့ ပြန်လာတော့ မီးလောင်ကျွမ်းထားတာကိုပဲ မြင်တွေ့ခဲ့ရပါတယ်။ ပစ္စည်းတွေ ဆုံးရှုံးသွားတာကြောင့် နှမြောမိပါတယ်။ ဒါပေမယ့် ကျွန်မတို့ မီးဘေးသင့် အိမ်ထောင်စုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက အချိန်မဆိုင်းချက်ချင်းပဲ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး အားပေးစကားပြော၊ လှူဒါန်းထောက်ပံ့မှုတွေ ပြုလုပ်ပေးနေတာကြောင့် စိတ်ဖြေသာရာရပါတယ်။ ယနေ့ နံနက်ပိုင်းအထိ ကျွန်မတို့ မီးဘေးသင့် အိမ်ထောင်စုတစ်စုလျှင် ချောင်းဦးမြို့ လွှတ်တော်ကိုယ်စားလှယ်သုံးဦးက တစ်အိမ်ထောင်လျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် စေတနာရှင် မိဘပြည်သူများက လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၂၅၇၀၀၀ နှုန်းစီ၊ ဆန်တစ်တင်းခွဲအိတ်သုံးအိတ်နှုန်း၊ ဆီနှစ်ပိဿာစီ၊ ဆပ်ပြာ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူးစသည့် လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို လက်ခံရရှိပြီးဖြစ်လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်" ဟုပြောပြသည်။

ကယ်ဆယ်ရေးစခန်းရှိ အလှူခံဌာနတွင် ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီထိ မီးဘေးသင့် ပြည်သူများအတွက် အလှူငွေ ကျပ် ၁၈၅၀၀၀၀၊ ဆန်တစ်တင်းခွဲ အိတ်ပေါင်း ၂၀၀ ကျော်တို့အပြင်၊ လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို လှူဒါန်းရရှိထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဝန်ကြီးများက ချောင်းဦးမြို့ မီးဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကလည်း မီးလောင်ပြင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ချမ်းမြသာစည်မြို့နယ်၌ အခွန်ဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

**မန္တလေး ဇွန် ၂**

၂၀၁၄ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှင်းလင်းပွဲ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီက မန္တလေးချမ်းမြသာစည်မြို့နယ် အခွန်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲတွင် ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဦးအောင်မျိုးဆွေက အမှာစကားပြောကြားပြီး ချမ်းမြသာစည်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်တင်မိုးသူက ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေ များပြင်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အခွန်ထမ်းပြည်သူ ၆၀ ကျော် တက်ရောက်ကြပြီး တက်ရောက်သူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားကာ အခွန်ဆိုင်ရာ လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# ကျန်းမာရေးဝန်ထမ်းများ ကျန်းမာရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ကျောက်တံခါး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီထွန်း ဦးစီး၍ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မေ ၂၉ ရက် နံနက် ၁၀ နာရီက ကျောက်တံခါးမြို့ ဈေးပိုင်းရပ်ကွက်အတွင်းရှိ လူနေအိမ်များ၊ ဌာနဆိုင်ရာရုံးများ၊ မူကြိုကျောင်းများနှင့် မူ၊ လယ်၊ ထက် ကျောင်းများကို ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းတွင် ရေတွင်းရေကန်များကို အဘိတ်ဆေးများခတ်ခြင်း၊ ယင်လုံအိမ်သာများ စစ်ဆေးခြင်းနှင့် ဆေးများပက်ဖျန်းခြင်းလုပ်ငန်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# နမ့်ခမ်း၌ တိုင်းရင်းသားများအား ကျန်းမာရေးအခမဲ့ကုသပေး

**နမ့်ခမ်း ဇွန် ၂**

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဦးဆောင်မှုနှင့်အတူ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း ရှိုင်းဟုပ်မိသားစုနှင့် နမ့်ခမ်းမြို့သီတဂူစက္ခုဒါနမျက်စိဆေးရုံ ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းလျက် ရွှေပါရမီ ကျန်းမာရေးအလှူတော်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း)နမ့်ခမ်းမြို့၌ မေ ၃၀ ရက်မှ ဇွန် ၁ ရက်အထိ သုံးရက်အတွင်း မျက်စိဝေဒနာရှင်အပါအဝင် အထွေထွေရောဂါဝေဒနာရှင်ဦးရေ တစ်သောင်းနီးပါးကို (အခမဲ့)စမ်းသပ် ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

"ကျွန်မသားက လျှာအောက်မှာ အဖုပေါက်ပြီး တဖြည်းဖြည်းကြီးလာတယ်။ မေ့ဆေးပေးပြီး ခွဲရမယ်လို့ တချို့က ပြောတယ်။ အဲဒါ မြို့ကြီးတွေမှာ သွားပြပြီးကုဖို့ ပိုက်ဆံက မတတ်နိုင်ဘူး။ အခုဒီမှာပြကြည့်တော့ ဆရာဝန်ကြီးတွေက ထုံဆေးပေးပြီး ချက်ချင်းပဲ ခွဲစိတ်ကုသပေးလိုက်တာ တစ်ပြားမှလည်း မကုန်ဘူး။ ကျေးဇူးလည်း အထူးတင်ပါတယ်"ဟု လာရောက်ကုသမှုခံယူသော မိခင်တစ်ဦးက ဝမ်းသာအားရပြောပြသည်။

နမ့်ခမ်းမြို့ ရွှေပါရမီကျန်းမာရေးအလှူတော်တွင် အထွေထွေအသုံးစရိတ်အတွက် ရှိုင်းဟုပ်မိသားစုက အလှူငွေမတည်လှူဒါန်းပြီး လုပ်အားဒါနများ ပါဝင်ခဲ့ကြသည်။ ထို့အတူ နမ့်ခမ်းမြို့ ဒေသခံ စေတနာရှင်များကလည်း အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်း၊ ထမင်းဘူး စားသောက်ဖွယ်ရာများ သောက်ရေသန့်များ ဝေငှလှူဒါန်းခြင်း လုပ်အားဒါနများ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

"ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှာ လိုက်ပါကုသပေးကြတဲ့ ဆရာဝန်ကြီးများဟာ ဆေးခန်းတွေပိတ်ပြီး လိုက်ပါပြီး ကျန်းမာရေးကုသိုလ်ပြုကြပါတယ်။ တိုင်းရင်းသားပြည်သူ ဝေဒနာရှင်တွေကို ကုသတဲ့နေရာမှာ မျက်စိဆိုရင် ခွဲစိတ်သင့်တာ ခွဲစိတ်ပေးတယ်။ တချို့ရောဂါတွေဆိုရင် ခွဲစိတ်ကုသနိုင်သမျှ နမ့်ခမ်းဆေးရုံမှာ ခွဲစိတ်ပေးတယ်။ ဒီမှာခွဲဖို့ အချိန်မရလို့ လားရှိုး၊ မန္တလေး၊ ရန်ကုန်ကို ခွဲစိတ်ကုသဖို့လိုအပ်တဲ့ ဝေဒနာရှင်တွေဆိုရင် ကာယကံရှင်ရဲ့ ခွဲစိတ်မှုခံယူချင်တဲ့စိတ်ဆန္ဒရှိရင် ကျွန်တော်တို့ ရွှေပါရမီက သွားရေး၊ လာရေးကအစ ကုသမှုစရိတ်အားလုံးခံပြီး တာဝန်ယူဆောင်ရွက်ပေးသွားပါ့မယ်" ဟု ရွှေပါရမီမှ ဦးဝင်းရှိန်က ပြောသည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မှ ရှမ်း၊ ကချင်၊ တအာင်း(ပလောင်)၊ လီရှောနှင့် အခြားတိုင်းရင်းသားများ၊ စစ်ဘေးရှောင် တိုင်းရင်းသားများ လာရောက်ကုသမှု ခံယူကြကြောင်း သိရသည်။

**ညဏ်မင်း(နမ့်ခမ်း)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# စိန်တစ်လုံးသရက် အဝယ်ခက်တော့မည်



**မန္တလေး ဇွန် ၂**

မန္တလေးသရက်သီး ဈေးကွက်တွင် ဈေးကောင်း၍ လူကြိုက်များသော စိန်တစ်လုံး သရက်သီးများ ဇွန်လဆန်းမှစ၍ ရှားပါးလာပြီး လလယ်ပိုင်းလောက်တွင် တဖြည်းဖြည်း တုံးချိန်ရောက်တော့မည်ဖြစ်ကြောင်း သရက်သီးဈေးကွက်မှ သိရသည်။

စိန်တစ်လုံးသရက်သီးများကို ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာတွင် အများဆုံးစိုက်ပျိုးလျက်ရှိပြီး တပေါင်းလတွင် အကင်းများ စတင်ထွက်ရှိ၍ ဧပြီလကုန်ပိုင်းမှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဟန်မြင့်မိုရ်ကျေးရွာရှိ စိန်တစ်လုံး သရက်ခြံလုပ်ငန်းရှင်များက ပြောသည်။

"တပေါင်းလဆန်းလောက်မှာ အကင်းလေးတွေစထွက်ပြီး အဲ့ဒီအချိန်မှာ အပင်ပတ်လည်နဲ့ အရွက်တွေကို ပိုးသတ်ဆေးဖျန်းပေးရတယ်။ အသီးကြီးထွားလာတဲ့အခါ ရာသီဥတုဒဏ်နဲ့ အရောင်လှအောင် တရုတ်ကထုတ်လုပ်တဲ့ ပလတ်စတစ်အိတ်တွေနဲ့ အသီးကိုထုပ်ထားပေးရတယ်။ ဧပြီနောက်ဆုံးပတ်ကစပြီး တရုတ်ပြည်နဲ့ ပြည်တွင်းဈေးကွက်ကိုစတင်ရောင်းချပါတယ်"ဟု ခြံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စိန်တစ်လုံးသရက်သီးများစပေါ်ချိန်၌ အလုံးအသေးအကြီးအလိုက် တစ်လုံးလျှင် ငွေကျပ် ၂၀၀ မှ ၃၀၀ အတွင်းသာ ဈေးရရှိပြီး တဖြည်းဖြည်း ဈေးကောင်းလာကာ ရာသီကုန်ခါနီး ဇွန်လဆန်းလောက်မှစ၍ ငွေကျပ် ၆၀၀ မှ ၇၀၀ အထိ ဈေးကောင်းရတတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ရာသီချိန်ကုန်ခါနီးလေ ဈေးကောင်းရလေပါပဲ။ မေလမှာထွက်တဲ့ အသီးက အရောင်လှပြီး ပိုချိုပါတယ်" ဟု ၎င်းကပြောသည်။

စိန်တစ်လုံး သရက်ပင်များသည် ခြံပိုင်ရှင်ကို ပစ်ပယ်ခြင်းမရှိ၊ အကျိုးဖြစ်ထွန်းမှုကိုသာပေးတတ်ပြီး မိသားစု ဘဝကိုခိုင်မာစွာ ရပ်တည်နေနိုင်သောလုပ်ငန်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂-၆-၂၀၁၄

**ဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၆၈၀၀ |

**စက်သုံးဆီဈေးနှုန်း(ပုဂ္ဂလိကဆိုင်များ)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၉၄၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၁၁၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၅၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၈၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၆။ | ပုစွန်ထုပ် | တစ်ပိဿာ | ၉၀၀၀-၁၅၅၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၅၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၉၀၀၀-၁၅၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၈၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၆၂-၉၇၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၀-၁၃၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၂-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁.၂-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၄-၁၆ |
| တရုတ် | တစ်ယွမ် | ၁၅၅-၁၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀-၃၀၀ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧယာအသစ်) | တစ်အိတ် | ၁၆၈၀၀ |
| ပေါ်ကျွဲ (အသစ်) | တစ်အိတ် | ၂၀၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၄၅၀၀-၂၈၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၂၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၆၅ |
| ဆိပ်ဖြူကြက်သွန်ဖြူ | တစ်ပိဿာ | ၃၂၅-၄၇၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၈၅၀-၁၄၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၃၂၅ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၈၀-၆၀၀ |
| ငရုတ်ရှည် (ပျော်ဘွယ်မိုး) | တစ်ပိဿာ | ၂၂၀၀-၂၄၀၀ |
| ငရုတ်ပွ (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၂၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၈၈၀-၉၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် ဧစ္ဆုတင်ပြသည်။

# ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့် ပုလဲသွယ်စပ်မျိုးစပါးပေးအပ်

**မိုင်းဆတ် ဇွန် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဆိုက်ခေါင်းကျေးရွာအုပ်စု ဝမ်ဟုန် ဝအထူးဒေသခန်းမဆောင်၌ မေ ၃၁ ရက်နံနက် ၁၁ နာရီက နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးအတွက် ပုလဲသွယ်စပ်မျိုးစပါး ပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးထိန်ဝင်းတို့က အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနေလင်းက ပုလဲသွယ် စပ်မျိုးစပါးနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းတို့က မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်အတွင်းရှိ ဝအထူးဒေသ မိုင်းယွမ်း၊ မိုင်းတုံ၊ မုံးကျွတ်နှင့် ဟွေအော ကျေးရွာအုပ်စုမှ တောင်သူများကို စမ်းသပ်စားသုံးရန် ပုလဲသွယ်စပ်မျိုးစပါး ငါးတင်း၊ လယ်မြေ ဧက ၂၁ ဧကတွင် စမ်းသပ်စိုက်ပျိုးရန် ပုလဲသွယ်စပ်မျိုးစပါး ၁၅၀ ကီလိုတို့ကို တောင်သူလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ပုလဲသွယ်စပ်မျိုးစပါးသည် ပျိုးသက်ရက် ၂၀ သာ ပျိုးရပြီး တစ်ဧကစပါးအထွက်နှုန်းတင်း ၁၈၀ ထွက်ရှိကြောင်း သိရသည်။

**သန်းဇော်(iprd)**



# နမ့်စန်မြို့၌ ဘိန်းအစားထိုးသီးနှံပေးအပ်

**နမ့်စန် ဇွန် ၂**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်မှ နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်၍ ဘိန်းစိုက်ပျိုးမှုဒေသများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ပနိုင်ငံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်၌ ဘိန်းအစားထိုးသီးနှံမျိုးစေ့ပေးအပ်ပွဲကို မေ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရက အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစိုးမြင့်က ဘိန်းစိုက်ပျိုးမှုပပျောက်ရေး နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်၍ ဆောင်ရွက်မည့်အစီအမံများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြစ်မှု၊ ပြစ်ဒဏ်နှင့် ဥပဒေများကို ရှင်းလင်းပြီးနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းစောမြက ဘိန်းအစားထိုးသီးနှံပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံသို့ အစားထိုးသီးနှံအတွက်ကောင်းစပါးမျိုးစေ့များ ပေးအပ်ခဲ့သည်။

အဆိုပါ ဘိန်းအစားထိုးသီးနှံပေးအပ်ပွဲသို့ ခိုလမ်မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အဝီစိတွင်းတစ်တွင်း၊ ဂါလန် ၁၀၀၀၀ဆံ့ ရေကန်တစ်ကန်နှင့် မော်တော်ယာဉ်ရပ်နားရန် ကိုးခန်းပါ Car Parking တစ်ခု ဆောက်လုပ်နိုင်ရေး မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၉-၆-၂၀၁၄ ရက် ၁၆း၃၀နာရီနောက် ဆုံးထား၍ ဤရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်းနံပါတ်-၀၆၇-၄၃၀၂၄၀၊ ၀၆၇-၄၃၀၂၄၁**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## မိဘအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲ၊ မြို့ကုန်းကျေးရွာ၊ အလက(ခွဲ) မြို့ကုန်း (၁) ပဥ္စမတန်းမှ မောင်ဇင်ကိုဟန်၏ မိဘအမည်မှန်မှာ ဦးမောင်ဆန်း-ဒေါ်နိုင်နိုင်ဝင်းတို့ ဖြစ်ပါကြောင်း။

**ဦးမောင်ဆန်း ၁၄/ဖပန(နိုင်) ၁၁၄၄၃၈**
**ဒေါ်နိုင်နိုင်ဝင်း ၁၄/ဖပန(နိုင်)၁၃၅၃၉၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော်တို့၏ သွင်းကုန်လိုင်စင်အမှတ်-
1. ISP 3 14-15 1091 02/05/14 နှင့်
2. ISP 3 14-15 0911 29/4/14 တို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပေးပါရန်။

**ဦးမင်းဆွေ၊ ဦးကျော်နိုင်ဦး**
**ဆက်သွယ်ရန်-ဖုန်း-၆၆၆၆၂၉၊ ၀၉-၃၁၁၂၃၃၇၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၈၄၇၂၊ Nissan Terrona TRR50၊ S/W(4x4) ယာဉ်လက်ဝယ်ရှိသူ အရှင်ဥတ္တရ ၁၂/ဗဟန(သ)၀၀၁၈၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အမည်ပြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ပန်းတောရပ်ကွက်နေ ဦးအောင်လွင်၏သမီး အထက-၁၊ သရက်ချောင်း၊ သူငယ်တန်းမှ မခွန်းဆက်ပိုင်အား ယနေ့မှစ၍ မခွန်းဆက်ဝိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မခွန်းဆက်ဝိုင်**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Refrigerator | ၃ |
| ၂။ | Air Conndtioner(1.5HP) | ၃ |
| ၃။ | Laser Fax | ၂ |
| ၄။ | All in One Laser Machine | ၂ |
| ၅။ | External Hard disk | ၁၀ |
| ၆။ | Memory Stick | ၁၀ |
| ၇။ | Laptop(Dell),Intel corei7 | ၆ |
| ၈။ | Color Printer | ၂ |
| ၉။ | Networking Accessories | ၁၀ |
| ၁၀။ | Roll Lamimator | ၁ |
| ၁၁။ | LCD Projector | ၁ |
| ၁၂။ | Trimmers(Rexel) | ၁ |
| ၁၃။ | Office table(6'x4') | ၂ |
| ၁၄။ | Armed Chair | ၇ |
| ၁၅။ | Office table(5'x3') | ၅ |
| ၁၆။ | Computer Table & Chair | ၅ |
| ၁၇။ | Steel Almirah | ၄ |
| ၁၈။ | ဖိုင်တင်စင် | ၃ |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၁-၆-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၄-၆-၂၀၁၄ရက်မှစ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် ၃၆၊ ဖုန်း-၀၆၇-၄၀၈၀၅၇၇သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းတင်သွင်းနိုင်ပါသည်။

**ပြည်ထောင်စုဝန်ကြီးရုံး**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တင်ဒါခေါ်ယူရေးအဖွဲ့**
**မွန်ပြည်နယ်**

## ဆောက်လုပ်ရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အမှတ်(၁)အခြေခံပညာဦးစီးဌာန (ငွေလုံးငွေရင်း) ခေါင်းစဉ်ဖြင့် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း ၆၁ ကျောင်းအတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပေ (၆၀ ×၃၀) RC **တစ်ထပ်ဆောင်များ**
(ခ) ပေ (၉၀ ×၃၀) RC **တစ်ထပ်ဆောင်များ**
(ဂ) ပေ (၁၂၀ ×၃၀) RC **တစ်ထပ်ဆောင်များ**

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများအတွက် လိုအပ်သော အချက်အလက်ပုံစံ၊ ဈေးနှုန်းများပြည့်စုံစွာဖြင့် တင်ဒါကြီးကြပ်မှုကော်မတီ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ၂၇-၆-၂၀၁၄ရက်အရောက် တင်ဒါပေးသွင်းနိုင်ပါရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ၀၅၇-၂၅၉၁၅ (တင်ဒါခေါ်ယူရေးအဖွဲ့)
(ခ) ၀၅၇-၂၇၃၀၃
(ဂ) ၀၅၇-၂၇၁၄၉

**တင်ဒါခေါ်ယူရေးအဖွဲ့**

## အမည်ပြောင်း

နေပြည်တော်၊ အထက(၁) ဒသမတန်း (S)မှ ဦးစိုးထွန်း၏သမီး မထက်ထက်ဆွေ ၉/ဇယသ(နိုင်)၀၀၄၃၄၆အား ယနေ့မှစ၍ မထက်ထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မထက်ထက်အောင်**
**အထက(၁) နေပြည်တော်**

## ကျေးဇူးဆပ်ပါမည်

၃၁-၅-၂၀၁၄ရက် နံနက်ပိုင်းက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမတွင် အရေးကြီးစာရွက်စာတမ်းများပါ ပိုက်ဆံအိတ်အနက်တစ်လုံး မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၈၂၁၇၉၊ ၀၉-၂၅၀၀၆၄၆၀၀**

**ပြည်တွင်းသတင်းနှင့် ကြော်ငြာ**

# သံလမ်းပိုင်းများ ကြံ့ခိုင်မှုရှိရန် ကွန်ကရစ်ဇလီဖားတုံးများလဲလှယ်



**မော်လူး ဇွန် ၂**

စစ်ကိုင်းတိုင်း ဒေသကြီး အင်းတော်မြို့နယ် မော်လူးဘူတာရုံ ရပ်ဝင်းဧရိယာအတွင်း သံလမ်းပိုင်းများကြံ့ခိုင်မှုရှိရန် သစ်သားဇလီဖားတုံးနေရာများတွင် ကွန်ကရစ်ဇလီဖားတုံးများကို အစားထိုးလဲလှယ်လျက်ရှိကြောင်း သိရသည်။

မော်လူး မီးရထားလမ်းပိုင်း ဧရိယာများ ကြံ့ခိုင်မှုရှိရန်အတွက် မော်လူးမီးရထားလမ်းပိုင်းတာဝန်ခံ လမ်းဗိုလ်လေး ဦးထင်လှအောင်နှင့် လုပ်သားအင်အား ၁၅ ဦးက သစ်သားဇလီဖားတုံးအဟောင်းနေရာများတွင် ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးလဲလှယ်ခဲ့ကြသည်။

"အရင်က ကျွန်တော်တို့ သံလမ်းပြင်အလုပ်သမားအဖွဲ့ကို လက်ထောက်အင်ဂျင်နီယာ လက်အောက်ခံ တိုင်းရုံး (၂) ရထောင်တွင် လုပ်ကိုင်စဉ်က ကွန်ကရစ်ဇလီဖားတုံးတစ်တုံးကို ငွေကျပ် ၆၀၀ ရတယ်၊ အခု ငွေကျပ် ၃၀၀ ပဲ ပေးတယ်ဆိုတော့ စားစရိတ်နဲ့ တွက်ခြေမကိုက်ဘူး၊ ကျွန်တော်တို့အလုပ်က နေပူမရှောင်၊ မိုးရွာမရှောင်လုပ်ကိုင်ရတာ အလွန်ပင်ပန်းလှပါတယ်၊ ဒီနယ်မြေမှာ အခုလိုပင်ပင်ပန်းပန်း လုပ်နိုင်တဲ့ အလုပ်သမားကရှားတော့ ကျွန်တော်တို့ တစ်ရပ်တစ်ကျေးက အခုလို လာရောက်လုပ်ကိုင်ရတာပါ" ဟု အလုပ်သမားများထံမှ ကြားသိရသည်။ **(၁၄၉)**

## စက်လှေ မီးလောင်ဆုံးရှုံး

**အိမ်မဲ ဇွန် ၂**

အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တော်စုကျေးရွာချောင်းအတွင်း၌ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော စက်လှေတစ်စင်း မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၀ ရက် ည ၉ နာရီမိနစ် ၅၀ ခန့်က တော်စုကျေးရွာချောင်းအတွင်း၌ ဆိုက်ကပ်ထားသော စက်လှေတစ်စင်းတွင် အိမ်မဲမြို့နယ် ကွင်းယာတံခွန်တိုင် ကျေးရွာနေ စက်လှေစောင့် မင်းကို (၃၁နှစ်) သည် စက်လှေ ဘုရားစင်၌ ဖယောင်းတိုင်မီးပူဇော်ထားပြီး ဘေးချင်းယှဉ်ဆိုက်ကပ်ထားသည့် စက်လှေတွင် သွားရောက်အိပ်ပျော်နေရာ ဖယောင်းတိုင်မီးမှ စက်လှေထပ်ခိုးနှင့် အိမ်သာသို့ မီးကူးစက်လောင်ခဲ့ရာပြည်သူများ ငြိမ်းသတ်မှုကြောင့် ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ **ပုသိမ်-လှကြည်**




မေ ၂၆ ရက်က ပန်းဘဲတန်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်က အမျိုးသမီးရေးရာအဖွဲ့ဝင်အသစ်ရှစ်ဦးကို ဝတ်စုံများထောက်ပံ့ပေးအပ်စဉ်။ မီးမီး(လှိုင်)

## သွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**နတ်မောက် ဇွန် ၂**

နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးရွာ ကံစွယ်ကျေးရွာ ရွှေသိရီအေးမြ မေတ္တာဆေးခန်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်တိုက်အုပ်ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အရှင်သိရိကဥ္စနာဘိဝံသ ဦးဆောင်၍ ဆေးတက္ကသိုလ်သွားရောဂါဌာန ကထိက ဒေါက်တာဒေါ်ခင်ဆွေအေးဦးဆောင်သော ဆရာဝန်များသည် ကျေးရွာပေါင်းစုံမှ သွားနှင့်ခံတွင်း လူနာ ၁၃၂ဦးတို့ကို ဆေးဝါးကုသပေးပြီး ကျန်းမာရေးပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **အောင်သန်းထွန်း(နတ်မောက်)**

## ဖြူးမြို့နယ်တွင် တစ်ရက်တည်း မိုးကြိုးနှစ်ကြိမ်ပစ်၊ နှစ်ဦးသေဆုံး

**ဖြူး ဇွန် ၂**

မေ ၂၈ ရက် ညနေ ၃ နာရီခွဲခန့်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် လယ်ကွင်းထဲ၌ ထယ်ထိုးနေသူတစ်ဦး မိုးကြိုးပစ်ခံရပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြူးမြို့ အရှေ့ဘက်သုံးမိုင်ခန့်အကွာ သာယာကုန်းကျေးရွာနေ ရဲဝင်း(၃၀ နှစ်) လယ်လုပ်သည် ၄င်းနေထိုင်သော ကျေးရွာ၏ မြောက်ဘက် တစ်မိုင်ခန့် အကွာတွင်ရှိသည့် လယ်ကွင်းထဲ၌ ထယ်ထိုးနေစဉ် မိုးကြိုးပစ်ခံခဲ့ရပြီး သေဆုံးနေကြောင်း သတင်းအရ ဖြူးမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးစံလှ ဦးစီး ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရဲဝင်းမှာ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရ၍ ဖြူးမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ်ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ အလားတူပင် ဖြူးမြို့ အနောက်ဘက် သုံးမိုင်ခန့်အကွာ မင်းဂံရိုးကျေးရွာအုပ်စု၊ ဖြူးမြို့မှ အမြန်လမ်းသို့သွားသည့် ကားလမ်းဘေးတွင် နွားကျောင်းနေသည့် မဆိုဖာကူမာရီ (၂၀နှစ်) မြောက်ဒိုင်းတစ်ရာကျေးရွာနေသူသည် မိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်း သတင်းအရ ဖြူးမြို့မရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ မဆိုဖာကူမာရီသည် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရ၍ ဖြူးမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အိပ်ငိုက်၍မောင်းလာသောကား ဓာတ်တိုင်ဝင်တိုက်



**မော်လူး ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်ကြီးမြို့နယ် ပင်ဝယ်ကျေးရွာအနီးတွင် အိပ်ငိုက်၍ မောင်းနှင်လာသော ဖိုးဝိုးကား လမ်းဘေးဓာတ်တိုင်ဝင်တိုက်မိပြီး တိမ်းမှောက်မှုဖြစ်ပွား၍ လျှပ်စစ်မီး အချိန်အနည်းငယ် ပြတ်တောက်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၁ ရက် ညနေ ၄ နာရီခန့်က ပင်လယ်ဝကျေးရွာ ရဲကင်းမှူး ဒုရဲအုပ်မင်းသိန်းထွန်း တာဝန်ထမ်းဆောင်နေစဉ် ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်းမကြီး အတိုင်းမောင်းနှင်လာသော ယာဉ်မောင်း သန့်ဇင်လွင် ယာဉ်အမှတ် ၄ခ/--- ဖိုးဝိုးနီညိုရောင်ကားသည် အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာဘက်မှ မောင်းနှင်လာစဉ် ကားလမ်းမိုင်တိုင်အမှတ် (၁၅၃/၀၁) ကြားရှိ လမ်းဘေး ကွန်ကရစ်ဓာတ်တိုင်ကို ဝင်တိုက်သဖြင့် ဓာတ်တိုင်အောက်ခြေကျိုး ကြေမွပြီး လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ယာဉ်မောင်းမှာ ငိုက်ပြီးမောင်းနှင်ခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းသန့်ဇင်လွင်မှာ ဒဏ်ရာအနည်းငယ်ရရှိသွားပြီး ယာဉ်ပေါ်လိုက်ပါလာသူ ဦးမောင်ဆန်း (၅၅နှစ်) ရွာသစ်ကုန်း မိုးကောင်းမြို့နေသူမှာ ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာ မရရှိခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ကွန်ကရစ်ဓာတ်တိုင် အောက်ခြေကျိုးကျပြီး လျှပ်စစ်မီးမှာ လေးနာရီ ခွဲခန့်ခဏတာ ရပ်နားခဲ့ပြီး လျှပ်စစ်မီး ပုံမှန်ရရှိရေးအတွက် မော်လူးလျှပ်စစ်မှ တာဝန်ရှိသူများက ပျက်စီးသွားသော ကွန်ကရစ်ဓာတ်တိုင်ကို ယာယီသစ်သားတိုင်အစားထိုးကာ အချိန်မီ ပြုပြင်ဆောင်ရွက်ခဲ့သဖြင့် ည ၈ နာရီခွဲခန့်တွင် လျှပ်စစ်မီး ပုံမှန်ရရှိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး ယာဉ်မဆင်မခြင် မောင်းနှင်သူ သန့်ဇင်လွင်အား မော်လူးရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၄၉)**


**ဆရာဒွေး အင်္ဂလိပ်စာသင်တန်း**
**သဒ္ဒါ နှင့် အရေးအသားသန့်**

တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ် တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်သည် ဆရာများကိုယ်တိုင် လက်ကိုင်ထားသင်ပေးနေသည့် (ပ/ဒုတွဲ)စာအုပ်ဖြစ်၍ အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက်(၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။

ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။

ဇွန်လ (၄/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ် ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

၈-၉-၁၀ တန်း နှစ်ပေါက်သင်လိုသူများ *Guide* (သို့) ၁၀ ယောက်တန်းခွဲ ရှိသည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 0950 47516


**အမည်ပြောင်း**

ဦးနောင်နောင်လှိုင်မိုးညို၏သား ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း၊ ဆဋ္ဌမတန်း(K)မှ မောင်ကောင်းမြတ်နောင်အား မောင်အောင်ကောင်းဆက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကောင်းဆက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား |
|---|---|
| ၁။ | ၆"-၉" ထုံးဘိုကျောက်ကြီး |
| ၂။ | ၆"-၉" ညောင်ခြေထောက်ကျောက်ကြီး |
| ၃။ | ၆"-၉" နှမ်းကျောက် |
| ၄။ | ၁"-၂" ခွဲကျောက်(မန္တလေး) |
| ၅။ | 1/2"-3/4" Chipping (မန္တလေး) |
| ၆။ | 3/8"-1/2" Chipping (မန္တလေး) |
| ၇။ | ကျောက်စရစ် |
| ၈။ | မြစ်သဲ |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၆-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၆-၆-၂၀၁၄ ရက် မွန်းတည့် ၁၂:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၆-၆-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မအူပင်မြို့

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို မအူပင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၅-၃၀၃၆၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့ရှိ ရုံးအဆောက်အအုံများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေဖြင့် အဆောက်အအုံ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၆-၂၀၁၄ ရက်မှ ၁-၇-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာများနောက်ဆုံးလက်ခံမည့်ရက်/အချိန်** -၂-၇-၂၀၁၄ ရက် ၁၁:၀၀ နာရီ

(ခ) **တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန်** -၂-၇-၂၀၁၄ ရက် ၁၅:၀၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို ၉-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၈၀/၈၆ ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ စီမံရေးရာဌာနသို့ လာရောက်စုံးစမ်း၍ ရယူဆောင်ရွက်နိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း ဧရာဝတီတိုင်းဒေသကြီးရှိ မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း လုပ်ငန်းများဆောင်ရွက်ရန် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား |
|---|---|
| ၁။ | ၆" - ၉" ညောင်ခြေထောက်ကျောက်ကြီး |
| ၂။ | ၁"-၂" ခွဲကျောက်(မန္တလေး) |
| ၃။ | 3/4" ကျောက်သေး(မန္တလေး) |
| ၄။ | 3/8" ကျောက်သေး(မန္တလေး) |
| ၅။ | မြစ်သဲ (သဲကြမ်း) (ဒေသထွက်) |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၆-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၆-၆-၂၀၁၄ရက် မွန်းတည့် ၁၂:၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၆-၆-၂၀၁၄ရက် မွန်းလွဲ ၂ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မအူပင်မြို့

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မအူပင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၅-၃၀၃၆၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်( ၈၉ ) မြေကွက်အမှတ်( ၁၁၇ )၊ ဧရိယာ( ၄၀'× ၆၀' )ရှိသော ဦးကျော်နိုင်( ၁၂/သလန(နိုင်) ၀၇၆၆၃၉ )အမည်ပေါက်သည့်ပါမစ်မြေကွက် နှင့်

မြေကွက်အမှတ်( ၁၁၈ )၊ ဧရိယာ( ၄၀'×၆၀' )ရှိသော မောင်ချစ်(ခ)ချစ်ကိုကို( ၁၂/သလန(နိုင်)၀၂၉၆၇၄ )အမည်ပေါက်သည့်ပါမစ်မြေကွက်၊ စုစုပေါင်းပါမစ်မြေကွက်( ၂-ကွက် )ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်ပါသည်ဟုဝန်ခံကတိပြုသူ ဦးသိန်းထိုက်အောင်(၁၂/အလန(နိုင်)၀၃၉၄၁၄)ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၃)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

| | |
|---|---|
| ဦးသန့်ဇင်( LL-B ) | ဒေါ်ဟန်နွေနိုင် ( LL-B ) |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄) |
| Ph-09-731 70516 | Ph-09-4200 73685 |


**ATP အောင်သပြေ Hotel - 2**

ဟိုတယ်အသစ်တွင် မြန်မာပြည်တွင်း ဧည့်သည်များကို အထူးသျှော့ဈေးဖြင့် တည်းခိုနိုင်ပါပြီ။

အမှတ်(၁၁၀)၊ သမိုင်းဘူတာရုံလမ်း ၊ (ဘုရင့်နောင် နှစ်ထပ်ဂုံးကျော် တံတားအဆင်းအနီး) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph: 01-522933 , 522934

E-mail : aungthapyayhotel2@gmail.com

http://www.aungthapyayhotel2.com

သမိုင်းဘူတာရုံလမ်းမှ လာလျှင် ဘုရင့်နောင်လမ်းဆုံတွင် (ဂ) ကွေ့ကွေ့၍ ဟိုတယ်ယာဉ်ရပ်နားကွင်းသို့လာနိုင်ပါသည်။

နိုင်ငံတကာအားကစားသတင်း

## နိုင်ငံတကာ ခြေစမ်းပွဲနှင့် ဖလားပွဲစဉ်များ သီဟ

**နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ** **ဇွန် ၃/၄**

| | | | | |
|---|---|---|---|---|
| ကော်စတာရီကာ | - | ဂျပန် | နံနက် | ၇း၃၀ |
| ယူအေအီး | - | ဂျော်ဂျီယာ | ည | ၁၁း၃၀ |
| ချက်ဇ် | - | ဩစတြီးယား | နံနက် | ၁း၀၀ |
| ဆွစ်ဇာလန် | - | ပီရူး | နံနက် | ၁း၀၀ |
| ဘရာဇီး | - | ပနားမား | နံနက် | ၁း၃၀ |

**နိုင်ငံတကာ U21 ပွဲစဉ်များ** **ဇွန် ၃**

| | | | | |
|---|---|---|---|---|
| ချက်ဇ်U 21 | - | ဩစတြီးယားU 2 | ည | ၉း၃၀ |

**ဇွန် ၁/၂ ဂိုးရလဒ်များ**

**နိုင်ငံတကာ ခြေစမ်းပွဲ ရလဒ်များ**

| | | |
|---|---|---|
| ပနားမား | ၁-၁ | ဆားဗီးယား |
| အမေရိကန် | ၂-၁ | တူရကီ |
| ဂျာမနီ | ၂-၂ | ကင်မရွန်း |
| ဆွီဒင် | ၀-၂ | ဘယ်လ်ဂျီယံ |
| ပြင်သစ် | ၁-၁ | ပါရာဂွေး |

**Toulon Tournament ပွဲစဉ် ရလဒ်များ**

| | | |
|---|---|---|
| ပေါ်တူဂီU 20 | ၁-၀ | အင်္ဂလန်U 20 |
| ပြင်သစ်U 20 | ၂-၅ | ဘရာဇီးU 20 |

**နိုင်ငံတကာ U21 ပွဲစဉ် ရလဒ်**

| | | |
|---|---|---|
| ဖင်လန်U 21 | ၁-၀ | မော်ဒိုဗာU 2 |

# အိမ်ရှင်ဘရာဇီးရဲ့ ခြေစမ်းပွဲလာပြီ

မိုးမြင့်လင်းလက်

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုခြေစမ်းပွဲတွေကို ယှဉ်ပြိုင်ကစားနေဆဲဖြစ်ပါတယ်။ ကစားသမားနဲ့ နည်းဗျူဟာအထိုင်ကျဖို့နဲ့ ပြိုင်ဘက်ကောင်းတွေနဲ့ ရင်ဆိုင်တဲ့အခါ ဘယ်လောက်အထိ ခြေစွမ်းပြနိုင်သလဲဆိုတာ သိရှိရအောင်အပြင် တစ်ဦးချင်းရော အသင်းလိုက်ပါ အားသာချက်၊ အားနည်းချက်တွေကို အသေးစိတ်သိရှိပြင်ဆင်လို့ရအောင် ခြေစမ်းပွဲတွေမပြတ်တမ်းကစားနေကြခြင်းဖြစ်ပါတယ်။ ဇွန် ၄ ရက်မှာ ကစားကြမယ့်ပွဲတွေကိုကြည့်ရင်. . .

**ဘရာဇီးနှင့်ပနားမား**

ဘရာဇီးအတွက်တော့ ပနားမားဟာ ပြိုင်ဘက်ကောင်းတော့ မဟုတ်ပါဘူး။ ပနားမားဟာ ဘရာဇီးကို ဂိုးမပြတ်အောင်ဘဲ ကြိုးစားရမှာဖြစ်ပြီး ဘရာဇီးအတွက်ကတော့ တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်ဂိုးသွင်းမှုအား ဘယ်လောက်အထိကောင်းတယ်ဆိုတာ စမ်းသပ်တာဖြစ်ပါတယ်။ အိမ်ရှင်ဘရာဇီးဟာ ဟွန်ဒူးရပ်စ်ကို ငါးဂိုးပြတ်နိုင်ပြီး ချီလီကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိကာ တောင်အာဖရိကကို ငါးဂိုးပြတ်အနိုင်ရရှိထားပါတယ်။ ခြေစမ်းပွဲတွေမှာ ရှုံးပွဲမရှိသေးတဲ့ ဘရာဇီးဟာ ဘယ်လိုအခြေအနေ အကျင်းနဲ့ ပွဲထွက်လာမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ဂရိနှင့် နိုင်ဂျီးရီးယား**

ခံစစ်ပိုင်း အဓိကအားထားပြီး ယှဉ်ပြိုင်ဖို့ကြိုးစားမယ့် ဂရိဟာ နိုင်ဂျီးရီးယားကို အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ရဖို့ ရှိနေပါတယ်။ နိုင်ဂျီးရီးယားအသင်းဟာ တိုက်စစ်အားကောင်းပေမယ့် အဆုံးသတ်ပိုင်းမှာ လွဲချော်နေဆဲဖြစ်ပါတယ်။ နှစ်သင်းစလုံး ခြေစမ်းပွဲရလဒ်တွေကောင်းတာမို့ စွမ်းရည်ပြိုင်ကြရမယ့်ပွဲပါပဲ။

**ချက်နှင့် ဩစတြီးယား**

ချက်အသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲရလဒ်တွေက ကောင်းနေပါတယ်။ ခံစစ်ပိုင်း ကျစ်လျစ်တဲ့ ဩစတြီးယားတို့က ချက်တို့ကို ဖိအားပေးကစားနိုင်တဲ့ အနေအထားရှိပါတယ်။ ချက်အသင်းဟာ ကနေဒါအသင်းကို နှစ်ဂိုးပြတ်နိုင်ပြီး နော်ဝေကိုနှစ်ဂိုးစီသရေပွဲကျကာ ဖင်လန်ကို နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ ဩစတြီးယားတို့ကတော့ ခြေစမ်းပွဲမှာ အမေရိကန်ကိုတစ်ဂိုး -ဂိုးမရှိနဲ့နိုင်ပြီး ဥရုဂွေးကို တစ်ဂိုးစီသရေပွဲ ဖြစ်ထားပါတယ်။ ဒါကြောင့် အခုပွဲဟာ နှစ်သင်းစလုံးရဲ့ ကစားသမားတွေရဲ့ အနေအထားကို အကဲခတ်ခွင့်ရရှိမှာဖြစ်ပါတယ်။

**ဆွစ်ဇာလန်နှင့် ပီရူး**

ဆွစ်ဇာလန်တို့က ကမ္ဘာ့ဖလားပွဲဝင်ဖို့ ကစားသမားအထိုင်ချဖို့အတွက် ပီရူးနှင့်ပွဲမှာ အလေးထားပြီး နေရာချခြင်းကျင်းပါလိမ့်မယ်။ ပီရူးဟာ ကမ္ဘာ့ဖလား ခြေစမ်းပွဲမအောင်ပေမယ့် ဆွစ်ဇာလန်ကို သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။

ပီရူးရဲ့ လက်ရှိခြေစွမ်းက အားရစရာမရှိပေမယ့် ဆွစ်ဇာလန်ဟာ ဖိဖိစီးစီးကစားမှာ ဖြစ်ပါတယ်။ တောင်ကိုရီးယားနဲ့ ခရိုအေးရှားမှာ အသင်းတွေကို သရေပွဲနဲ့ ကစားထားတဲ့ ဆွစ်ဇာလန်တို့ကတော့ ဒီပွဲဟာ အကောင်းဆုံး ကစားသမားတွေနဲ့ ပွဲထွက်မှာ သေချာပါတယ်။

## ရှာရာပိုဗာ ကွာတားဖိုင်နယ်တက်ပြီ

ပြင်သစ်အိုးပင်း ချန်ပီယံဟောင်း ရှာရာပိုဗာသည် ဩစတြေးလျတင်းနစ်မယ် ဆမ်စတိုဆာအား အနိုင်ရပြီးနောက် ဒုတိယအကြိမ်မြောက်ပြင်သစ်အိုးပင်းဖလားဆွတ်ခူးရန် ရေပန်းစားနေသည်။ ၂၀၁၂ ခုနှစ်က အဆိုပါပြင်သစ်ဖလားကို ဆွတ်ခူးခဲ့သော အသက် ၂၇ နှစ်ရှိ ရှာရာပိုဗာသည် ဆမ်စတိုဆာအား ၃-၆၊ ၆-၄၊ ၆-၀ ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့တက်ရောက်သွားသည်။ အမျိုးသားပြိုင်ပွဲတွင် ဂျိုကိုဗစ်က ပြင်သစ်ကစားသမား တီဆွန်ဂါအား ၆-၁၊၆-၄၊ ၆-၁ဖြင့်နိုင်ပြီး ကွာတားတက်လာသည်။ သို့ရာတွင် ရော်ဂျာဖက်ဒဲရားသည် လစ်ဗီးယားမှ ဂူလ်ဘစ်အား ရှုံးနိမ့်ပြီး ကွာတားဖိုင်နယ်မတက်နိုင်ဘဲ ထွက်ခဲ့ရသည်။ **ကောင်းမြတ်သူ-စုစည်းသည်**



## အီတလီတိုက်စစ်မှူး ရော့ဆီ ကမ္ဘာ့ဖလားနှင့်လွဲချော်

ဖီအိုရင်တီးနားတိုက်စစ်မှူး ရော့ဆီသည် ဒူးခေါင်းဒဏ်ရာပြင်းထန်စွာခံရပြီး ပြန်လည်ကောင်းမွန်လာသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အီတလီဘောလုံးအသင်း ၂၃ ဦးစာရင်းတွင် လွဲချော်လိမ့်မည်ဟု ဆိုသည်။ အသက် ၂၇ နှစ်ရှိ ရော့ဆီသည် စနေနေ့က အိုင်ယာလန်နှင့် ဂိုးမရှိသရေကျသည့်ပြိုင်ပွဲ၌ ၇၁ မိနစ်ကြာ ကစားခဲ့သည်။ ၎င်းနေရာတွင် ယခုနှစ်ရာသီ၌ ပါးမားအတွက် ၁၂ ဂိုးသွင်းယူပေးထားသော ကက်ဆာနိုနှင့် အေစီမီလန်တိုက်စစ်မှူးဘာလော့တယ်လီတို့ ပါဝင်လာနိုင်သည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဆွတ်ခူးခဲ့သော အီတလီအသင်းသည် ဇွန် ၁၂ ရက်တွင် အင်္ဂလန်နှင့်ကစားရမည်ဖြစ်သည်။ ယင်းတို့သည် အုပ်စု (B)တွင် ကော်စတာရီကာနှင့် ဥရုဂွေးအသင်းတို့နှင့်လည်း ကစားရမည်ဖြစ်သည်။




## ဌာနဆိုင်ရာ

# ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍မေးမြန်းမှုအပေါ်ဆောင်ရွက်မှုအခြေအနေများ

*ယမန်နေ့မှအဆက်*

၄။ **စစ်တွေ-ကျောက်တော်-မြောက်ဦး ရထားလမ်းပိုင်းရှိ တံတားများကို မည်သည့်နှစ်တွင် အပြီးတည်ဆောက်ရန်ရှိသည်ကို သိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၊ ရခိုင်ပြည်နယ်ဘက်ခြမ်း ၂၀၇ ဒသမ ၂၅ မိုင်ရှိသည့်အနက် စစ်တွေ-မြောက်ဦးလမ်းပိုင်း ၉၆ ဒသမ ၂၅ မိုင်ကို ပထမအဆင့်အနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှစ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေ-မြောက်ဦး လမ်းပိုင်း ၉၆ ဒသမ ၂၅ မိုင်အား လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်တော်သာ-ရေချမ်းပြင် လမ်းပိုင်း ၁၁ ဒသမ ၄၆ မိုင်ကို ၁၉-၄-၂၀၀၉ ရက်နေ့တွင် ဖွင့်လှစ်ပြီး၍ တံတားကြီး/ငယ် ၂၁ စင်း တည်ဆောက်ခဲ့ပါသည်။ ကွမ်းတောင်-ယိုးတရုတ် လမ်းပိုင်း ၂၂ ဒသမ ၇၂ မိုင်အား ၁၅-၅-၂၀၁၀ ရက်နေ့တွင်ဖွင့်လှစ်ပြီး တံတားကြီး/ငယ် စုစုပေါင်း ၇၅ စင်း တည်ဆောက်ခဲ့ပြီးဖြစ်ပါသည်။ ယိုးတရုတ်- ကျောက်တော်လမ်းပိုင်း ၁၉ ဒသမ ၈၂ မိုင်ကို ၁၀-၄-၂၀၁၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး တံတားကြီး/ငယ် ၆၅ စင်း တည်ဆောက်ခဲ့ပြီးဖြစ်ပါသည်။ စစ်တွေမှ ကျောက်တော်သို့ ရထားတစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရေးအတွက် မင်းချောင်းတံတား တည်ဆောက်ရမည်ဖြစ်ပြီး ရထားလမ်းတံတား အရှည်မှာ ပေ ၇၇၀၀ ဖြစ်၍ ကုန်ကျစရိတ်မှာ ၃၁ ဘီလီယံကျော် ကုန်ကျမည်ဖြစ်ပါသည်။ ကျောက်တော်-မြောက်ဦး လမ်းပိုင်း ၃၂ ဒသမ ၅ မိုင်သည် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ဆဲလမ်းပိုင်းဖြစ်သည်။ တံတားကြီး/ငယ် စုစုပေါင်း ၉၃ စင်း တည်ဆောက်ရမည်ဖြစ်ပြီး ပေ ၄၀ အောက်တံတား ၈၄ စင်း တည်ဆောက်ပြီးစီးပြီးဖြစ်သည်။ ပေ ၄၀ အထက် တံတားကြီးကိုးစင်း တည်ဆောက်ရန်ရှိသည့်အနက် တံတားနှစ်စင်းဆောင်ရွက်ပြီးစီး၍ တံတားလေးစင်းမှာ ဆောင်ရွက်ဆဲဖြစ်သည်။ ကျန်တံတားသုံးစင်းအနက် သရက်တပင်ချောင်းတံတား ပေ ၁၈၀၊ တိန်ညိုချောင်းတံတား ၄၂၇ ဒသမ ၅ပေတို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ကစ္ဆပနဒီတံတားမှာလည်း မင်းချောင်းတံတားကဲ့သို့ အရှည် ပေ ၇၇၀၀ တည်ဆောက်ရမည်ဖြစ်၍ ကုန်ကျစရိတ်မှာ ၃၁ ဘီလီယံကျော် ကုန်ကျမည်ဖြစ်ပါသည်။ မင်းချောင်းတံတားနှင့် ကစ္ဆပနဒီတံတားကြီးနှစ်စင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေလျာထား၍ခွင့်ပြုပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့အပ်နှံ၍ ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ သို့သော်လည်း လမ္ဘတော်-မြောက်ဦးလမ်းပိုင်းမှာ ရှေးဟောင်းနယ်မြေအတွင်း မလွှဲမရှောင်သာ ဖြတ်သန်းလျက်ရှိသဖြင့် ဒေသခံများ၏ ကန့်ကွက်မှုကြောင့် စီမံကိန်းလုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ **သံတွဲခရိုင် သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ ဂွမြို့နယ်တို့ပါဝင်ပါသည်။ ခရိုင်အတွင်းအသုံးပြုသော ယာဉ်များ (နှစ်ဘီး၊ သုံးဘီးယာဉ်များ) အလွန်များသောခရိုင်တစ်ခု ဖြစ်ပါသည်။ စစ်တွေမြို့မှ လာရောက်၍ တရားဝင်လိုင်စင်များပြုလုပ်ပေးရာတွင် ယာဉ်စီးရေများပြားလာမှုကြောင့် အချိန်မီပဲ ယာဉ်စီးရေအားလုံး လိုင်စင်ပြုလုပ်ပေးနိုင်ခြင်း မရှိသည့်အတွက် လိုင်စင်မဲ့ယာဉ်များ များပြားလာပါသည်။ သို့ပါ၍ ရခိုင်ပြည်နယ်တောင်ပိုင်း သံတွဲခရိုင်အတွက် သံတွဲမြို့ပေါ်တွင် ကညနရုံးတစ်ရုံး ဖွင့်လှစ်ပေးရန်ကိစ္စနှင့် ပတ်သက်၍** သံတွဲခရိုင်တွင် မော်တော်ယာဉ် အစီး ၅၉၀၊ မော်တော်ဆိုင်ကယ် ၁၀၁၂၁စီးနှင့် ယာဉ် မောင်းလိုင်စင်ရ ၄၄၉၈ စောင်သာရှိပါသည်။ သံတွဲခရိုင်ထက် ယာဉ်စီးရေပိုသော ခရိုင်ဖြစ်သည့် မော်တော်ယာဉ် ၂၁၇၃ စီး၊ မော်တော်ဆိုင်ကယ် ၃၀၀၉၉ စီးရှိသည့် မြောင်းမြခရိုင်မှ ရုံးသစ်ဖွင့်လှစ်ပေးရန်ညှိနှိုင်းတင်ပြခဲ့သော်လည်း ရုံးသစ်ဖွင့်လှစ်မည့်အစား နယ်လှည့်စစ်ဆေးသည့် အကြိမ်ရေတိုးမြှင့်ဆောင် ရွက်ပေးခြင်းဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သို့ပါ ၍ သံတွဲခရိုင်တွင် ယာဉ်စီးရေနည်းပါးခြင်း ယာဉ်မောင်းလိုင်စင်စောင်ရေနည်းပါးခြင်းနှင့် ဌာန၏ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အား ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် တစ်နှစ်လျှင်နှစ်ကြိမ် နယ်လှည့်မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းအား တစ်နှစ်လျှင် သုံးကြိမ်သို့ တိုးမြှင့်၍ တစ်ကြိမ်လျှင် ၁၀ ရက်မှ ၁၅ ရက်သို့ ကာလတိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၆။ **သံတွဲမြို့မှ ရန်ကုန်၊ ပြည်၊ တောင်ကုတ်၊ ဂွစသည်ဖြင့် ယာဉ်လိုင်းများ ပြေးဆွဲလျက်ရှိရာတွင် ယာဉ်စီးခနှုန်းထားများမှာ တည်ငြိမ်မှုမရှိဘဲ အပြောင်းအလဲများ မကြာခဏဖြစ်နေပါသည်။ သင့်လျော်သော ယာဉ်စီးခနှုန်းထားများကို သက်ဆိုင်ရာအဖွဲ့များ၊ ဌာနပိုင်းဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးစေလိုပါသည်။ သံတွဲမှ ရန်ကုန်သို့ ယာဉ်စီးခနှုန်းထားများ၊ ရန်ကုန်မှသံတွဲသို့ ယာဉ်စီးခနှုန်းထားမတူညီဘဲ ဖြစ်နေရခြင်းကိုလည်း ညှိနှိုင်း၍ တစ်ပြေးညီဖြစ်အောင် ပြုလုပ်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန် -သံတွဲခရီးစဉ် ယာဉ်စီးခနှုန်းထားသည် ကျပ်၁၂၀၀၀ ဖြစ်ပြီး သံတွဲ-ရန်ကုန်ယာဉ်စီးခနှုန်းထားသည် ကျပ် ၁၅၀၀၀ ဖြစ်၍ ကျပ်၃၀၀၀ ကွာခြားသဖြင့် ပြည်သူများနစ်နာမှုရှိပါသည်။ ယာဉ်စီးခနှုန်းထားများ တစ်ပြေးညီ သတ်မှတ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းအရ သံတွဲခရိုင်ထွေ/အုပ်၊ ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မထသ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ ညှိနှိုင်းပြီး ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပါသည်။ ပြည်နယ်ပစနမှ ပြည်နယ်ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့[(ဥက္ကဋ္ဌ)ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး]ထံသို့ ဆက်လက်တင်ပြ၍ အစည်းအဝေးတွင် တင်ပြဆုံးဖြတ်ပေးရမည်ဖြစ်ပါသည်။ ယခင်အတွေ့အကြုံအရ ကျောက်ဖြူ-ရန်ကုန်နှင့် ရန်ကုန်-ကျောက်ဖြူ ယာဉ်စီးခနှုန်းထား မတူညီသည့်ကိစ္စများလည်း ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်နေသည့်အခြေအနေမှာ ခရိုင်ပစနမှ ခရိုင်ထွေ/ အုပ်သို့ တင်ပြထားဆဲဖြစ်ပြီး ခရိုင်ထွေ/အုပ်မှ ပြည်နယ် ကရဖသို့ အမြန်ဆုံး ဆက်လက်တင်ပြသွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ ယာဉ်စီးခနှုန်းထားသတ်မှတ်ခြင်းသည် သက်ဆိုင်ရာဒေသအစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ သတ်မှတ်ခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာဒေသ အစိုးရအဖွဲ့အားတင်ပြ၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ **လိုင်စင်မဲ့မော်တော်ယာဉ်များ၊ ထော်လာဂျီများ (နှစ်လုံးထိုး၊ လေးလုံးထိုး)၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်များအား ကညနမှ လိုင်စင်ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ ၄င်းနှစ်ဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် ထော်လာဂျီများ၊ မော်တော်ယာဉ်များ မောင်းသောယာဉ်မောင်းများသည် ယာဉ်မာင်းလိုင်စင်မရှိသည်ကများပါသည်။ တိုးတက်လာသော ခေတ်နှင့်အညီ ပြည်နယ်/တိုင်း/ခရိုင်အလိုက် သင်တန်းကျောင်းများဖွင့်နိုင်မှု၊ သင်တန်းများပို့ချပေးနိုင်မှု ရှိ/မရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ လိုင်စင်ပြုလုပ်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** လိုင်စင်မဲ့မော်တော်ယာဉ်များ မှတ်ပုံတင်ပေးရန်ကိစ္စသည် နိုင်ငံတော်မူဝါဒနှင့် သက်ဆိုင်သည့်အတွက် ကညနမှ မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ လိုင်စင်မဲ့ထော်လာဂျီ (နှစ်လုံးထိုး)မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ပြည်ပထုတ်ယာဉ်ဖြစ်ပါက အကောက်အခွန်ဦးစီးဌာနမှ ထုတ်ပေးသည့် အကောက်ခွန်ဆောင်ပြီးကြောင်း အထောက်အထားပြည့်စုံပါက မှတ်ပုံတင်ဆောင်ရွက်ပေးပါသည်။ ပြည်တွင်းထုတ်ယာဉ်ဖြစ်ပါက မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ထုတ်ပေးသည့် Inspection Certificate တင်ပြလာပါက မှတ်ပုံတင်ဆောင်ရွက်ပေးပါမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

## သတင်းတိုများ

### ပျဉ်းမနား၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲစာအောင်ဆုနှင်းသဘင်ကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရာဇဌာနီလမ်းနှင့် ပန်းခင်းလမ်းထောင့်ရှိ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ မေ ၃၁ ရက် မွန်းလွဲ ၁ နာရီက ဗုဒ္ဓဘာသာသာယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုနှင်းပွဲ ကျင်းပသည်။အခမ်းအနားသို့ ပျဉ်းမနားမြို့နှင့် နီးသော ကျေးရွာများမှ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲဝင်ရောက်ဖြေဆိုသူ လူငယ်မောင်မယ်များစွာ လာရောက်သည်။ မြို့နယ်သံဃနာယက ဆရာတော်များ၊ ပျဉ်းမနားမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးမှတ်ကြီး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ ယဉ်ကျေးမှု၊ မြန်မာစာ၊ အဘိဓမ္မာဘာသာရပ်မျိုးစုံ ဆုရလူငယ်၊ မောင်မယ် ကျောင်းသား ကျောင်းသူ ၁၂၅ ဦးကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

### အခွန်ဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းဆွေးနွေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အခွန်အကောက်ဆိုင်ရာ ဥပဒေများ ပြုပြင်ပြောင်းလဲမှုနှင့် အခွန်ဆိုင်ရာလုပ်ငန်းရပ်များ ရှင်းလင်းဆွေးနွေးပွဲကို မေ ၃၁ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်အခွန်ဦးစီးမှူးနှင့် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးတို့က ၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ အခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ယင်းနောက် ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူး သူရဦးထင်ကျော်မိုးက မတ် ၂၈ ရက်တွင် ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၀ ဖြင့် ပြည်ထောင်စုလွှတ်တော်၌ ပြဋ္ဌာန်းခဲ့သည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်ပြောင်းလဲမှုများနှင့် တိုးတက်ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည့် အောင်ဘာလေသိန်းဆုခွန်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

### ကျောင်းအပ်နှံရေး ကျောက်တံခါးမြို့၌ကျင်းပ

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို ကျောက်တံခါးမြို့ အထက ပတ္တမြားခန်းမဆောင်၌ မေ ၂၉ ရက် နံနက် ၉ နာရီကကျင်းပရာ တိုင်းပညာရေးညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်စု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းဝင်းတို့က အမှာစကားများပြောကြားကြပြီး ပညာရေးဌာနမှ အခြေခံပညာကျောင်းများရှိ အဆောက်အအုံများအတွက် ပံ့ပိုးငွေကျပ် ၁၄၆ ဒသမ ၁၂ သန်းနှင့် ဗလာစာအုပ်ဒါဇင်ပေါင်း ၁၉၆၆၀ ဒါဇင်တန်ဖိုး ၃၄. ၃၃ သန်းဖိုးတို့ကို မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌမှ ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံယူခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မင်းကင်းမြို့နယ်တရားရုံး**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၄**

ဒေါ်သိန်း ပါ-၂ဦး **နှင့်** ၁။ ဦးသန်းဇော်(ခ)စိန်အိုး
၂။ ဦးမောင်စိန် ပါ(၆)ဦး

**တရားလိုများ** **တရားပြိုင်များ**

အထက်ပါအမှုမှ (၁) တရားပြိုင် ဦးသန်းဇော်(ခ)စိန်အိုး၊ မင်းကင်းမြို့နယ်၊ အင်းဒေါင်းရွာ (ယခုနေရပ်လိပ်စာမသိ)နှင့် (၂) တရားပြိုင် ဦးမောင်စိန်၊ အင်းဒေါင်းရွာ၊ မင်းကင်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်သိန်းနှင့် ဒေါ်လှစိန်တို့က မင်းကင်းမြို့နယ်တရားရုံး ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၄ ဖြင့် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၁၂ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်လိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**စိုးနိုင်**
**မြို့နယ်တရားသူကြီး**
**မင်းကင်းမြို့**

## အမည်ပြောင်း

လားရှိုးမြို့၊ အထက(၆)၊ ပဋ္ဌမတန်းမှ ဦးဝင်းမင်းညွန့်၏သား မောင်သီဟသူအား မောင်သီဟမင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သီဟမင်းခန့်**
**ပဋ္ဌမတန်း၊ အထက(၆)**

## အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးနေလင်းထွန်း၏သမီး အထက(၃) အဋ္ဌမတန်းမှ မစိမ့်စိမ့်ကျော်အား ယနေ့မှစ၍ မစိုးမိုးထွန်းဟု ဖြည့်စွက်ခေါ်ပါရန်။

## အမည်ပြောင်း

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်းမှ ဦးဝင်းမင်းညွန့်၏သား မောင်စိုးအုပ်ကောင်းအား မောင်စိုးအုပ်မင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စိုးအုပ်မင်း**
**တက္ကသိုလ်ဝင်တန်း၊ အထက(၆)**

**မိဘအမည်မှန်ကန်ကြောင်းကြေညာခြင်း**

သိန်းနီမြို့၊ အခြေခံပညာအထက်တန်းကျောင်း ဒုတိယတန်းမှ နန်းဆုမြတ်မိုး၏ မိဘအမည်မှန်မှာ ဦးစိုင်းစံမိန်း ၁၃/နမတ(နိုင်)၀၀၁၄၇၁နှင့် ဒေါ်မူယာထွန်း ၁၃/သနန(နိုင်)၀၂၈၀၅၉တို့ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးစိုင်းစံမိန်းနှင့်ဒေါ်မူယာထွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ရဲစုရပ်ကွက်၊ အကွက်အမှတ်၊ အမည်(၂/ရဲစုအကွက်)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ ၀ဒသမ ၀၉၀ ဧကရှိ ဦးမိုးသီး-ဒေါ်ပေါ် အမည်ပေါက် မြေကွက်နှင့် ၎င်းအကွက် ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ ၀ဒသမ ၀၇၅ဧကရှိ ဦးဘိုးသာ အမည်ပေါက်မြေကွက်အား အရောင်းအဝယ် စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်လှ (မောင်) ဦးထွန်းထွန်းဝင်းတို့မှ ၎င်းတို့အမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာရာ အကျိုးသက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက မြေငှားဂရန်ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်လှ ၉/ကဆန(နိုင်)၀၉၈၄၀၇**
**ဦးထွန်းထွန်းဝင်း ၉/ကဆန(နိုင်)၀၀၃၁၂၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၀၁**

ဒေါ်ချို **နှင့်** ဒေါ်ဖြူဖြူအောင်

**တရားလို** **တရားပြိုင်**

ဒေါ်ဖြူဖြူအောင် အကွက်အမှတ်(၃၇၃)၊ သံလျှက်မော်အနောက်၊ မင်းကုန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချိုက စုကြေးငွေ ၁၁၁၀၀၀၀၀/-နှင့် နစ်နာကြေးငွေ ၁၀၀၀၀၀၀/- စုစုပေါင်း ၁၂၁၀၀၀၀၀/-ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၁၈ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပညာသင်ဆုများ ပေးအပ်



**မုံရွာ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ ပညာရည်အဆင့်အတန်း မြင့်မားသည်ထက် မြင့်မားရန်နှင့် ပညာသင်ကြားရန် အခက်အခဲဖြစ်နေကြသည့် ပညာထူးချွန်သော ကျောင်းသား ကျောင်းသူများအား ထိထိရောက်ရောက် အကူအညီများ ပေးအပ်ရန်အတွက် ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ၊ ပညာသင်ဆုချီးမြှင့်ရေးလုပ်ငန်းများ၊ လူ့စွမ်းအား အရင်းအမြစ်ပြုစုပျိုးထောင်ရေး လုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျက်မှောက်ခေတ် ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းလာစေရန် ရည်ရွယ်လျှုဒါန်းကြရာတွင် နိုင်ငံတော်အစိုးရသာမက ပြည်သူများအားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ မေ ၂၉ ရက်က ကျင်းပသည့် ၂၀၁၄ခုနှစ် ဇေယျာပညာသင်ဆုနှင့် ဦးတင်မောင် ပညာသင်ဆုများ ထောက်ပံ့ပေးအပ်ပွဲတွင် ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဦးတင်မောင် ပညာသင်ဆု ချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဟွန်ဒါမြန်မာကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး လိုအပ်သည့် စာသင်ကျောင်းများ ဆောက်လုပ်ရန်၊ သန့်(၄)သန့် ပြည့်စုံရေး၊ သင်ထောက်ကူပစ္စည်းများ၊ ဆရာ ဆရာမများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

ထို့အပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရင်သွေးငယ်များ ပညာသင်ကြားမှု အခက်အခဲမရှိစေရေးအတွက် ကျောင်းအဆင့် တိုးမြှင့်ပေးလျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍ ခွင့်ပြုငွေများအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၇၅၁၀ ဒသမ ၆၈ သန်းကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း ထည့်သွင်း ပြောကြားသည်။

ဇေယျာပညာသင်ဆုနှင့် ဦးတင်မောင်ပညာသင်ဆု ပေးအပ်မှုကို နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ တက္ကသိုလ်ကျောင်းသား ၈၁၀၊ ဘွဲ့ရပြီးသူ ၁၄၉ ဦးရှိပြီး ဦးတင်မောင် ပညာသင်ဆုချီးမြှင့်ခဲ့သူ ၂၃၈၀၊ ဘွဲ့ရပြီးသူ ၂၄၀ ရှိပြီ ဖြစ်ပါကြောင်း၊ ယခု၂၀၁၄-၂၀၁၅ ပညာသင်ဆုနှင့် ဦးတင်မောင် ပညာသင်ဆုအဖြစ် တက္ကသိုလ်အသီးသီးတွင် တက်ရောက်မည့် ကျောင်းသား ကျောင်းသူ၂၄၈ ဦးကို ၇၀၉ ဒသမ ၇သိန်း ချီးမြှင့်မည် ဖြစ်သည်။ ဇေယျာပညာသင်ဆုနှင့် ဦးတင်မောင် ပညာသင်ဆု ပေးအပ်ပွဲတွင် အလှူရှင်များ စုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် သိန်း ၁၈၀ ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## သတင်းတိုများ

### သောက်သုံးရေ အဆင်ပြေစေရေးအတွက် ထီးလင်းမြို့နယ်အတွင်း စုပေါင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်ရှိကျေးရွာများတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေ အဆင်ပြေစွာရရှိရေးနှင့် သောက်သုံးရေသန့် ရရှိရေးတို့အတွက် တွင်းကျယ်တူးဖော်ခြင်း၊ မြေသားကန်တူးဖော်ခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်းကျေးရွာ၌ လွှတ်တော်ရန်ပုံငွေကျပ် ၁၅ သိန်းဖြင့် မတည်ဆောင်ရွက်ထားသော သောက်သုံးရေသန့်တွင်းကျယ်နှင့် ကျေးရွာသုံးမြေသားကန်ငယ်၊ အကြည်ဝါးဘင်း ကျေးရွာတွင် လွှတ်တော်ရန်ပုံငွေကျပ် သိန်း ၅၀ ဖြင့် မတည်ဆောင်ရွက်သော စိမ့်စမ်းရေသွယ်လုပ်ငန်းများပြီးစီးနေပြီဖြစ်သဖြင့် အဆိုပါဒေသများတွင် သောက်သုံးရေဖူလုံမှုရရှိနေပြီဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်က ပြောကြားသည်။

"သောက်သုံးရေသိုလှောင်ကန်တွေ၊ သောက်ရေသန့်တွင်းတွေ တူးဖော်ပေးထားလို့ ရေအတွက် အလွန်အဆင်ပြေလာပါတယ်။ ကျွန်တော်တို့ဒေသတွေက ဝေးလံခေါင်ဖျားတဲ့ဒေသတွေဖြစ်လို့ ဆောင်ရွက်ပေးဖို့ လိုအပ်နေတာပါ"ဟု အောင်းကျေးရွာမှ ပြည်သူတစ်ဦးက ပြောကြားသည်။ **(၁၀၁)**

### ကျောင်းဖွင့်ရာသီ ကျောင်းပတ်ဝန်းကျင်ထိန်းသိမ်းရေး တနင်္သာရီမြို့နယ်၌ လုပ်အားပေး

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်းအတွင်း/အပြင်ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး၊ ခြင်မဝပ်စေရေးရည်ရွယ်လျက် တနင်္သာရီမြို့နယ် ရေဖြူရွာ နည်းဗျူဟာ(၃) နည်းဗျူဟာမှူး ဗိုလ်မှူးကြီးစောကြည်နိုင် ဦးဆောင်လျက် နယ်မြေခံတပ်ရင်းများဖြစ်သော အမှတ်(၅၅၆)ခြေမြန်တပ်ရင်း၊ အမှတ်(၅၅၇) ခြေမြန်တပ်ရင်းနှင့် အမှတ်(၅၅၈)ခြေမြန်တပ်ရင်းတို့မှ အရာရှိ စစ်သည်များနှင့်ရဲမေများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်များ စုစုပေါင်း၁၀၀ ခန့် ရေနုတ်မြောင်းများအားတူးဖော်ခြင်း၊ မြက်ပင်များအားရိတ်သိမ်းခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို မေ ၃၁ ရက် နံနက် ၇ နာရီခွဲကစ၍ စုပေါင်းလုပ်အားပေးဆောင်ရွက်ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ကော့သောင်း၌ ကျင်းပ

**ကော့သောင်း ဇွန် ၂**

၂၀၁၄ ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၈ နာရီက ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် မြို့မဆိပ်ကမ်းတံတား၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ဇေယျ၊ ငှက်ဖျားပရိုဂရမ်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသောင်းလှိုင်နှင့် ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသောင်းလှိုင်က ၂၀၁၄ ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အကြောင်းများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် အနာဂတ်တွင် ရင်းနှီးမြှုပ်နှံ ငှက်ဖျားရောဂါတိုက်ဖျက်ရန်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပြီး မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင်လည်း နှစ်နိုင်ငံ ငှက်ဖျားရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေး၊ ဒေသခံပြည်သူများ ကျန်းမာရေးအသိအမြင်ကျယ်ပြန့်လာရေး ရည်ရွယ်ကာ ကျန်းမာရေးဦးစီးဌာနနှင့် နိုင်ငံတကာအဖွဲ့ အစည်းများပူးပေါင်း၍ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**


**ဖခင် အမည်မှန်**

ရွှေဘိုမြို့၊ အထက(၃)၊ Grade (10)E မှ မောင်ဇင်ကို၏ ဖခင်အမည်မှန်မှာ ဦးဝင်းရွှေ ဖြစ်ပါကြောင်း။

ဦးဝင်းရွှေ ၅/ကလန(နိုင်)၀၂၇၃၁၁

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ကိုခုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မြောက်ဥက္ကလာပမြို့နယ် တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၉**

ဒေါ်ခင်စိန်သန်း (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်စုစုလှိုင်) အမှတ် ၂၉၊ သီဂီလမ်း၊ ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **နှင့်** ဒေါ်ခင်မြမူ အမှတ်(၅၁၀)၊ မြို့ပတ်လမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၅၁၀) နေ ဒေါ်ခင်မြမူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ခင်စိန်သန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စုစုလှိုင်) က ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၁၆ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင် မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောစံလှညို)**

**တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

**အယူခံမှုကိုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့**

**အကြောင်းကြားစာ**

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**၂၀၁၄ခုနှစ် တရားမအယူခံမှုအမှတ်-၈**

မဖြူနှင်းထွေး **နှင့်** ဒေါက်တာဦးကျော်ဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ထွန်းသီတာဦး(ခ)မီးငယ်)

**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၉ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၏ တရားမကြီးမှုအမှတ်-၁၇၃၂/၂၀၁၁၏ အမိန့်မှအယူခံလျှောက်လွှာနှင့်ပတ်သက်၍ ဒေါက်တာဦးကျော်ဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ထွန်းသီတာဦး(ခ)မီးငယ်) အမှတ် -၆၂(ဘီ)၊ အင်းလျားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်လိပ်စာ) ယခုလိပ်စာမသိနေ အယူခံတရားပြိုင် သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၏အမိန့်မှ အယူခံလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်နှင့် ဒေါ်ကြည်ကြည်ဝင်းတို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၁၄ခုနှစ် ဇွန် ၂၃ရက် နံနက် ၁၀နာရီတွင် ဤရုံးသို့ ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏ တရားလွှတ်တော် ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် မေ ၂၉ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

**အမိန့်အရ-**

**(ချိုချိုဝင်း)**

**လက်ထောက်ညွှန်ကြားရေးမှူး**

**တရားမတရားစီရင်ရေးဌာန**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

**အမည် ပြောင်း**

ဦးလှအေး၏သမီး ကျိုင်းတုံမြို့၊ အလက(၅)၊ န၀မတန်းမှ မအိရွှေစင်ခိုင်အား ယနေ့မှစ၍ နန်းအိရွှေစင်ခိုင် ၁၃/ကတန(နိုင်)၁၇၃၅၇၈ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**နန်းအိရွှေစင်ခိုင်**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ကိုခုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၅၄**

ဒေါ်ခင်စောလှ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဇော်ယု) **နှင့်** ဒေါ်တာမီကို

**တရားလို** **တရားပြိုင်**

တရားပြိုင် ဒေါ်တာမီကို အမှတ် ၁၂၇၊ မောရဝတီလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက မမှန်မကန် ထပ်မံရယူထားသော မြေငှားဂရန်စာချုပ် (တာဝန်ခံမိတ္တူမှန်)ကို ရုံးတော်ကသိမ်းဆည်း၍ ပယ်ဖျက်မိန့်ချမှတ်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၁၈ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သစ်ဆွေ)**

**ဒုတိယခရိုင်တရားသူကြီး(၈)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကျောင်းအပ်နှံရေးနေ့အခမ်းအနား ဘူးသီးတောင်တွင် ကျင်းပ

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် မေ ၂၉ ရက် နံနက် ၉ နာရီက ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကျင်းပရာ အထက်တန်းကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမောင်စန်ရွှေက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်သာက ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်သာနှင့် တာဝန်ရှိသူများက ကျောင်းသုံး စာရေးခုံများ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ပုံနှိပ်စာအုပ်များကို ကျောင်းသား ကျောင်းသူများထံ ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စီပီဝက်မွေးမြူသူများ အောင်မြင်၍ အကျိုးအမြတ်ရရှိ

ဆင်းရဲမှုလျှော့ချရေး အသားထုတ်လုပ်မှုမြင့်မားစေရန် စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ၂၀၁၃ ခုနှစ်တွင် စီပီဝက်မျိုးများကို အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့ရာ အောင်မြင်၍ အကျိုးအမြတ်များခံစားနေရကြောင်း သိရသည်။

"စီပီ ဝက် ၂၂ ကောင်ကို ခြောက်လအရစ်ကျစနစ်နဲ့ တစ်ကောင်ကို ငွေကျပ် ၇၀၀၀၀ မှ ၉၀၀၀၀ နှုန်းနဲ့ မွေးမြူထားပါတယ်။ အခုတော့ ၁၉ ကောင်ကို ရောင်းချပြီး ဝက်ဖိုးပေးချေနိုင်တဲ့အပြင် ဝက်မသုံးကောင်ကနေ ပေါက်ဖွား လာတဲ့ ဝက်ကလေးအကောင် ၃၀ တိုးပွားနေပြီဖြစ်ပါတယ်။ နောင်မှာလည်း တိုးချဲ့မွေးမြူမှာ ဖြစ်ပါတယ်" ဟု ဝက်မွေးသူ ဦးခင်ဇော်က ပြောကြားသည်။

**မျိုးဝင်းညို(ကွန်းလှ)**

## ဥပဒေနှင့် ညီညွတ်သည့် အခွန်အခများ ထမ်းဆောင်ရန် ပြည်သူများအား အသိပညာပေး

အခွန်ကောက်ဥပဒေနှင့် အခွန်ဥပဒေများပြင်ဆင်ခြင်းဆိုင်ရာ ရှင်းလင်းပွဲကို မေ ၃၀ ရက် နံနက် ၁၀နာရီက တောင်သာမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး အစည်းအဝေးခန်းမ၌ကျင်းပရာ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမောင်မောင်သန့်က အခွန်ဥပဒေဆိုင်ရာများ ရှင်းလင်းခဲ့ရာ မြို့နယ်အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

တောင်သာမြို့နယ်သည် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၁၇၁၀၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၇၃၁ သိန်းကို အလားတူကာလထက် ပိုမိုကောက်ခံရရှိခဲ့ပြီးဖြစ်သည်။

**လင်းလက်ကြယ်(တောင်သာ)**

# ထားဝယ်ခရိုင်အတွင်းရှိ သိမ်းဆည်းခံလယ်ယာမြေများအား တောင်သူများထံ ပြန်လည်ပေးအပ်



**ထားဝယ် ဇွန် ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့် မြေယာများအား မူလပိုင်ရှင်တောင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့် ပြန်လည်ပေးအပ်သည့် အခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရိုင်သုံးခရိုင်ရှိ မြေဧရိယာ ၂၃၇၆ ဒသမ ၅၁ဧကခန့် ပြန်လည်စွန့်လွှတ်ပေးခဲ့ပြီး စိုက်ပျိုးနိုင်မည့် ဧရိယာ ၂၁၈၆ ဒသမ ၄၆ ဧကခန့် ဖြစ်၍ မစိုက်ပျိုးနိုင်သည့်မြေဧကမှာ ၁၉၀ ဒသမ ၀၅ ဧက ဖြစ်ကြောင်း၊ မူလစိုက်ပျိုးလုပ်ကိုင်ခဲ့သူများအား ယခုနှစ်စိုက်ပျိုးရာသီအမီ လုပ်ကိုင်နိုင်ရေးအတွက် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်က ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တောင်သူများအား ပြောကြားသည်။

ထားဝယ်ခရိုင်အတွင်းမှ မြေပြန်လည်စိစစ်မှုအခြေအနေအရ စိုက်ပျိုးနိုင်သောဧရိယာမှာ ၈၀၇ ဒသမ ၁၃ဧကဖြစ်၍ ၈၀၇ ဒသမ ၁၃ ဧက အနက် ၅၂၃ ဒသမ ၉၈ ဧကကို တောင်သူ ၉၀ ကို မြို့နယ်အလိုက် ယာယီလုပ်ကိုင်ခွင့်ပေးမည်ဖြစ်သည်။ ထို့အပြင် အခြားမြို့နယ်များတွင်လည်း လယ်ယာမြေလုပ်ပိုင်ခွင့်များကို ပြန်လည်ပေးအပ်သွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် တပ်မြေသိမ်းဆည်းမှုများနှင့်စပ်လျဉ်း၍ တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားသော မြေများကို သီးစားချထားခြင်း၊အကျိုးတူဆောင်ရွက်ခြင်းများ မပြုလုပ်ရန်၊တပ်၊ ဌာနချုပ်များ၏ လုံခြုံရေးလိုအပ်ချက်များနှင့်လေ့ကျင့်ရေးကွင်း လိုအပ်ချက်များအတွက် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးမြေဧရိယာအကျယ်အဝန်းကိုသာရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်များထံ ပြန်လည်အပ်နှံရန် မူဝါဒချမှတ်ပေး၍ သိမ်းဆည်းခံမြေယာကိစ္စဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် စုစုပေါင်းအဖွဲ့ဝင် ၄၂ ဦးဖြင့် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီကိုလည်းကောင်း၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် /ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်ကို လည်းကောင်း၊ ဖွဲ့စည်းပြီးလုပ်ငန်းတာဝန်များကိုလည်းကောင်း သတ်မှတ်ပေးခဲ့ပါကြောင်း၊ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌကို အဖွဲ့ဝင်ဖြစ်လည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတွင် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် တရားဝင်ဖွဲ့စည်းထားသည့် လယ်ယာထုတ်ကုန်သမဝါယမအသင်းများမှ ကိုယ်စားလှယ်များကိုလည်းကောင်း အဖွဲ့ဝင်အဖြစ်ထည့်သွင်းဖွဲ့စည်းပေးထားကြောင်း၊ ထားဝယ်ခရိုင်အတွင်းရှိ မြေဧရိယာ ၅၂၃ ဒသမ ၉၈ ဧကကို သက်ဆိုင်သူတောင်သူ ၉၀ သို့ ယာယီလုပ်ကိုင်ခွင့်လက်မှတ်များပေးအပ်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းအလားတူကျန်ရှိသည့် စွန့်လွှတ်မြေများကိုလည်း အမြန်ဆုံးတောင်သူများ လက်ဝယ်ရောက်ရှိစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်တို့က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသနေတောင်သူလယ်သမားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေသည့် စွန့်လွှတ်မြေယာများ မူလလုပ်ကိုင်သူတောင်သူများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိနိုင်ရေးအတွက် တက်ညီလက်ညီ အစွမ်းကုန်ဆောင်ရွက်ပေးကြရန်လိုကြောင်း တာဝန်ရှိသူများက အသီးသီးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ပြန်လည်စွန့်လွှတ်သည့်မြေယာများအား သက်ဆိုင်ရာတောင်သူများထံသို့ ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊စာရင်းစစ်ချုပ်၊လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ထားဝယ်ခရိုအတွင်းရှိ တောင်သူလယ်သမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

> **အမှန်တကယ်လိုအပ်သည့် မြေအကျယ်အဝန်းသာရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်များထံ . . . .**

---

**ဖခင်အမည်မှန်**

စမ်းချောင်း အထက(၁) အဋ္ဌမတန်း(A)တွင် ပညာသင်ကြားနေသော မောင်မင်းမင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးစောဝဏ္ဏမိုး ဖြစ်ပါသည်။

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ထားဝယ်ခရိုင် နယ်တရားမရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၈**

ဒေါ်အာရှာဘီ ပါ(၄) **နှင့်** ဒေါ်လယ်တီဖွာ ပါ(၇)

**တရားလိုများ** **တရားပြိုင်များ**

ကော့သောင်းမြို့၊ ဒေါ်လယ်တီဖွာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အာရှာဘီ ပါ(၄)က ပစ္စည်းခွဲဝေပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၉ရက် (၁၃၇၆ခုနှစ် နယုန်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်တင်အေး)**
**ခရိုင်တရားသူကြီး**
**ထားဝယ်ခရိုင်တရားရုံး**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ညောင်ရွှေမြို့နယ်တရားရုံးတော်၌**

**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၅**

ဦးထွန်းမောင် **နှင့်** ဦးမြအောင်

**တရားလို** **တရားပြိုင်**

ဦးမြအောင် နန္ဒဝန်ရပ်(၄)အကွက်၊ ညောင်ရွှေမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးထွန်းမောင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၁၀ရက် (၁၃၇၆ခုနှစ် နယုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဒေါ်ပြုံးပြုံးအောင် LL.B**
**မြို့နယ်တရားသူကြီး**
**ညောင်ရွှေမြို့နယ်တရားရုံး**

---

**ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် ဇွန်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။**

General Management Course for Entrepreneurs

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၄-၆-၂၀၁၄ မှ ၁၃-၆-၂၀၁၄ (ညနေပိုင်း ၈ရက်သင်တန်း)

**သင်တန်းကြေး** - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန်** - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)

**ဖုန်း** - ၅၂၂၈၇၅၊ ၅၂၂၈၇၆

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာ၊ ကွင်းအမည် (သာယာကုန်း)၊ ကွင်းအမှတ် ၉၈၈/က၊ ဦးပိုင်အမှတ် ၈၃/၂၊ မြေအကျယ်အဝန်း ဝဒသမ ၉၅ဧကရှိ ခြံမြေနှင့် ယင်းခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူခဲ့ပြီး ယခုလက်ဝယ်ထား တရားဝင်ပိုင်ဆိုင်သူ ဒေါ်တင်တင်လတ် ၁၂/ဒဂန(နိုင်)၀၀၂၈၈၈ ၏ ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၅၁၃၂/၂၀၁၁(၂၄-၃-၂၀၁၁)လွှဲစာအရ ဦးငွေးအောင် ၆/မအရ(နိုင်)၀၂၆၅၃၇ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါခြံမြေကွက်နှင့်ပတ်သက်၍ အကျိုးစပ်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဇောအောင် ၁၂/ဗတထ(နိုင်)၀၀၁၄၅၉**
**အမှတ် ၂၆၉၊ မြေညီထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၄၉၆၉၃**

# မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ကျောင်းအပ်နှံရေးနှင့် လှူဒါန်းမှုများပြုလုပ်

**မော်လမြိုင်ကျွန်း ဇွန် ၂**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် မော်လမြိုင်ကျွန်း မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ကျော်ဇံကျေးရွာ အထက်တန်းကျောင်း၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးဌေးမောင်က ကျော်ဇံကျေးရွာ ကျောင်းသား ကျောင်းသူများအတွက် အလှူရှင်များ လှူဒါန်းသော စာအုပ်နှင့် စာရေးကိရိယာမျိုးစုံ ငွေကျပ်ခြောက်သိန်းကျော်ကို ကျောင်းအုပ်ကြီးဒေါ်ညိမ်းမြင့်ထံသို့ လည်းကောင်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ လှူဒါန်းသော ဗလာစာအုပ်ဒါဇင်၂၂၀ ကို ကျောင်းအုပ်ကြီးထံ မြို့နယ်ပညာရေးမှူး ဒေါ်အေးသိန်းက လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

မော်လမြိုင်ကျွန်း မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပရာ အလှူရှင်များ လှူဒါန်းသော စာအုပ်နှင့်စာရေးကိရိယာမျိုးစုံ ငွေကျပ်ငါးသိန်းကျော်နှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ လှူဒါန်းသော ဗလာစာအုပ် ဒါဇင် ၁၈၀ ကို အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား အခမဲ့ထောက်ပံ့ရေး အစီအစဉ်အရ ပထမအကြိမ်အဖြစ် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ဗလာစာအုပ်ခြောက်အုပ်စီ၊ ကျောင်းသုံးဖတ်စာအုပ် တစ်စုံစီနှင့် ငွေကျပ် ၁၀၀၀ စီကို မေ ၃၀ ရက် နံနက် ၈ နာရီကစတင်ပြီး မြို့နယ်ပညာရေးမှူးရုံး၌ ထုတ်ပေးလျက်ရှိသည်။

ယင်းအခမဲ့အစီအစဉ်အရ ထုတ်ပေးရာတွင် မော်လမြိုင်ကျွန်းတစ်မြို့နယ်လုံးရှိ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ်အဖြစ် ငွေကျပ် ၁၇၈ သိန်းကျော်နှင့် ဗလာစာအုပ်ဒါဇင် နှစ်သောင်းကျော်ကို ကျောင်းအလိုက် ကျောင်းအုပ်ကြီးများအား မြို့နယ်ပညာရေးမှူးရုံး ငွေစာရင်းဌာနမှ ဌာနခွဲစာရေးကြီး ဦးဌေးလှိုင်နှင့်အဖွဲ့က ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# နေပြည်တော်တွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂**



နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့တွင် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး ဆောင်ရွက်ခြင်းကို မေ ၃၁ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီဝင် နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေး တာဝန်ခံ ပါမောက္ခ ဒေါက်တာပိုင်စိုး၊ နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းမြင့်၊ ပျဉ်းမနား ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်ရှိ မင်္ဂလာ အခြေခံပညာမူလတန်းကျောင်းနှင့် ကျောင်းဝန်းကျင်နေအိမ်များသို့ ကွင်းဆင်း၍ သောက်သုံးရေ၊ ရေကန်များသို့ အဘိတ်ဆေးခတ်ခြင်း၊ ကျောင်းခန်းများအတွင်း ခြင်၊ ယင် ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးမှုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း(၂)ရှိ အမှတ် (၄၇) မင်္ဂလာဇေယျာ အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးမြင့်ဆောင်နှင့် ဆရာ ဆရာမများက ကျောင်း၌အသုံးပြုလျက်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိမ်များအကြောင်းကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင် ကျန်းမာရေးတာဝန်ခံ ပါမောက္ခဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများက ရေတွင်း၊ ရေကန်များ အတွင်းသို့ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ကျောင်းအနီးဝန်းကျင်တွင် ဖွင့်လှစ်ထားရှိသော လေထိုးကျွတ်ဖာဆိုင်များ၊ တာယာအရောင်းဆိုင်များတွင် ထားရှိသည့် ကားတာယာများ ထားသိုရာတွင် ခြင်၊ ယင်များ ခိုအောင်းမှုမရှိစေရန် ပလတ်စတစ်များ ဖုံးအုပ်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါမှာ မိုးရာသီတွင် အများဆုံးဖြစ်ပွားတတ်သည့်ရောဂါဖြစ်ကြောင်းသိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကျောင်းအပ်လက်ခံနေသည့် ဆရာမ၏ ဆိုင်ကယ်အား ခိုးယူထွက်ပြေး

**တောင်သာ ဇွန် ၂**

တောင်သာမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ မေ ၂၉ ရက် နံနက် ၁၀ နာရီက လေ့ဂျာ-၁၂၅ အစိမ်း ၃၅ယ/ ----ဆိုင်ကယ်ကို အမျိုးသားတစ်ဦးက အခမ့်ခိုးယူထွက်ပြေးသွားကြောင်း သိရသည်။

တောင်သာအထကမှ အလယ်တန်းပြဆရာမ ဒေါ်ထူးထူးနိုင်သည် နံနက် ၉ နာရီတွင် ကျောင်းသို့ရောက်ရှိလာရာ ကျောင်းဆောင်အနီး ၁၅ပေခန့်အကွာ အခန်းအတွင်းမှမြင်သာသည့်နေရာ၌ ဆိုင်ကယ်ကို ထားရှိခဲ့ပြီးနောက် ကျောင်းအပ်သူများ ဝိုင်းအုံလာချိန်တွင် ဆိုင်ကယ်အနီးသို့ အမျိုးသားတစ်ဦး ရောက်ရှိလာရာ မသင်္ကာဖွယ်လှုပ်ရှားနေသည်ကို မြင်တွေ့ရ၍ အခန်းအတွင်းမှထွက်လာပြီး မိမိဆိုင်ကယ်ဖြစ်ကြောင်း ပြောကြားနေစဉ်မှာပင် အတင့်ရဲစွာ မောင်းနှင်ခိုးယူသွားခဲ့ခြင်းဖြစ်သည်။

ဆရာ ဆရာမများက ဝိုင်းဝန်းအော်ဟစ် အကူအညီတောင်းခဲ့သော်လည်း အသင့်စောင့်နေသူ အဖော်တစ်ဦး၏ ဆိုင်ကယ်နှင့်အတူ ကျောင်းဝင်းအတွင်းမှ ထွက်ပြေးသွားပြီး တာဝန်သိပြည်သူများက နောက်မှလိုက်သော်လည်း မျက်ခြည်ပြတ် သွားခဲ့ကြောင်း သိရသည်။

တောင်သာမြို့မရဲစခန်းက ဖမ်းဆီးရမိရေးအတွက် ရဲကင်းစခန်းများဖြင့် ချိတ်ဆက်ပေါင်းစည်း ပိတ်ဆို့ဆောင်ရွက်ခဲ့ရာ ဇဂျမ်းကျေးရွာအရောက်တွင် နယ်မြေခံရဲတစ်ဦးက မသင်္ကာဖွယ်မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးကို တားမြစ်ခဲ့သော်လည်း ရပ်တန့်ခြင်းမရှိဘဲ ခြေဖြင့်ကန်၍ ဆက်လက်မောင်းနှင်သွားခဲ့သည်။

ဇဂျမ်း-ငှါသရောက် လမ်းမအတိုင်း ဆက်လက်ရှာဖွေခဲ့ပြီး စိုင်ကန်ရွာအနီး ထန်းတောတစ်နေရာ၌ ဆိုင်ကယ်နှစ်စီးရပ်ထားသည်ကိုတွေ့ရှိခဲ့ရာ ပျောက်ဆုံးသွားသည့်ဆိုင်ကယ်ဖြစ်နေကြောင်း သိရသဖြင့် ခိုးယူထွက်ပြေးတိမ်းရှောင်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆက်လက်ရှာဖွေ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မော်တော်ဆိုင်ကယ် ပျောက်ဆုံးမှုများမှာ အများအားဖြင့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများ စတင်ဖွင့်လှစ်သည့် အချိန်များတွင် ဖြစ်ပွားတတ်ကြပြီး အများစုမှာ လူအများကြားမှပင် မောင်းနှင်ထွက်ပြေးခြင်းဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအတွက် ယာဉ်အန္တရာယ်ထိခိုက်မှု ဖြစ်ပွားနိုင်ကြောင်းလည်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**





## ပြောင်းလဲခေါ်ဆိုပါရန်

ဟိုပန်မြို့၊ မန်ကောင်းရပ်ကွက်နေ ဦးထပ်အောင်၏သား ဦးအိုက်ဆန်းဆာ ၁၃/ကလတ (နိုင်)၀၂၄၁၄၇အား ယနေ့မှစ၍ ဦးဆန်းဖိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

တန့်ယန်းမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အဋ္ဌမတန်း(ဒီ) တွင် ပညာသင်ကြားနေသော မောင်ကျော်နိုင်၏ ဖခင်အမည်မှန်မှာ ဦးရှောက်ပေါက် ၁၃/တယန(နိုင်)၀၂၆၇၄၉ ဖြစ်ပါကြောင်း။

## Talents & Models

မှ

### မိတ်ကပ်အထူးသင်တန်း

Flawless Look Make- up (ချောမောကြည်လင်မေ့ရုပ်သွင်)

| | | |
|---|---|---|
| ပို့ချမည့် **Make-up Artist** | - | Denise Win (Diploma in professional Make-up Artistry From cosmoprof Academy, Singapore).Diploma in Advance Make-up course from Monita Beauty College, Hong Kong |
| ဖွင့်လှစ်မည့်ရက် | - | 17, 18, 19, 20, 21 June 2014 |
| အချိန် | - | 10:00 to 12:00 |
| စုံစမ်းရန် | - | ဖုန်း-၀၉-၇၃၀၅၅၇၄၆၊ ၀၉-၈၆၁၀၆၉၀၊ ၀၉-၇၃၁၃၉၂၃၂ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၄၉၁၆ Toyota Caldina S/W ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၁၀/သထန(နိုင်)၀၈၇၂၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း
## အကြောင်းကြားစာ
### (အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၈၂
### ကွယ်လွန်သူ ဦးကျော်ဝင်း၏ ကျန်ရစ်သောပစ္စည်းများအကြောင်း

ဒေါ်ခိုင်ခိုင်ဝေ(ခ)ဒေါ်ဂလိုရီယာမလတ်ကက်(စ်)
အမှတ် ၁၆၇၊ တတိယထပ်၊ အလုံလမ်း၊ ဌာနာရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **လျှောက်ထားသူ**

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်ခိုင်ခိုင်ဝေ(ခ)ဒေါ်ဂလိုရီယာမလတ်ကက်(စ်)က ကွယ်လွန်သူ ဦးကျော်ဝင်း၏ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဦးကျော်ဝင်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကျော်ဝင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဇွန် ၁၈ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော်၆ရက်) နံနက်၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူဒေါ်ခိုင်ခိုင်ဝေ(ခ)ဒေါ်ဂလို ရီယာ မလတ်ကက်(စ်)၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သစ်ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၃၃၁၊ အမည်ပေါက် ဦးအုန်းသန်း၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သန်းရင် ၁၂/လသန(နိုင်)၀၁၅၃၇၄ မှ မြေကွက်စလစ်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြ၍ မြေချပါမစ်ထုတ်ပေးရန်လျှောက်ထားလာသဖြင့်ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၃၃၂၊အမည်ပေါက်ဒေါ်ခင်ဌေးမြင့်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သန်းရင် ၁၂/လသန(နိုင်)၀၁၅၃၇၄ မှ မြေကွက်စလစ်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြ၍ မြေချပါမစ်ထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## မော်လမြိုင်ကျွန်းမြို့နယ်၊ တန့်ငူကျေးရွာအုပ်စု၊ ကွမ်းခြံချောင်းဂေါပကအဖွဲ့နှင့် အများသိစေရန်ကြေညာခြင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ တန့်ငူကျေးရွာအုပ်စု၊ ကွမ်းခြံချောင်းကျေးရွာရှိ ကွင်းအမှတ် ၄၈/၃၊ ဧရိယာ ၁၂ဒသမ၅၆ဧက အကျယ်အဝန်းရှိ လယ်ယာမြေများအား ဦးကျော်ညွန့်၏ သမီး ဒေါ်ခင်အေးမူ ၁၄/မကမ(နိုင်)၀၀၁၀၃၄က အမည်ပေါက် ပိုင်ဆိုင်ကြသူ မိခင် ဒေါ်အေးဆင့်နှင့် ခင်ပွန်း ဦးသောင်းဝင်းတို့ သေဆုံးသွားခဲ့ပြီးဖြစ်သဖြင့် အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ဒေါ်ခင်အေးမူသည် ယင်းလယ်ယာမြေများတွင် မိခင်နှင့် ခင်ပွန်းသည်တို့ မသေဆုံးမီကတည်းက မိသားစုနှင့်အတူတကွ ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ဖော်ပြပါလယ်ယာမြေများကို မော်လမြိုင်ကျွန်းမြို့နယ်၊ တန့်ငူကျေးရွာအုပ်စု၊ ကွမ်းခြံချောင်းကျေးရွာရှိ ဦးကြီးရှိန်နှင့် ဂေါပကအဖွဲ့ဝင်များသည် မိခင် ဒေါ်အေးဆင့် မသေဆုံးမီ ၎င်းတို့အား လှူဒါန်းသွားသည်ဟုဆိုကာ တရားမဝင်မမှန်ကန်သော စာချုပ်များဖြင့် ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြလျှောက်ထားကာ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)အား တစ်ဖက်သတ်ရယူသွားခဲ့ကြောင်း သိရပါသည်။ အဆိုပါ ပုံစံ(၇)နှင့်ပတ်သက်၍ ဒေါ်ခင်အေးမူမှ အမှန်တရားပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာဌာနအသီးသီး အပြင် နိုင်ငံတော်သမ္မတကြီးအထိ တင်ပြလျှောက်ထားတိုင်တန်း၍ ၎င်းတရားရုံးတွင် တရားစွဲဆို၍လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်၍ ဦးကြီးရှိန်နှင့် ဂေါပကအဖွဲ့မှ ယင်းလယ်ယာမြေများအတွင်းသို့ ဝင်ရောက်ကျူးကျော်ပြီး သီးနှံများအား ဖျက်ဆီးကာ ထွန်ယက်ရန်ကြိုးစားခြင်း၊ ခြိမ်းခြောက်ခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သဇင်လှိုင် LL.B** | **ဦးဌေးလွင် LL.B** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် ၆၀၁၊ (၂၁)ရပ်ကွက်၊ ပေါက်ကံလမ်း၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဖုန်းလိုင်းအင်အား သုံးသောင်းကျော်အသုံးပြုနိုင်ရန် တာဝါတိုင်များတည်ဆောက်

## ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများတွင် တာဝါတိုင်များ တည်ဆောက်လျက်ရှိသည်



**ကျိုင်းတုံ ဇွန် ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ် သုံးခရိုင်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် ဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက GSM မိုဘိုင်းတယ်လီဖုန်း တာဝါတိုင် ၁၀ တိုင်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှစတင်ပြီး တိုးချဲ့တပ်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အသစ်တည်ဆောက်လျက်ရှိသော တာဝါတိုင်များမှာ ကျိုင်းတုံခရိုင်၌ ကျိုင်းတုံတက္ကသိုလ်ဝင်းတွင် တစ်တိုင်၊ ပြည်သူ့ဆေးရုံကြီးတွင် တစ်တိုင်၊ မြို့တော်ခန်းမလေယာဉ်ကွင်းအနီးတွင် တစ်တိုင်၊ မိုင်းခတ်မြို့ပေါ်တွင် တစ်တိုင်၊ မိုင်းလား မြို့ပေါ်တွင် တစ်တိုင်၊တာချီလိတ်ခရိုင်၌ တာချီလိတ်မြို့၊ ရီဂျီးနားဟိုတယ်အနီးတွင် တစ်တိုင်၊ ကျိုင်းတုံ-တာချီလိတ်သွားလမ်းမကြီးဘေး မိုင်းကိုးကျေးရွာတွင် တစ်တိုင်၊ မြန်မာ-လာအို အာဆီယံ ဟိုင်းဝေးလမ်းမကြီးဘေး တာလေမြို့နယ်ခွဲ မိုင်းလင်းအရှေ့ ဖားကန်ကျေးရွာတွင် တစ်တိုင်၊ မိုင်းဆတ်ခရိုင်၌ မိုင်းတွင်းမြို့၊ လွိုင်ဆမ်ဆုံတောင်ပေါ်တွင် တစ်တိုင်၊ နားကောင်းမူး ကျေးရွာတွင် တစ်တိုင် စုစုပေါင်း GSM မိုဘိုင်းတယ်လီဖုန်း တာဝါ ၁၀ တိုင်ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိသည်။

ယခင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် GSM စခန်း ၁၈ ရုံးနှင့် WCDMA စခန်း သုံးရုံးသာရှိပြီး ဖုန်းသုံးစွဲသူများလာ၍ GSM မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးလိုင်းများ ခေါ်ဆိုမှုခက်ခဲလာသည့် ပြည်သူလူထု၏ လိုအပ်ချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၂၀၁၄ ခုနှစ် ဇွန် ၁ ရက်အထိ ကျိုင်းတုံ၊ ကတ်တောင်၊ လွယ်မွေ၊ တာချီလိတ်၊ ပါခုတ်၊ တာလေ၊ ဝမ်ပုံ၊ မိုင်းဖြတ်၊ မိုင်းယောင်း မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း ၁၃ မြို့ကို နှစ်သိန်းတန် GSM ၁၅၂၄၅ လုံး၊ ဝန်ထမ်းအရစ်ကျ ၂၅၉၂ လုံး၊ ကျေးလက်အရစ်ကျ ၅၃၀၁ လုံး၊ ကျပ် ၁၅၀၀ တန်ဖိုးနည်း ဖုန်းအလုံး ၃၆၂၀၀၊ သက်ပြည့်ပင်စင်စား WCDMA အလုံး ၂၀၀၀၊ စုစုပေါင်းမိုဘိုင်းတယ်လီဖုန်း ၆၁၃၃၈ လုံးတို့ကို ရောင်းချခဲ့ပြီးဖြစ်ရာ သုံးစွဲသူများလာခြင်းကြောင့် ဆက်သွယ်ရေးလိုင်း ပိုမိုလွယ်ကူလျင်မြန် ကောင်းမွန်စေရန်၊ လိုင်းကျပ်နေသည့် Traffic များချောင်စေရန်နှင့် GSM မိုဘိုင်းတယ်လီဖုန်း Radio Coverage ကောင်းမွန်စွာရရှိစေရန် တာဝါတိုင် ၁၀ တိုင် ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိကြောင်းနှင့် လျှပ်စစ်ဓာတ်အားမရှိသေးသော မိုင်းခတ်၊ မိုင်းလင်းအရှေ့ရွာ၊ နားကောင်းမူးနှင့် မိုင်းတွင်းမြို့ရှိ လွိုင်ဆမ်ဆုံ ဆက်သွယ်ရေး GSM စခန်းလေးခုတွင် SOLA နှင့် ၁၆ KVA အင်ဂျင်များပါ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း ကျိုင်းတုံမြို့ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်နယ်မန်နေဂျာ ဦးအောင်ကြည်မြင့်က မြန်မာ့အလင်းသို့ ပြောပြသည်။

ထို့အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် ဆက်သွယ်မှုပိုမိုကောင်းမွန်စေရန် တာချီလိတ်မြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က တာချီလိတ်မြို့တွင် ဒုတိယဝန်ကြီးများ၏ Delivery Unit ခရီးစဉ်အတွင်း တင်ပြတောင်းဆိုချက်အရ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးဌာနမှ GSM မိုဘိုင်းတယ်လီဖုန်းများ ခေါ်ဆိုမှုခက်ခဲသည့်နေရာများတွင် စက်မှုပိုင်းဆိုင်ရာ ကွင်းဆင်းတိုင်းထွာချက်များအရ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု ငွေစေတီကုန်းဝါးရုံပင်တောအတွင်းရှိ မြေကွက်လပ်၌ GSM BTS ရေဒီယိုစခန်းသစ်တစ်ခုနှင့် အမြင့် ၄၂ မီတာရှိ တာဝါတိုင် တည်ဆောက်တပ်ဆင်ထားသည်။

တာချီလိတ်-မိုင်းဆတ် ကားလမ်းမကြီးတစ်လျှောက် ပုန်းထွန်ရပ်ကွက် လွယ်တော်ခမ်း စုပေါင်းဂိတ်နှင့် လွယ်တော်ခမ်း ကျေးရွာအုပ်စုအနီး ပတ်ဝန်းကျင်နေရာများ၊ ပုန်းထွန်ရပ်ကွက် အနီးပတ်ဝန်းကျင်ရှိ GSM မိုဘိုင်းတယ်လီဖုန်းများ ခေါ်ဆို ဆက်သွယ်မှု ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း အင်ဂျင်နီယာချုပ် ဦးစိုးသိန်းက ဖြေကြားသည်။

ယခု တိုးချဲ့တည်ဆောက်လျက်ရှိသော GSM မိုဘိုင်းတယ်လီဖုန်း တာဝါတိုင် ၁၀တိုင်သည် တစ်တိုင်လျှင် အမြင့်မီတာ ၄၀ ရှိပြီး တစ်တိုင်၏ ခန့်မှန်းပြည်တွင်း ငွေကျပ်သိန်း ၂၀၀၀ ရှိကာ စုစုပေါင်းသိန်း ၂၀,၀၀၀ ကို နိုင်ငံတော်က အကုန်အကျခံ၍ တည်ဆောက်လျက်ရှိပြီး GSM တာဝါတိုင်တစ်တိုင်သည် မိုဘိုင်းဖုန်းလိုင်းအင်အား ၃၀၀၀ ကို သုံးစွဲရမည်ဖြစ်သဖြင့် ဒေသခံပြည်သူများ ယခင်ကထက် ပိုမိုကောင်းမွန်လာမည်ဖြစ်၍ ဝမ်းမြောက်လျက်ရှိကြောင်း ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

**မြင့်မိုရ်(တာချီလိတ်)**

## သြဂုတ်လမှစတင်၍ ဗန်းမောက်မြို့နယ်အတွင်း မိုဘိုင်းလ်ဖုန်းအသုံးပြုနိုင်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများဆက်သွယ်မှု ပိုမိုလျင်မြန်ကောင်းမွန်စေရေးအတွက် ဂျီအက်စ်အမ်တာဝါတိုင်များ တည်ဆောက်ခြင်းကို ဗန်းမောက်မြို့နယ်အတွင်း မေ ၂၂ ရက်မှ ၃၀ ရက်အထိ တည်ဆောက်ပေးခဲ့ရာ အမြင့်ပေ ၄၂ပေရှိ တာဝါတိုင်ကိုအောင်မြင်စွာ ပြီးစီးစိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။

အာရှမီဂါလင့်ခ်ကုမ္ပဏီမှ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွက် အဆိုပါ တာဝါတိုင်ကို တာဝန်ယူတည်ဆောက်ခဲ့ပြီး မြို့နယ်ဆက်သွယ်ရေးစာတိုက်ဝင်းအတွင်း တည်ဆောက်ထားရှိကြောင်း သိရသည်။

လိုအပ်သည့် ဆက်သွယ်မှုနည်းပညာများတပ်ဆင်ပြီးပါက လာမည့် သြဂုတ်လအတွင်း မြို့နယ်အသီးသီးသို့ မိုဘိုင်းဖုန်းအသုံးပြုကာ ဆက်သွယ်ပြောဆိုနိုင်ကြတော့မည်ဖြစ်၍ဒေသခံများက ဝမ်းမြောက်လျက်ရှိသည်။

**မြို့နယ်ပြန်/ ဆက်**

## မိုးရွာသွန်းမှုနောက်ကျ၍ သားငါးရှားပါးမှု ပိုမိုကြုံတွေ့လာနိုင်

**ဖျာပုံ ဇွန် ၂**

ဖျာပုံခရိုင်အတွင်း ရေချိုမြစ်ချောင်းများ ပေါများသဖြင့် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ ယခုနှစ်တွင်လည်း အပူချိန်မြင့်မားပြီး မုတ်သုံအဝင်နောက်ကျသဖြင့် မိုးရာသီအတွင်း သားငါးရှားပါးမှုပိုမိုကြုံတွေ့နိုင်ကြောင်း ရေလုပ်ငန်းရှင်များက ခန့်မှန်းကြသည်။

"ရေလုပ်သားတွေအနေနဲ့ ချောင်းမကြီးနဲ့ လက်တက်တွေမှာပိုက်ထောင်ရပါတယ်။ မိုးမရွာလို့ ငါးပုစွန်အထွက်နှုန်း ကျဆင်းပြီး ဈေးကွက်မှာဈေးမြင့်တက်နေတယ်။ သက်ဆိုင်ရာက အင်းခွန်တွေကို ၄၀ရာခိုင်နှုန်းလျှော့ချပေးလို့ ယခုနှစ်မှာ ကြေးတိုင်လျှောက်ထားသူတွေနဲ့ အင်းခွန်တွေကို ၁၀ ရာခိုင်နှုန်း ထပ်ဆောင်း ပိုငွေပြန်သွင်းရပါတယ်။ လက်ရှိမှာ တောင်သူတွေက ရိုးချောင်းတွေပိတ်ထားတယ်။ ရာသီဥတုကလည်း မကောင်းတဲ့အပြင် ရေလုပ်သားရှားပါးလို့ လုပ်သားငှားရမ်းခတွေ အဆမတန် တက်လာပါတယ်။ ဈေးတက်လိုသော်လည်း ပြည်သူတွေဝယ်စားနိုင်တဲ့ အခြေအနေထက်ဈေးမရနိုင်ပါဘူး။ ပုစွန်နဲ့ငါးတွေက ပြည်တွင်းစားသုံးနိုင်တဲ့အဆင့်မို့ ဈေးအကျိုးအမြတ်နည်းပါးနေရတယ်"ဟု ရေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြစ်ချောင်း၊ အင်းအိုင်များ၌ သတ်မှတ်စည်းကမ်းများဖြင့် ဖမ်းဆီးခွင့်ပြုထားပြီး စည်းကမ်းမဲ့သူများကြောင့် ငါးသယံဇာတများမှာ လျော့နည်းလာပြီး ဖမ်းဆီးကြရာတွင် သတ်မှတ်ထားသည့် ရှာဖွေခြင်းနည်းလမ်းများနှင့် နေရာများ၊ ရာသီများကို အလေးမပြုမလိုက်နာသဖြင့် ပြည်တွင်းငါးပုစွန်ဈေးကွက်ကိုပါ မကြာမီနှစ်များအတွင်း များစွာ ပြောင်းလဲစေနိုင်ကြောင်း ငါးလုပ်ငန်းလုပ်ကိုင်သူများက ခန့်မှန်းကြသည်။

**ချမ်းသာ(ဖျာပုံ)**


### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၄)နယ်မြေဒေသ ကန်ဘဲ့ရပ်ကွက်၊ မြေကွက်အမှတ် ၁၃၊ သစ္စာလမ်း၊ မြဝတ်ရည်လမ်းသွယ်၊ ကွင်းအမှတ် ၃၄၊ ဦးပိုင်အမှတ် ၅/ဆ၊ အလျား ပေ၆၀×အနံ ပေ၃၀ အကျယ်အဝန်းရှိ မြေနှင့်မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်ကို ဦးစိန်ဝင်း ၁၂/ရကန(နိုင်)၀၄၅၅၅၄ (ဘ/ SR စွပ်ပွရား)ထံမှ နည်းလမ်းတကျ စာချုပ်ချုပ်ဆိုပြီး အပြီးအပိုင် ဝယ်ယူလက်ရောက်ရယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်များတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံ တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက နည်းလမ်းတကျ ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အခန်းအမှတ် (703/704)
တိုက်(637/651)
(၃)ရပ်ကွက်၊ ကုန်သည်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်

ဦးခင်အုံးမောင်(ခ)ဦးမောင်ဖြူ
ဥပဒေအကြံပေး (စဉ်-၂၀၉၃၁)
HGP, LL.B, CBL, DBL, BC

### အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ကြည်ကြည်(ခ)ရန်ပီလန့်နှင့် ၎င်း၏သား သမီးများဖြစ်ကြသော မကျင်ကျင်အေး ၉/အမရ(ဧည့်)၀၀၀၀၀၉၊ မသန်းသန်းအေး ၉/မနမ(နိုင်)၀၃၀၄၈၆၊ ကိုထွန်းအောင် ၉/အမရ(နိုင်)၀၅၉၆၅၁၊ မသန်းသန်းခင် ၉/မနမ(နိုင်)၀၃၀၄၃၆၊ မနုနုရင် ၉/မနမ(နိုင်)၀၃၀၄၇၅၊ ကိုကျော်ကျော် ၉/အမရ (နိုင်)၀၀၀၄၀၆၊ မဆွေဆွေဝင်း ၉/အမရ(နိုင်)၀၀၀၄၀၇ တို့သည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကွင်းအမှတ် ၅၉၇၊ အိုးတော်ကွင်း၊ မြေကွက်အမှတ်(၁၀) အတွင်းမှတရားဝင် မခွဲစိတ်ရသေးသော ဧရိယာ ၀ ဒသမ ၀၇ ဧကရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊သိမ်ကြီးရပ်၊ မန္တလေး-စစ်ကိုင်းလမ်း၊အမှတ်(အသ-၁၈) ဟုခေါ်တွင်သောဥပစာနှင့်ပတ်သက်၍ အမွေပုံဝေစုအဖြစ် သားသမီးခုနစ်ဦးအတွက် ခုနစ်စုသတ်မှတ်ကာ ကိုထွန်းအောင် ၉/အမရ(နိုင်)၀၅၉၆၅၁က အမွေဝေစု(၁)စုအဖြစ်လည်းကောင်း၊ ညီအစ်မငါးဦးတို့မှ ၎င်းတို့ ရရှိသည့်အစု အသီးသီးကို မောင်ဖြစ်သူကိုကျော်ကျော်အား စွန့်လွှတ်ပေးအပ်ရန် သဘောတူညီသည့်အလျောက် ကိုကျော်ကျော် ၉/အမရ(နိုင်)၀၀၀၄၀၆မှ စုစုပေါင်း အမွေဝေစုခြောက်စုအဖြစ်လည်းကောင်း အသီးသီးခွဲဝေကြရန် နှုတ်ဖြင့် မိသားစုစီမံမှုတစ်ရပ်ကို ရပ်မိရပ်ဖ သက်သေလူကြီးများရှေ့တွင် ပြုလုပ်စီမံခဲ့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းထွန်းအောင်(စဉ်-၈၀၂၅)
တရားလွှတ်တော်ရှေ့နေ

ဒေါ်ဆွတ်ဆိုင်းပန်(စဉ်-၃၉၇၄၅)
အထက်တန်းရှေ့နေ

ဒေါ်နှင်းဝေလင်း(စဉ်-၃၉၉၆၄)
အထက်တန်းရှေ့နေ

sawttaadvocate@gmail.com ဖုန်း-၀၉-၄၄၀၃၆၁၄၃၊ ၀၉-၇၃၀၅၉၈၂၆
အမှတ်၅၃၅၊ သီရိမြိုင် ၁၀လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ အမှတ် (၆၁၆)၊ ဝရဇာ ၅ လမ်း၊ အကျယ်( ပေ၄၀× ပေ၆၀)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေအပါအဝင်တို့နှင့် စပ်လျဉ်း၍ မြန်မာ့အလင်းသတင်းစာတွင် (၁-၄-၂၀၁၄)ရက်စွဲပါ အများသိရှိစေရန်ကြေညာချက်နှင့် ကြေးမုံသတင်းစာတွင် ၂၁-၅-၂၀၁၄ ရက်စွဲပါ ပြန်လည်အသိပေးကြေညာခြင်းတို့ကို ခြွင်းချက်မရှိပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ဦးရွှေမောင် ၁၂/ဥကတ(နိုင်)၀၆၅၃၁၆ သည် အထက်ခေါင်းစဉ် အပိုဒ်ပါ မြေနှင့်အိမ်အတွက် အကျိုးသက်ဆိုင်သည်ဟုယူဆသဖြင့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတွင် တစ်ကြိမ်စီကြေညာခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ကျွန်တော်၏ ဦးလေးဖြစ်သူ ဦးလှမြင့် ၁၂/ဥကတ(နိုင်)၀၅၉၅၁၆နှင့် ညှိနှိုင်းသဘောတူညီစွာ ပြေလည်မှုများရရှိပြီးဖြစ်ပါသောကြောင့် ၁-၄-၂၀၁၄ ရက်စွဲပါ အများသိရှိစေရန်ကြေညာချက်နှင့် ၂၁-၅-၂၀၁၄ ရက်စွဲပါ ပြန်လည်အသိပေးကြေညာခြင်းတို့ကို ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းကြောင်း ကျွန်တော် ဦးရွှေမောင်ကိုယ်တိုင် အပြီးတိုင် ကြေညာအပ်ပါသည်။

ဦးရွှေမောင် ၁၂/ဥကတ(နိုင်)၀၆၅၃၁၆

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၃၁၊ မြေကွက်အမှတ် ၆၆၊ မြေဧရိယာ ၀ဒသမ၀၅၅၈ဧက၊ ပေ(၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၆၆၊ ဇေယျာဒီပလမ်း၊ ၃၁ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော တစ်ထပ် RC အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ခင်ဆွေရီ (စဉ်-၁၅၁၀/၇၆)
B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၀(မြေညီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ရုံးဖုန်း-၂၅၂၉၂၄

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၇၆၅၊ အကျယ်အဝန်းပေ (၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၄၀ဟုခေါ်တွင်သောအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်စာတမ်းများဖြင့်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူများဖြစ်သော ဦးသိန်းဇော်ဝင်း ၇/တငန(နိုင်)၀၀၇၅၈၁၊ ဒေါ်ကေသီဇော် ၃/ဖပန(နိုင်)၀၁၆၃၃၆တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီချက်ရယူပြီးနောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်ခိုင်လှဲ့ LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၁၃)
အမှတ် ၉၇၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၁၈၅၅၅၈

# စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁၃ နှင့်ဆက်စပ်သည့်**
**၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၉**

ဒေါ်စန်းစန်းအေး နှင့် ၁။ ဦးဟန်ဝင်းထွန်း
၂။ ဒေါ်ချောချောမွေး

**တရားနိုင်** **တရားရှုံးများ**

(၁)တရားရှုံး ဦးဟန်ဝင်းထွန်းနှင့် (၂)တရားရှုံး ဒေါ်ချောချောမွေး အမှတ် ၃၁၂၊ တပင်ရွှေထီးလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၄၁၃တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်စန်းစန်းအေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အတွက်ကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၃၀ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ဒီကရီအတည်ပြုမိန့် ထုတ်ပေးလိမ့်မည်။

၂၀၁၄ ခုနှစ် မေ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းအေးမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၂၂ နှင့်ဆက်သွယ်သည့်**
**၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၄**

၁။ ဦးဇော်မင်းဦး နှင့် ဦးနိုင်ထွန်း
၂။ ဦးမင်းသန့်ထွေး

**တရားနိုင်များ** **တရားရှုံး**

ဦးနိုင်ထွန်း အိမ်အမှတ် ၁၁/ဂ၊ အရာတော်ဝင်း၊ ၁၄×၁၅ လမ်းကြား၊ ၈၁×၈၂ လမ်းကြား၊ အရာတော်ဝင်းမြှောရုံ မြောက်ဘက်ကပ်လျက်လမ်း အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၂၂ တွင် ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဇော်မင်းဦး ပါ-၂က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၂၀ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ ခုနှစ် မေ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## အယူတော်ခံမှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၄ခုနှစ် တရားမအယူခံမှုအမှတ်-၁၈**

ဦးသိန်းမြင့် နှင့် ၁။ ဦးကျော်မင်းထွန်း
၂။ ဦးလှကြည် } အတူနေ
၃။ ဒေါ်တင်ရီ } လင်မယား

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၄ခုနှစ် မေ ၁၄ရက်စွဲပါ ဖယ်ခုံမြို့နယ်တရားရုံးတော်မှ စီရင်ချက်အမိန့်နှင့် ဒီကရီကို အယူတော်ခံမှု

ဖယ်ခုံမြို့၊ ဈေးနောက်ရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၅၅)တွင် နေထိုင်သူများ (ယခုနေရပ်လိပ်စာမသိ) ဦးကျော်မင်းထွန်း၊ ဒေါ်နန်းခင်အုံးရီတို့ သိစေရမည်။

ယခုအမှုတွင် ဖယ်ခုံမြို့နယ်တရားရုံးတော်က ချပေးသည့်ဒီကရီကို ဦးသိန်းမြင့်က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း။

ထိုအယူခံမှုကို ၂၀၁၄ ခုနှစ် ဇွန် ၂၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁ရက်) တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဟန်သိန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် တရားရုံးတော်၌**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈ နှင့် ဆက်နွယ်ထားသည့်**
**၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅**

ဦးဇော်ထူး နှင့် ဦးသောင်း

**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ စက်မှုလယ်ယာ ၂ လမ်း၊ အမှတ် ၂၁၁ နေ တရားရှုံး ဦးသောင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၈ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဇော်ထူးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ သင်၏အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၃၀ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် မေ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ထွန်းနိုင်ဝင်း**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ချမ်းမြသာစည်မြို့နယ် တရားရုံးတော်**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၄**

ဒေါ်ကြည်ကြည်စိန် နှင့် ဦးဇင်မောင်ပါ-၂

**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၄၁ လမ်း၊ သားရေစက်ရုံတွင် နေထိုင်ခဲ့သူများ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်ကြည်ကြည်စိန်မှ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဆဆ-၂)၊ ဦးပိုင်အမှတ် ၁၅၊ ဂရန်မြေကွက်နှင့်ပတ်သက်၍ တရားလိုက အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၃၀-၆-၂၀၁၄ ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဇင်နိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ အာဇာနည်လမ်း၊ မြေတိုင်းအမှတ် (ဃ/၁၆)၊ မြေကွက်အမှတ် (၉)၊ ဦးတင်လှိုင် CD-၀၀၁၃၁၆၊ ပါမစ်အမည်ပေါက်သည့် မြေကွက်ဧရိယာအကျယ် ပေ(၆၀×၈၀)ရှိ မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်အရောင်းအဝယ် ကတိစာချုပ်များအရ ဦးမင်းဆန်း ၁၂/ကတတ(နိုင်)၀၁၅၅၄၁က လက်ရှိပိုင်ဆိုင်သူဖြစ်၍ ၎င်းထံမှ ယင်းအိမ်ခြံမြေကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ဦးမင်းဆန်းထံသို့စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**စိန်ပေါလ်ခင်မောင်ဆန်း (LL.B)**
**အတိုင်ပင်ခံအမှုလိုက်ရှေ့နေ**
**အမှတ် (၆၄)၊ သီရိသပြေညိုလမ်း၊**
**ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၄၄၈၀၄၆၆၉၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ လူနေရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၁၀၆၂/က၊ အောင်မေတ္တာလမ်းရှိ မြေအကျယ်အလျားပေ ၂၀ × အနံပေ ၆၀ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစိန်အောင် TKI-၀၃၄၁၁၉ ပါမစ်အမည်ပေါက် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ မူလပိုင်ရှင်ထံမှ ယခုအမည်ပါ ဦးဝင်းရွှေ ၉/ကဆန(နိုင်)၀၁၀၀၆၆က အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါလွင် LL.B**
**အထက်တန်းရှေ့နေ(၂၄၅၂၆)**
**အမှတ် ၄၈၅၊ တကောင်း ၅ လမ်းတို၊ (၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၁၃၅၁၄**

## ဦးသန်းရှိန် (နည်းပြ၊ ငြိမ်း)

**(မေမြို့၊ မြစ်ကြီးနား၊ အင်းစိန်) GTI**
**အသက်(၆၆)နှစ်**

ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ် ၂၆၀၊ အဝေရာလမ်းနေ (ဦးရွှေမြ-ဒေါ်သိန်း)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်ထားတင်)တို့၏ သားသမက်၊ ဒေါ်တင်မော်အေး (နည်းပြ၊ ငြိမ်း၊ GTC မော်ဘီ)၏ ခင်ပွန်း၊ ဦးကျော်နိုင်ဦး (E/E Bellship)- ဒေါ်သီသီမာ (ဆန်းဖလားဝါး အလှပြင်ဆိုင်)၊ ဦးဝေဖြိုးဦး(MASTER, F.G, MAERSK Line) - ဒေါ်သီရိလှိုင် (Smart Learning Center)၊ ဗိုလ်ကြီးသန့်ဇော် (မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး)-ဒေါက်တာစုမြတ်အေး (နေပြည်တော်၊ ခုတင်-၁၀၀၀၊ ဆေးရုံကြီး)တို့၏ ဖခင်၊ မသီရိဆုဝေ (တက္ကသိုလ်ဝင်တန်း)၊ မသီရိဝေဦး (တက္ကသိုလ်ဝင်တန်း)၊ မမေဦးမိုး (SEC I, ILBC) တို့၏အဘိုးသည် ၁၀-၅-၂၀၁၄ရက် (သောကြာနေ့ )မွန်းလွဲ ၁၂:၃၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်များအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄-HI၊ မြေကွက်အမှတ် ၁၃၊ မြေကွက်တည်နေရာအမှတ် ၁၃၊ စက်မှု ၁လမ်း၊ မေတ္တာညွန့်ရပ်ကွက် (ဒေါ်ခင်ပို)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ပိုကွယ်လွန်၍ ပိုင်ဆိုင်ကြောင်းစာချုပ်-၆၆၃၅/၁၁ အရ ဒေါ်ခင်ဝင်း ပါ(၅)ဦးမှပိုင်ဆိုင်ခဲ့၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၂၅၉/၂၀၁၃ (တရားလိုဦးစိုးမင်းက တရားပြိုင် ဒေါ်ခင်ဝင်း ပါ-၅ အပေါ် မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု)နှင့် တရားမဇာရီမှု အမှတ် ၂၀၈/၁၃ အမိန့်တို့အရ တရားရှုံး ဒေါ်ခင်ဝင်း ပါ(၅)ကိုယ်စား ဘိလစ်အရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူက အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄-HI၊ မြေကွက်အမှတ် ၁၂၊ မြေကွက်တည်နေရာအမှတ် ၁၂၊ စက်မှု ၁လမ်း၊ မေတ္တာညွန့်ရပ်ကွက် (ဒေါ်ကြည်ကြည်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၂၅၈/၂၀၁၃ (တရားလို ဦးသံဒိုင်၊ ဦးစိုးမင်းက တရားပြိုင် ဒေါ်ကြည်ကြည် အပေါ် မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု)နှင့် တရားမဇာရီမှုအမှတ် ၂၀၇/၁၃ အမိန့်တို့အရ တရားရှုံး ဒေါ်ကြည်ကြည်ကိုယ်စား ဘိလစ်အရာရှိဒေါ်နှင်းဝင့်ဝင့်ဖြူက အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အရှေ့၊ မြေကွက်အမှတ် ၃၃၈/ခ၊ မြေကွက် တည်နေရာအမှတ် ၃၃၈/ခ၊ အောင်သပြေ ၄လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် (ဦးညို) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးညို (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီး ဒေါ်အုန်းမြင့် ၁၂/သကတ(နိုင်)၁၀၄၄၉၁ထံမှ GPအမှတ် ၆၅၄၉/၁၄ (၄-၃-၁၄)ရသူ ဒေါ်သဲအိအိကြည် ၁၂/ကမရ(နိုင်)၀၁၀၇၁၇ကသေစာရင်း၊ ကျမ်းကျိန်လွှာဂရန်နှင့် မြေခွန်ပြေစာတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄၁၊ မြေကွက်အမှတ်၃၄၇၊ မြေကွက်တည်နေရာအမှတ်(၃၄၇)၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်မြင့်မြင့်အေး ၁၂/သကတ(နိုင်)၀၂၉၇၂၄ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်အေး (တရားရှုံး) ကိုယ်စား ဘိလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန(နိုင်)၀၅၁၂၄၃ မှ အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၆၈၅/၁၁(၂-၁၂-၁၁)နှင့် တရားမဇာရီမှုအမှတ် ၁၅၄/၁၃ (၁၈-၂-၁၄) တွင်တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၂၆၁၊ မြေကွက်တည်နေရာအမှတ် ၂၆၁၊ မုဒိတာလမ်း၊ (၂)ရပ်ကွက်၊ ဦးကျော်စိန် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် (ဖခင်)ဦးကျော်စိန်နှင့် (မိခင်) ဒေါ်ကြည်လေးတို့ကွယ်လွန်သဖြင့်သားသမီးများဖြစ်ကြသော (၁)ဒေါ်မြမြ ၁၄/ မမက(နိုင်)၀၀၃၀၂၆၊ (၂)ဒေါ်သန်းတင် ၁၂/ဥကမ(နိုင်)၀၉၈၉၆၈၊ (၃) ဒေါ်သန်းရင် ၁၂/ဥကမ(နိုင်)၀၉၇၃၂၆၊ (၄) ဦးစောဝင်း ၁၂/ဥကမ(နိုင်)၀၄၉၆၇၉၊ (၅) ဦးမျိုးဝင်း ၁၂/ဥကမ(နိုင်)၀၇၇၆၇၁၊ (၆)ဒေါ်စန်းစန်းသစ်၁၂/ဥကမ(နိုင်)၀၇၇၂၄၇၊ (၇)ဦးမျိုးညွန့် ၁၂/ဥကမ(နိုင်)၀၄၆၆၄၆ တို့က ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၁၂၄၉/က၊ မြေကွက်တည်နေရာအမှတ် ၁၂၄၉/က၊ ထူပါရုံ(၅)လမ်း၊ (၁) ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မြင့်မြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်မြေကွက်အား ဒေါ်မြင့်မြင့်ဆွေမှ အရောင်းအဝယ်စာချုပ်အတွက် သာကေတမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၁၀/၂၀၁၄)ဖြင့် တရားစွဲဆိုခဲ့ပြီး ယင်းရုံး၏ဇာရီမှုအမှတ် (၁၆/၂၀၁၄)အရ တရားရှုံးကိုယ်စား ဘိလစ် ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇မှ ဂရန်မူရင်း တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၀၊ မြေကွက်အမှတ် ၄၈၄၊ မြေကွက်တည်နေရာအမှတ် ၄၈၄၊ (၅၀) ရပ်ကွက်၊ ဒဂုံမြောက် (ဦးသောင်းထွန်း CA-၀၀၇၉၇၀)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းထွန်း ကွယ်လွန်သဖြင့် ဒေါ်ခင်လေး ၁၂/ရကန(နိုင်)၀၄၃၃၆၅က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၆/အရှေ့၊မြေကွက်အမှတ် ၁၁၁၉/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁၁၉/ခ၊ အောင်သုခ ၂၀ လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးချစ်ခိုင်အမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက် ဦးချစ်ခိုင် (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ငွေး ၁၂/ဒပန(နိုင်)၀၃၄၃၀၂ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးဂေါက်ရအောင် ၁၂/သကတ(နိုင်) ၁၄၂၈၂၆ မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် ၄ လမ်း၊ အမှတ် ၅၁၄ နေ ဦးကိုကို-ဒေါ်မြင့်မြင့်သန်းတို့၏သား မောင်သီဟကိုကို ၁၂/သဃက(နိုင်) ၁၇၁၃၀၇သည် မိဘတို့၏ဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကိုကို ၁၂/သဃက(နိုင်)၀၆၆၀၇၆**
**ဒေါ်မြင့်မြင့်သန်း ၁၂/သဃက(နိုင်)၀၆၅၉၇၁**

# မကွေးအသင်းတတိယနေရာတွင် ဆက်လက်ရပ်တည်

သတင်း-ညီမြတ်သော်တာ

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)၏ လက်ကျန်နှစ်ပွဲကို ယနေ့ညနေပိုင်းက ပြန်လည်ကျင်းပသည်။

သုဝဏ္ဏကွင်းတွင် မကွေးအသင်းနှင့် နေပြည်တော်အသင်းတို့ယှဉ်ပြိုင်ကစားရာ မကွေးက နေပြည်တော်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မကွေးအသင်းမှာ မန်ဆာတစ်ဦးတည်းသာ နိုင်ငံခြားသားကစားသမားပါဝင်ခဲ့ပြီး ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့သော်လည်း ခြေစွမ်းပြပြီး နိုင်ပွဲရယူနိုင်ခဲ့သည်။ မကွေးအသင်းမှာ ယခုပွဲနိုင်ပွဲရရှိခဲ့သောကြောင့် အမှတ်ပေးဇယား တတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ထိပ်ဆုံးမှ ရတနာပုံနှင့် သုံးမှတ်သာကွာဟတော့သည်။

## သွင်းယူခဲ့

နေပြည်တော်အသင်းမှာ ယခုပွဲအနိုင်ရရှိလျှင် ထိပ်ဆုံးနေရာကို ရယူနိုင်မည်ဖြစ်သော်လည်း အခွင့်အရေးကောင်းကို လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ခြေစွမ်းပိုင်းမကွာခြား၍ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မကွေးအတွက် အနိုင်ဂိုးကို ၅၃ မိနစ်တွင် မျိုးဇော်ဦးက သွင်းယူခဲ့သည်။

YUSL ကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားရာ ရန်ကုန်ယူနိုက်တက်နှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့ တစ်ဘက်တစ်ဂိုးစီ သရေကစားခဲ့သည်။

ပွဲစဉ်(၁၀)အပြီးတွင် ရတနာပုံက ၂၄ မှတ်ဖြင့် ပထမ၊ နေပြည်တော်က ၂၂ မှတ်ဖြင့် ဒုတိယ၊ မကွေးက ၂၁ မှတ်ဖြင့် တတိယတို့ရရှိနေသည်။



၂၀၁၄-၂၀၁၅ အခြေခံပညာသင်နှစ်၏ နှစ်အစ ပထမနေ့ ဇွန် ၂ ရက်တွင် မန္တလေးမြို့ရှိ အထက (၁၁) အောင်မြေသာစံကျောင်းမှ ကျောင်းသားကျောင်းသူလေးများ တစ်နေ့တာစာသင်အပြီး ပျော်ရွှင်စွာထွက်ခွာလာသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-မင်းထက်အောင်

# ရွှေမြန်မာလေကြောင်းလိုင်း ပြည်တွင်းခရီးစဉ်သစ် စတင်ပျံသန်းပြေးဆွဲ

သတင်း-မင်းခေတ်
ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဇွန် ၂

**ပြည်တွင်းလေကြောင်းလိုင်းသစ်တစ်ခုဖြစ်သည့် ရွှေမြန်မာလေကြောင်းလိုင်းသည် ဇွန် ၃ ရက်မှစ၍ အထက်မြန်မာပြည် မန္တလေးမြို့အခြေစိုက်ခရီးစဉ်သစ်ကို စတင်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း ရွှေမြန်မာလေကြောင်းလိုင်းမှ သိရသည်။**




ရွှေမြန်မာလေကြောင်းလိုင်းမှ ပြည်တွင်းလိုင်းအသစ် ထပ်မံတိုးချဲ့ပျံသန်းမည့် ATR 72 600 လေယာဉ်။

ယခု ပြည်တွင်းခရီးစဉ်သစ်အဖြစ် ပျံသန်းပြေးဆွဲပေးမည့် ATR 72 600 လေယာဉ်သည် ပြီးခဲ့သည့် မေ ၁၅ရက်က ပြင်သစ်နိုင်ငံ Tolous မြို့မှ မြန်မာနိုင်ငံသို့ အသစ်ထပ်မံရောက်ရှိလာသည့် လေယာဉ်သစ်တစ်စင်းဖြစ်ပြီး မန္တလေးမြို့တွင် အခြေစိုက်ထားရှိ၍ညောင်ဦး၊ မြစ်ကြီးနား၊ ဟဲဟိုး၊ ပူတာအို၊ ဗန်းမော်၊ ကျိုင်းတုံ၊ တာချီလိတ်နှင့်လားရှိုးမြို့ ခရီးစဉ်များသို့ နေ့စဉ်ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်သည်။ အဆိုပါ ATR 72 600 လေယာဉ်သည် ပြင်သစ်နိုင်ငံထုတ်ဖြစ်ပြီး ခရီးသည် ၇၂ဦးတင်ဆောင်ပျံသန်း ပြေးဆွဲပေးနိုင်ကြောင်း သိရသည်။

ပြည်တွင်းရွှေမြန်မာလေကြောင်းလိုင်းသည် ပြီးခဲ့သည့် ၂၀၁၃ခုနှစ်က

*စာမျက်နှာ ၅ ကော်လံ ၁* ◆

# ပုတီးကုန်းအထက်တန်းကျောင်း၌ ဝရန်တာအောက်ရက်မ ကျိုးကျခဲ့သဖြင့် ကျောင်းသား ကျောင်းသူ ၁၇ ဦးဒဏ်ရာရ ခါးရိုးဆစ်ကျိုးသွားသည့် ကျောင်းသူတစ်ဦးအပါအဝင် အတွင်းလူနာ ၇ ဦး၊ ပြင်ပလူနာ ၁၀ ဦး ဆေးဝါးကုသမှုခံယူလျက်ရှိ

**ပုတီးကုန်း ဇွန် ၂**

ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဝရန်တာအောက်ရက်မ ကျိုးကျသဖြင့် ကျောင်းသား ကျောင်းသူ ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရှိရသည်။

နံနက် ၈ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါကျောင်းရှိ ၁၉၅၈ ခုနှစ်က ဆောက်လုပ်ခဲ့သော အလျားပေ ၂၈၀၊ အနံ ၂၉ ပေရှိ E Shape ပုံစံ အုတ်ညှပ်နှစ်ထပ်ဆောင်၏ အဌမတန်း(ဒီ) အခန်းရှေ့ စင်္ကြံလျှောက်လမ်း ဝရန်တာအောက်ရက်မ ကျိုးကျခဲ့ကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် အဌမတန်း ကျောင်းသား ကျောင်းသူ ၁၇ ဦး ဒဏ်ရာရရှိခဲ့ပြီး မသဲပုံချစ် (၁၃ နှစ်)မှာ ခါးရိုးဆစ်သုံးဆစ်ကျိုးသွားသဖြင့် ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံ ကြီး၌ တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း၊ ကျောင်းသားကျောင်းသူ ခြောက်ဦးအား ပုတီးကုန်းပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ်လည်းကောင်း၊ ကျန် ၁၀ ဦးအား ပြင်ပလူနာအဖြစ်လည်းကောင်း ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။

မသဲပုံချစ်အပါအဝင် ဒဏ်ရာရ ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ

*စာမျက်နှာ ၅ ကော်လံ ၁* ■

## ယနေ့ မာတိကာ


ထိုင်းစီးပွားရေးအကျပ်အတည်း ပြေရှင်းနိုင်ရန် အစီအမံများ ဆက်တိုက်ချမှတ်ဆောင်ရွက်သွားမည် စာ » ၄

ကျောင်းသုံးစာအုပ်များ တင်ဆောင်လာသည့်ကား တိမ်းမှောက်မှုဖြစ်ပွား စာ » ၅

တည်ဆဲဥပဒေများအနက်မှ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲရန် ဆောင်ရွက်သင့်သည့် ဥပဒေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ စာ » ၉

ရှာရာပိုဗာ ကွာတားဖိုင်နယ် တက်ပြီ စာ » ၁၄

ရန်ကုန်၌ ယာဉ်ကြောကျပ် နေရာများအား ယာဉ်ထိန်း ၅၀၀ ဖြင့် ပုံသေရှင်းလင်းသွားမည် စာ » ၁၉


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNEWS
မြန်မာ့အလင်း



